EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၁၄ မတ် ၂၈ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၂၄) “ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ” ( ဇူလိုင် ၁၃ ၊ ၂၀၁၈ )

လာမည့်အပတ်မှစ၍
အပတ်စဉ်
တနင်္လာနေ့တိုင်း
ပြောင်းလဲ ထုတ်ဝေ
သွားပါမည်။

## ကချင်လူမျိုးများအတွက် ဗိုလ်ချုပ်ဂွန်မော်ပါးလိုက်သည့် သတင်းစကား



စာ - ၅သို့ »

ဓာတ်ပုံ- ဟိန်းထက် (epa)



## ရွှေလက်နဲ့ မခေါ်ရဘဲ မြစ်ကြီးနားတရားရုံးကို ရောက်လာတဲ့ ‘ဘူးလက်’

စာ - ၁၈ သို့ »

## တိုက်ပွဲတွေကြားက မြစ်ကြီးနား ဘက်စုံစီးပွားရေးဇုန် စီမံကိန်းကြီး အောင်မြင်နိုင်မလား

စာ - ၂သို့ »



အင်တာဗျူး

## တားမြစ်နေတဲ့ကြားက တစ်နေ့တခြား ပိုများလာတဲ့ တစ်သျှူးငှက်ပျောခြံများ

စာ - ၁၀ သို့ »

## ရာထူးမှထုတ်ပယ်ခံရသည့် လုံးခင်းအထက်တန်းကျောင်းအုပ် ဆရာမကြီး ကိုယ်စား ကျောင်းကော်မတီဝင်တို့ အသနားခံစာတင်

စာ - ၁၁ သို့ »

# တိုက်ပွဲတွေကြားက မြစ်ကြီးနား ဘက်စုံစီးပွားရေးဇုန် စီမံကိန်းကြီး အောင်မြင်နိုင်မလား

စည်သူ (မြစ်ကြီးနား)



လက်ရှိအချိန်ထိ တိုက်ပွဲတွေဖြစ်ပွားနေတဲ့ ကချင်ပြည်နယ်မှာ အစိုးရအဖွဲ့က စီးပွားရေးနောက်မကျစေဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြစ်ကြီးနား စီးပွားဖွံ့ဖြိုးတိုးတက်မှုဇုန်ကို တရုတ်နဲ့ပူးပေါင်းတည်ဆောက်ဖို့ ပြီးခဲ့တဲ့မေလမှာ ပထမဦးဆုံးအနေနဲ့ သဘောတူညီမှု ရရှိထားပြီဖြစ်ပါတယ်။

အထက်ပါ စီးပွားရေးဇုန်ကြီးကို အကောင်အထည်ဖော်နိုင်ဖို့ သဘောတူညီမှုစာချုပ် (MoA)ကို စက်တင်ဘာလကုန်ပိုင်းမှာ ထိုးနိုင်ဖို့စီစဉ်ထားတယ်လို့သိရပြီး စာချုပ်လက်မှတ်ထိုးပြီးရင် လာမယ့် ၂၀၁၉ ခုနှစ်မှာ အခြားစက်မှုဇုန်တွေနဲ့ မတူညီတဲ့ New Version နဲ့ စတင်အကောင်အထည်ဖော်နိုင်ဖို့ခန့်မှန်းထားတယ်လို့ပြည်နယ်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးထွန်းညွန့်က ပြောပါတယ်။

“စက်တင်ဘာလ အကုန်လောက်တော့ MOA/JV လက်မှတ်ထိုးဖို့ ခန့်မှန်းထားပါတယ်။ အဲဒီလက်မှတ် ထိုးပြီးမှပဲ အသေးစိတ်အစီအစဉ်တွေကို ပြောလို့ရမှာ။ ပျက်ရင်လည်းပျက်သွားနိုင်တယ်လေ” လို့လည်းဦးထွန်းညွန့်က ရှင်းပြပါတယ်။

အကယ်၍ စီးပွားရေးဇုန်ကြီး တည်ဆောက်ဖြစ်မယ်ဆိုရင် ဇုန်ရဲ့ ၉၀ ရာခိုင်နှုန်းက ကုန်ပစ္စည်းတွေထုတ်လုပ်တဲ့ အပိုင်းကို ဆောင်ရွက်မှာဖြစ်တယ်လို့ သိရပါတယ်။ အကောင်ထည်ဖော်နိုင်ဖို့ သဘောတူညီချက်ရရှိခဲ့မယ်ဆိုရင် မြေဧက ၄၇၀၀ ကျော်မှာ အခြေခံစီးပွားရေးအဆောက်အဦတွေပါဝင်တဲ့ စက်ရုံပေါင်း ၅၀၀ ကျော်နဲ့ အိမ်ခြေ ၅၀၀၀ လောက် နေထိုင်နိုင်မယ့် မြို့ငယ်တစ်ခု ဖြစ်လာမှာပါ။

“လူနေရပ်ကွက်တွေလည်း ပါမယ်။ အခုကတော့ ပြင်ဆင်ဆဲကာလဖြစ်ပါတယ်။ တရုတ်နိုင်ငံက စီးပွားရေးအင်အားကြီးတဲ့နိုင်ငံဆိုတော့ လောလောဆယ်မှာ သူတို့ကိုပဲ အားကိုးရတယ်”ဟုလည်း ဦးထွန်းညွန့်က ဆက်လက်ရှင်းပြပါတယ်။

စီမံကိန်းတွင် တရုတ်ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်သွားမှာ ဖြစ်တဲ့အပြင် မြန်မာနိုင်ငံမှာ အောင်မြင်မှုရရှိနေတယ်လို့ယူဆရတဲ့ သီလဝါစက်မှုဇုန်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စက်မှုလက်မှုလုပ်ငန်းရှင်အသင်း၊ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းစသည်တို့နှင့်လည်းလက်တွဲလုပ်ဆောင်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

“ကျွန်တော်တို့ MOU နဲ့ JV ချုပ်ဆိုနိုင်ရေးကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီနဲ့ မကြာခင်မှာအစိုးရအဖွဲ့ရုံး အခန်းတစ်ခန်း ညှိနှိုင်းရေးကော်မတီရုံးဖွင့်ပြီးတော့မှ အဲဒီမှာပဲ MoU နဲ့ JV ချုပ်ဆိုဆောင်ရွက်ဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်”လို့လည်း ဘဏ္ဍာအခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက ရှေ့ဆက်လုပ်ဆောင်မယ့် အခြေအနေကိုပြောပါတယ်။

ကချင်ပြည်နယ်ရဲ့ ဘက်စုံစီးပွားရေးဇုန်ကြီး အောင်မြင်သွားရင် ဒေသခံတောင်သူ ၇၀ ရာခိုင်နှုန်းလောက် အကျိုးခံစားရမှာဖြစ်ပြီး ဒေသခံတွေလည်း အလုပ်အကိုင် အခွင့်အလမ်းတွေရရှိလာမှာ ဖြစ်တယ်လို့ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က သတင်းမီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာပြောကြားထားပါတယ်။

ဒါပေမယ့် နယ်မြေမတည်ငြိမ်မှုက စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်နေစေတာကြောင့် လာရောက် ရင်းနှီးမြှုပ်နှံမယ့် နိုင်ငံတကာကုမ္ပဏီတွေက ဒီအချက်ကိုကြည့်ပြီး လာရောက်ဖို့ တွန့်ဆုတ်နေကြတယ်လို့ လက်ရှိအခြေအနေကို ဝန်ကြီးချုပ်က ပြောပြခဲ့ပါတယ်။

“ပြီးခဲ့တဲ့ နှစ်နှစ်ကျော်ကာလက ကျွန်တော်တို့ ပြည်နယ်အစိုးရဆီကို ထိုင်းကလည်း လာတယ်။ ကိုရီးယားကလည်း လာတယ်။ ဂျပန်လည်းလာတယ်။ တရုတ်စသဖြင့် အားလုံးက ရင်းနှီးမြှုပ်နှံမလိုလိုနဲ့ ဘယ်သူမှ မလာပါဘူး”လို့ ဝန်ကြီးချုပ်ကပြောဆိုခဲ့တာ ဖြစ်ပါတယ်။

ပြည်နယ်နဲ့တိုင်း တော်တော်များများက စီးပွားရေးဇုန်တွေကို လေ့လာကြည့်တဲ့အခါမှာ အောင်မြင်တယ်ဆိုတာ အတော်လေးကိုရှားပါတယ်။ စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်နဲ့ အနီးတစ်ဝိုက်က ပဲခူးတို့လို နေရာမျိုးမှာသာ အောင်မြင်မှု ရရှိကြတာကိုလည်း တွေ့ရပါတယ်။ ငြိမ်းချမ်းရေးတစ်စိတ်တစ်ပိုင်း ရရှိထားတဲ့ ကရင်ပြည်နယ်မှာတော့ စက်မှုဇုန်တည်ဆောက်ထားတာ ၆ နှစ်သက်တမ်းရှိနေပါပြီ။ ဘားအံစီးပွားရေးဇုန်တည်ဆောက်ရာမှာ တည်ဆောက်တဲ့ကုမ္ပဏီကို အစိုးရကအကြွေးလေးဘီလီယံကျော်ပေးစရာရှိနေတယ်လို့ ကရင်ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးလှိုင်က ပြောပါတယ်။ ဘားအံစက်မှုဇုန်ကို ကြည့်ခြင်းအားဖြင့် ကချင်ပြည်နယ်ရဲ့ ဘက်စုံစီးပွားရေးဇုန်ကြီး အောင်မြင်ဖို့အတွက် စိန်ခေါ်မှုတွေ အများကြီး ရှိနေတာတွေ့ရပါတယ်။ ဧက ၁၀၀၀ သာရှိတဲ့ကရင်ပြည်နယ် ဘားအံစက်မှုဇုန်မှာလက်တွေ့အကောင်အထည်ဖော်တည်ဆောက်တဲ့စက်ရုံက ၁၆ ရုံသာရှိပြီး မြေနေရာရရှိရေးအတွက် လက်ဦးမှုရယူပိုင်ဆိုင်ထားတဲ့သူတွေသာ များနေတယ်လို့ ဆိုပါတယ်။

ကချင်ပြည်နယ်မှာတော့ တခြားဒေသတွေနဲ့မတူတဲ့ နည်းစနစ်တွေနဲ့ လုပ်ဆောင်သွားမှာဖြစ်လို့ မအောင်မြင်မှာကို ပူစရာမလိုဘူးလို့ ဆိုပါတယ်။

မြစ်ကြီးနားမြို့က စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်တဲ့ ဦးအားဖူကတော့ ဒီဇုန်ကြီးအတွက် အဓိကအခြေခံလိုအပ်ချက်ကတော့ လျှပ်စစ်မီး အလုံအလောက်ရရှိရေးလို့ ဆိုပါတယ်။

ပြည်နယ်တစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးဇုန်တွေ မရှိမဖြစ်လိုအပ်သလို အောင်မြင်အောင်လည်း အစိုးရကလိုအပ်တဲ့ အပိုင်းတွေကို ပံ့ပိုးကူညီရမှာဖြစ်တယ်လို့ ဦးအားဖူက ဆိုပါတယ်။

“အဓိကစိန်ခေါ်မှုကတော့ လျှပ်စစ်ပါပဲ။ အဲဒါအဓိကပဲ။ လျှပ်စစ်မီး လုံလုံလောက်လောက်ရမယ်။ နယ်မြေအေးချမ်းမယ်ဆိုရင်တော့ အောင်မြင်နိုင်မှာပါ။ နယ်မြေအေးချမ်းမှပဲ ရင်းနှီးမြှုပ်နှံမယ်။ မအေးချမ်းဘူးဆိုရင်တော့ ရင်းနှီးမြှုပ်နှံဖို့ စိတ်မဝင်စားပါဘူး။ နယ်မြေမအေးချမ်းရင် ဘယ်လောက်ကောင်းတဲ့ ဇုန်ကြီးပဲထောင်ထောင် အောင်မြင်ဖို့က မသေချာပါဘူး”ဟုလည်း ဦးအားဖူက ဆက်လက်ပြောပြပါတယ်။

လျှပ်စစ်မီး ပြဿနာက ကရင်ပြည်နယ်မှာလည်း ရင်ဆိုင်နေရတဲ့ အခက်အခဲတစ်ခုပါ။ လျှပ်စစ်မီးလိုအပ်ချက် မြင့်မားနေခြင်းက စီးပွားရေးကို အဟန့်အတား ဖြစ်စေပါလိမ့်မယ်။ IEA ကထုတ်ပြန်တဲ့ အရှေ့တောင်အာရှစွမ်းအင်အမြင် (South East Asia Energy Outlook2017)ရဲ့အဆိုအရမြန်မာနိုင်ငံက လုပ်ငန်း ၉၀ ရာခိုင်နှုန်းကျော်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်တာကိုခံစားကြရပြီး ဗီယက်နမ်နှင့် အင်ဒိုနီးရှားတွေမှာတော့ လုပ်ငန်းတွေရဲ့ ၃၀ ရာခိုင်နှုန်းသာ အဲ့ဒီလိုတွေ့ကြုံရတယ်လို့ သိရပါတယ်။

မြစ်ကြီးနားမြို့က တစ်နိုင်ငံလုံးမှာ မီတာကြေးအများဆုံး ပေးဆောင်ရတဲ့ အထဲမှာပါဝင်နေပါတယ်။ တစ်ယူနစ်ကို အိမ်သုံး ၁၁၀ ကျပ်နဲ့ လုပ်ငန်းသုံးအ

မျိုးဆက်သစ် (AirCon Express) NEW GENERATION EXPRESS
အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး
မြစ်ကြီးနား ⇄ မိုးကောင်း ⇄ ဟိုပင် ⇄ မိုးညှင်း ⇄ ရန်ကုန်
မြစ်ကြီးနားမှ နံနက် ၁၀:၀၀ | ရန်ကုန်မှ နံနက် ၁၀:၀၀
မြစ်ကြီးနားမှ ညနေ ၃:၀၀ | ရန်ကုန်မှ ညနေ ၄:၀၀
နေ့စဉ်ပုံမှန် ၂ ကြိမ် ပြေးဆွဲပေးနေပါသည်
မြစ်ကြီးနားမြို့တွင်း ခရီးသည်တိုက်ရိုက်နှင့် တန်ဆာပစ္စည်းအရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်
ဆက်သွယ်ရန် - ရွှေလမ်းမကြီး၊ လမ်းသွယ် (၁၀)၊ မြစ်ဖျားဈေး အဝေးပြေးယာဉ်ရပ်နားစခန်း၊ အခန်းနံပါတ် (၁၅) မြစ်ကြီးနားမြို့။
မြစ်ကြီးနား 09-440064211,09-440064288,09-456469223
မိုးကောင်း 09-264145613,09-42465070,09-454097368
ဟိုပင် 09-766577944,09-258029160, 09-796517743
မိုးညှင်း 09-400053210, 09-790215384
ရန်ကုန် (အောင်မင်္ဂလာ) 09-450549991,09-450549992, 09-450549993, 09-459261688
ရန်ကုန် (စမ်းချောင်း) 01-510921, 09-421087976, 09799654210
ရန်ကုန် (အောင်ဆန်းကွင်း) 09-453196492, 09-453196493
လက်မှတ်အရောင်းဆိုင်နှင့် တန်ဆာပစ္စည်း လက်ခံဌာန
အမှတ် (၈၇)၊ မင်းရပ်ရပ်ကွက်၊ ဘူတာကြီးရှေ့၊ မြစ်ကြီးနား
Ph: 09-404895206, 09-404895207
VIP 2+1 အထူးကားကြီးများဖြင့်သာ ပြေးဆွဲပေးလျက်ရှိပါသည်။

တွက် ကျပ် ၃၀၀ နီးပါးလောက် ပေးဆောင်ရပါတယ်။

ကရင်ပြည်နယ်ဟာဆိုရင် ကချင်ပြည်နယ်ထက် နယ်မြေအေးချမ်းတဲ့ ဒေသတစ်ခုပါ။ ဒီလို နယ်မြေအေးချမ်းတဲ့ ဒေသမှာတောင် စီးပွားရေးဇုန်ကြီးတွေကို အကောင်အထည်ဖော်ရာမှာ အောင်မြင်မှုမရှိကြသေးပါဘူး။ ဧက ၁၀၀၀ လောက်ရှိတဲ့ မြေနေရာရဲ့ ၉၅ ရာခိုင်နှုန်းလောက်က အကောင်အထည် မဖော်ရသေးဘူးဆိုတာ အစိုးရရဲ့ တရားဝင်ထုတ်ပြန်ချက်တွေမှာ ဖော်ပြပါရှိပါတယ်။

"အမှန်ကတော့ ဘားအံ စက်မှုဇုန်လမ်းတွေလည်း လုပ်ထားပြီးပြီ။ မီးအတွက်လည်း မီးအားမြှင့်စက်ကြီး ထိုင်ပြီးပြီ။ ရေအတွက်လည်း လုပ်ထားပြီးပြီ။ မြေကွက်တွေလည်း လုပ်ထားပြီးပြီ။ ဒါပေမယ့် စက်မှုဇုန်ဖွံ့ဖြိုးဖို့ နောက်ကျနေတဲ့အကြောင်းရင်းက စက်ရုံမထောင်ဘဲ မြေတွေလက်ဦးထားတယ်"လို့ ဝန်ကြီးဦးစိုးလှိုင်က လက်ရှိစက်မှုဇုန်လည်ပတ်နေတဲ့ အခြေအနေကို ပြောပါတယ်။

မြစ်ကြီးနားမြို့ရဲ့ အနောက်ဘက် နန်ကျင်ကျေးရွာဘက်မှာတည်ဆောက်မယ့် ဘက်စုံစီးပွားရေးဇုန်ကြီးက မြေဧက ၄၇၀၀ လောက် အကျယ်အဝန်းပေါ်မှာ တည်ဆောက်မှာပါ။ စီးပွားရေးဇုန်တည်ဆောက်မယ့် နန်ကျင်ကျေးရွာဘက်တွေမှာလည်း မြန်မာ့တပ်မတော်နဲ့ ကေအိုင်အေတို့ တိုက်ပွဲတွေဖြစ်ပွားခဲ့ဖူးပါတယ်။ ဒါက အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုဖြစ်နေပေမယ့် အဲဒီဒေသမှာ တိုက်ပွဲဖြစ်ပွားတဲ့ အကြိမ်ရေက နည်းပါးပါတယ်။

ဒါ့အပြင် နောက်ထပ်စိန်ခေါ်မှုတစ်ခုကလည်း ရှိနေပြန်ပါသေးတယ်။ ဒါကတော့ မြေယာပြဿနာပါ။ မြစ်ကြီးနားဘက်စုံစီးပွားရေးဇုန်က အစိုးရရဲ့ လျာထားချက်အရဆိုရင် ဘားအံစက်မှုဇုန်ထက် ၅ ဆလောက်ပိုပြီးတော့ ကြီးမားမှာဆိုတော့ မြေနေရာတွေက များများစားစားလိုအပ်မှာပါ။ ကချင်ပြည်နယ်ဟာ မြေယာပြဿနာတွေ အများဆုံးဖြစ်ပွားခဲ့တဲ့ ပြည်နယ်တစ်ခုဖြစ်နေတော့ ဒေသခံတောင်သူတွေနဲ့ ပြေလည်ဖို့လည်းလိုအပ်မှာပါ။

ပြည်နယ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးပေါ်ဦးကတော့ စီမံကိန်းအတွက်လိုအပ်တဲ့ မြေတွေကိုအများဆုံး မြေလွတ်မြေရိုင်းနေရာမှာ သတ်မှတ်လုပ်ဆောင်သွားမှာဖြစ်ပြီးတော့ အမှန်တကယ်မလွတ်ကင်းတဲ့ မြေများကို ထိုက်သင့်တဲ့နစ်နာကြေးပေးပြီး လုပ်ဆောင်သွားမယ်လို့ ပြောပါတယ်။

"အတတ်နိုင်ဆုံးကတော့ လွတ်တဲ့မြေပေါ်မှာလုပ်သွားမှာပါ။ အားလုံးကို တိုင်းဖို့ကိုလည်း သက်ဆိုင်ရာဌာနတွေကို ပြောထားပြီးပါပြီ။ တကယ်မလွတ်တဲ့ မြေတွေကိုတော့ လျော်ကြေးပေးသွားမှာပါ" လို့ ဦးပေါ်ဦးက ရှင်းပြပါတယ်။

အခုဆိုရင်တော့ ဘက်စုံစီးပွားရေးဇုန်ကြီးကို ၁၅ နှစ်စီမံကိန်းနဲ့တည်ဆောက်ဖို့ ပဏာမသဘောတူညီချက်တွေ ရရှိခဲ့ပါပြီ။ မအောင်မြင်တဲ့ ဇုန်တွေ အများကြီးရှိပေမယ့် ကချင်ပြည်နယ်အစိုးရကတော့ ပြည်သူတွေကို မျက်နှာမူ၊ ပေါက်ဖော်နဂါးကြီးကို ဗဟိုပြုလို့ ဘက်စုံစီးပွားရေးဇုန်ကြီးကို ဗားရှင်းအသစ်နဲ့ အကောင်အထည်နေမှုတွေဟာ ဒီတိုက်ပွဲတွေနဲ့ ဘယ်လိုရှေ့ဆက်သွားမယ်ဆိုတာ စောင့်ကြည့်ကြရုံသာ ရှိပါတော့တယ်။




# ချေဖျက်ခွင့်တင်ထားသည့် ဦးဆောင်ဆန္ဒပြသူ သုံးဦးအမှုကို ပြည်နယ်တရားလွှတ်တော်က ပ လပ်

ဇူလိုင် ၉

ပိတ်မိပြည်သူများ လွတ်မြောက်ရေးအတွက် ဦးဆောင်ဆန္ဒပြခဲ့သူသုံးဦး၏ အမှုကို ချေဖျက်ပေးရန် လျှောက်လဲချက်ကို ပြည်နယ်တရားလွှတ်တော်သို့ တင်ပြခဲ့ရာ ပြည်နယ်တရားလွှတ်တော်က မြို့နယ်တရားရုံးသို့ ပြန်လည်လွှဲပြောင်းခဲ့ကြောင်း သိရသည်။

ထိုသုံးဦး၏အမှုကို ချေဖျက်ပေးရန်အတွက် ဇူလိုင်လ ၃ ရက်က ပြည်နယ်တရားလွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်ကာ ဇူလိုင်လ ၉ ရက်က မြို့နယ်တရားရုံးသို့ ပြန်ချပေးခဲ့ကြောင်း တရားစွဲဆိုခံရသူ သုံးဦးအနက်မှ ဦးဇော်ဂျတ်က ပြောသည်။

"ဒီနေ့ တင်တဲ့ဟာကို ပြည်နယ်တရားလွှတ်တော်က ပလပ်ပေးလိုက်တာပေါ့။ မြို့နယ်တရားရုံးကို ပြန်လွှဲချလိုက်တယ်။ မြို့နယ်တရားရုံးမှာပဲ ပြန်စစ်ဖို့ပေါ့။ ပြည်နယ်တရားလွှတ်တော်မှာ ဒီနေ့ဖတ်ကြားတဲ့အလျောက် ဆိုရင်တော့ ကျွန်တော်တို့ပြောဆိုတဲ့ စကားလုံးအနေအထားတွေက တပ်မတော်ကို ဂုဏ်သရေကျဆင်းစေတဲ့ အဓိပ္ပါယ်သက်ရောက်သလို အနေအထားတွေပါလာတယ်၊ မဟုတ်မမှန်ပေါ့။ ကျွန်တော်တို့ ပြောတဲ့ထဲမှာ မဟုတ်မမှန်တဲ့ ထင်မှားစေတဲ့ စကားလုံးမပါပါဘူး။ တကယ့်အောက်ခြေမှာ ဖြစ်ပျက်နေတာကိုပဲ ပြောဆိုခြင်းဖြစ်ပါတယ်"ဟု ဦးဇော်ဂျတ်က ပြောသည်။


ဒုဗိုလ်မှူးကြီး မျိုးမင်းဦး


ကို လွမ်းဇော်


ဦး ဇော်ဂျတ်


ဒေါ် နန်ပူ

၎င်းတို့အနေဖြင့် တပ်မတော်အပေါ် အသရေပျက်စေသည့်စကားများ ပြောဆိုခြင်းမရှိသည့်အတွက် အမှန်အတိုင်းဖြစ်အောင် ဥပဒေဘောင်အတွင်းမှ ရင်ဆိုင်ဖြေရှင်းသွားမည်ဟု ၎င်းကထပ်မံပြောဆိုသည်။

အသရေဖျက်မှုဖြင့် တရားစွဲဆိုခံထားရသည့် ဆန္ဒပြဦးဆောင်သူသုံးဦး အမှုတွဲကို ချေဖျက်ရန် လျှောက်ထားမှုကို အစပိုင်းတွင် ပြည်နယ်တရားလွှတ်တော်က လက်ခံခဲ့သော်လည်း ယခုအချိန်တွင် မြို့နယ်တရားရုံးသို့ လွှဲပြောင်းခဲ့ခြင်းဖြစ်ကြောင်း တရားလွှတ်တော်ရှေ့နေဒေါ်ဒွဲဘူကပြောသည်။

"ပထမတော့ လက်ခံထားတယ်၊ ပယ်တယ်ဆိုတော့ အောက်ကိုပြန်ရောက်လာတော့ အောက်မှာ ပြန်စစ်ရမှာပေါ့။ မူလစစ်ဆေးတဲ့နေရာက နေ"ဟု ဒေါ်ဒွဲဘူကပြောသည်။

၎င်းတို့ ၃ ဦးအမှုကို မေလ ၄ ရက်နေ့ စတုတ္ထအကြိမ်မြောက် ရုံးချိန်းတွင် သက်သေနှစ်ဦးကို စစ်ဆေးရန် ချိန်းဆိုခဲ့သော်လည်း ပြည်နယ်တရားလွှတ်တော်မှ အမှုတွဲချေဖျက်ရန် လျှောက်ထားမှုလက်ခံသည့်အတွက် ပြန်လည်ချိန်းဆိုခဲ့ကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက ပြောသည်။

ဆန္ဒပြ ဦးဆောင်သူများဖြစ်သည့် ဦးဇော်ဂျတ်၊ ဦးလွမ်းဇော်နှင့်ဒေါ်နန်ပူတို့ သုံးဦးကို မြို့နယ်တရားရုံးမှ ဇူလိုင်လ ၁၆ ရက်တွင် ထပ်မံချိန်းဆိုထားသည်ဟုလည်း သိရသည်။

၎င်းတို့က ပိတ်မိပြည်သူများနှင့်ပက်သက်၍ မေလ ၁ ရက်နေ့က မနောင်ကွင်းတွင် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာ ထိုသတင်းစာရှင်းလင်းပွဲတွင် ပြောဆိုချက်များသည် တပ်မတော်ကို အသရေပျက်ပြားစေခဲ့သည်ဟု ဆိုကာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးမင်းဦးက အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

Salai

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်၊ ဇော်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဇော်နိုင်ဦး

**သတင်းထောက်**
Salai၊ စည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ခေါင်ဒေါင်နုတ်

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်နူးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး၊ ဂျာစင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုန်

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၁၆၄)၊ အင်ဂျန်ဒုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၁၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# ကျန်ရှိနေသေးသည့် မိုးကာလအတွက် ဖားကန့်ဒေသခံများ စိုးရိမ်နေ





ဓာတ်ပုံ – Hka Hku Image(ဖားကန့်)

မြစ်ကြီးနား၊ ဇူလိုင် ၉

ယခုနှစ် မိုးဦးကာလတွင် မိုးဆက်တိုက် ရွာသွန်းမှုကြောင့် ဥရုချောင်းရေလျှံကာ ဖားကန့်မြို့ပေါ် ရပ်ကွက် ငါးခုအတွင်း ရေဝင်ရောက်ခဲ့သဖြင့် ကျန်ရှိနေသေးသည့် မိုးတွင်းကာလအတွက် ဒေသခံများစိုးရိမ်နေကြရသည်ဟု ဖားကန့်မြို့နယ်၊ မမုံကျေးရွာမှ ဦးထွေးမောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ဖားကန့်ဒေသတွင်ယခုနှစ် ဇွန်လကုန်ပိုင်းမှဇူလိုင်လဆန်းပိုင်းအတွင်း ရွာသွန်းခဲ့သည့်မိုးကြောင့် ဥရုချောင်းရေလျှံကာ မြို့ပေါ် ရပ်ကွက်များအတွင်း လေးကြိမ်ခန့် ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

“အခုဖားကန့်အခြေအနေကတော့ တက်တာလည်း မြန်သလို ကျတာလည်းမြန်ပါတယ်။ ဒါပေမယ့်လည်း ဒီနှစ်က မိုးများမယ့်အခြေအနေဆို မိုးတွင်းတစ်တွင်းလုံးက ရေကြီးတာတွေဖြစ်ပြီး ဒေသခံတွေ ဒုက္ခရောက်မှာ စိုးရိမ်ရတယ်”ဟု ဦးထွေးမောင်က ပြောသည်။

တောင်ကျရေများကြောင့် မိုးရွာသွန်းသည့် အကြိမ်ရေများလျှင် ရေကြီးရေလျှံမှု အမြန်ဖြစ်ပေါ်နိုင်ပြီး တောင်ခြေများရှိ ကျေးရွာ၊ ရပ်ကွက်မှ နေအိမ်များ သတိပြုရန်လိုအပ်သည်ဟုလည်းပြည်နယ်မိုးလေဝသနှင့်ဇလဗေဒ ဦးစီးအရာရှိ ဦးနိုင်လင်းထွေးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

“ဖားကန့်ကျတော့ မြေပြိုတာက တောင်ကျရေပေ့ါနော်။ တောင်ကြားမှာရှိတဲ့ အခါကျတော့ တောင်ကျမိုးရေကြောင့် မို့လို့ ဖြစ်တာပေ့ါ။ ရုတ်တရက် မိုးတအားရွာလိုက် လို့ရှိရင် တောင်ကျချောင်းကနေတစ်ဆင့် ချောင်းတွေမြောင်းတွေကို စီးသွားပြီးတော့ မြေနိမ့်ပိုင်းတွေကို ရောက်သွားတာပါ”ဟု ဦးနိုင်လင်းထွေးက ဖားကန့်ဒေသ ရေလွှမ်းမိုးရခြင်း၏ အကြောင်းအချက်ကို ပြောသည်။

စူပါတိုင်ဖွန်းမုန်တိုင်းသည် တောင်တရုတ်ပင်လယ်မှ အနောက်မြောက်ပိုင်းဘက်သို့ ဦးတည်ပြီး ထိုင်ဝမ်၊ ဂျပန်နှင့် တရုတ်နိုင်ငံများသို့ ဝင်ရောက်လာနိုင်သဖြင့် တရုတ်နှင့် နီးစပ်သည့် ကချင်ပြည်နယ်တွင်လည်း ယခုအပတ်နှင့်လာမည့်အပတ်အတွင်း မိုးရွာသွန်းမှုများကာ နေရာကွက်ကြားမိုးကြီးနိုင်သည်ဟုလည်း ပြည်နယ်မိုးလေဝသ၏ ခန့်မှန်းချက်များအရ သိရသည်။

“ဒေသအလိုက် ကွက်ပြီး မိုးကြီးနိုင်တဲ့ အခြေအနေမှာ ကျွန်တော်တို့ ကချင်ပြည်နယ်လည်း ပါနေတယ်။ ဒီတစ်ပတ်အတွင်းမှာလည်း မိုးက များနိုင်တဲ့ အနေထားမှာရှိတယ်။ အချိန်တိုအတွင်း တအားရွာတဲ့ မိုးရယ်။ မိုးများတာကျတော့ တစ်ရက်လုံး တစိမ့်စိမ့်ရွာနေတဲ့မိုးပေ့ါ”ဟုလည်း ဦးနိုင်လင်းထွေးက ပြောဆိုသည်။

မိုးလေဝသနှင့် ဇလဗေဒ ပညာရှင် ဒေါက်တာထွန်းလွင်က တိုင်ဖွန်းမာရီယာမုန်တိုင်းသည် ဇူလိုင် ၁၁ ရက် နံနက် ၆ နာရီခွဲ အချိန်ခန့်တွင် တရုတ်နိုင်ငံအရှေ့ဖက်ကမ်းခြေကို ထိုင်ဝမ်းကျွန်းအနီးမှ ဖြတ်ကျော်ဝင်ရောက်သွားနိုင်ပြီး ကမ်းခြေဖြတ်ကျော်စဉ် ဗဟိုချက်အနီးအများဆုံးလေတိုက်နှုန်းမှာ 110 mph ခန့်တိုက်ခတ်နိုင်ပြီး တစ်ခါတရံ လေပြင်းတိုက်ခတ်မှုအနေဖြင့် 135 mph အထိ ပြင်းထန်နိုင်ကြောင်းခန့်မှန်းတွက်ချက်ထားသည်။

ဖားကန့်ဒေသတွင် ဇွန်လ ၂၁ ရက်နေ့မှ စတင်ကာ မိုးသည်းထန်စွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ မြေပြိုမှုများကြောင့် လူ ၁၀ ဦး ထက်မနည်း သေဆုံးခဲ့ပြီး အိမ်ခြေ ထောင်နှင့်ချီကာ ရေဘေးသင့်ခဲ့ရကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ရေလွှမ်းမိုးမှုကြောင့် ဖားကန့်တွင် ကျောင်းခုနှစ်ကျောင်း ယာယီပိတ်ခဲ့ရ

မြစ်ကြီးနား၊ ဇူလိုင် ၉

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများကြောင့် ဇူလိုင်လ ပထမပတ်အတွင်း ဖားကန့်မြို့နယ်မှ ကျောင်းခုနှစ်ကျောင်းကို ယာယီပိတ်ထားခဲ့ရသည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းဝင်းအတွင်း ရေဝင်ရောက်လာ၍ စာသင်ကြားရန်နေရာ အခက်အခဲများနှင့် ကျောင်းသူကျောင်းသားများ ရေဘေးအန္တရာယ်တို့ကြောင့် ယာယီပိတ်ခဲ့ခြင်း ဖြစ်သည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက ပြောသည်။

“လိုအပ်လာရင်တော့ ပိတ်ဖို့ အားလုံးကိုပြောပြီးသားပါ။ ပိတ်လိုက်တဲ့ရက်တွေအတွက် အစားထိုး စာပြန်သင်ပေးဖို့ လည်းလုပ်ထားပြီးပါပြီ”ဟု ဦးမင်းဦးက ပြောသည်။

ထိုကျောင်းများမှာ အထက(လုံးခင်း)၊ အလက(မရှီကထောင်)၊ အလက(နမ္မဖြစ်)၊ အလက(ခိုမ)၊ အမက-လွန်(အေးမြသာယာ)၊ အမက(နမ့်နာလိုင်း)နှင့် အမက(နမ့်စပိန်း) ကျောင်းတို့ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ စာရင်းဇယားများအရ သိရသည်။

အဆိုပါကျောင်း (၇) ကျောင်းတွင် အထက်တန်းကျောင်းသား ၅၃၄ ဦး၊ အလယ်တန်းကျောင်းသား ၁၈၀၉ ဦး နှင့် မူလတန်းအဆင့်ကျောင်းသား ၂၄၅၆ ဦး၊ စုစုပေါင်း ကျောင်းသူ ကျောင်းသား ၄၇၉၉ ဦး ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

ဆိုင်း(ကချင်မြေ)






# ကချင်လူမျိုးများအတွက် ဗိုလ်ချုပ်ဂွန်မော်ပါးလိုက်သည့် သတင်းစကား



နေပြည်တော်၊ ဇူလိုင် ၁၀

ကချင်လူမျိုးများအတွက် ကျရာနေရာမှ မှန်မှန်ကန်ကန် လုပ်ဆောင်သွားမည်ဟု တတိယအကြိမ် ၂၁ ရာစုပင်လုံအစည်းအဝေးတက်ရန် ရောက်ရှိလာသည့် KIO ဒုတိယဥက္ကဋ္ဌ (၁)ဗိုလ်ချုပ်ဂွန်မော်ကမြစ်ကြီးနားသတင်းဂျာနယ်မှတစ်ဆင့် ကချင်လူထုကို ပြောကြားခဲ့သည်။

ပင်လုံညီလာခံတက်ရောက်ရန် ဇူလိုင်လ ၁၀ ရက်က နေပြည်တော်သို့ ရောက်ရှိလာသည့် ဗိုလ်ချုပ်ဂွန်မော်နှင့် သတင်းထောက်များ တွေ့ဆုံစဉ် ညီလာခံသတင်းယူရန် နေပြည်တော်တွင် ရောက်ရှိနေသည့် မြစ်ကြီးနားသတင်းဂျာနယ်သတင်းထောက်ကို ကချင်စကားဖြင့် သီးခြားပြောဆိုခဲ့ခြင်းဖြစ်သည်။

"(ဒီပွဲကို) တကယ်လိုအပ်လို့လာတာ ဖြစ်တယ်။ ငါတို့ရဲ့ အမျိုးသားရေးကို တကယ်ပဲ မှန်မှန်ကန်ကန် လုပ်ဆောင်သွားမယ်လို့ ကချင်တစ်မျိုးသားလုံးကို ကျွန်တော်သတင်းစကားပါးချင်ပါတယ်"ဟု အဓိပ္ပါယ်ရသည့် ကချင်စကားဖြင့်ဗိုလ်ချုပ်ဂွန်မော်ကမြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"Tinang a amyu sha lam hpe kaja wa nan ang ai hku nna ding ding man man galaw na re ngu nna anhte wunpawng myu sha ni yawng hpe shiga jaw mayu ai re"ဟု ပြောကြားခဲ့ခြင်း ဖြစ်သည်။

KIO, KIA အဖွဲ့သည် မြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လာခြင်းဖြစ်ပြီး ကေအိုင်အို။ ကေအိုင်အေအဖွဲ့ကို ဗိုလ်ချုပ်ဂွန်မော်က ဦးဆောင်၍ တက် ရောက်လာခဲ့ခြင်းဖြစ်သည်။

> **(ဒီပွဲကို) တကယ်လိုအပ်လို့လာတာ ဖြစ်တယ်။ ငါတို့ရဲ့ အမျိုးသားရေးကို တကယ်ပဲ မှန်မှန်ကန်ကန် လုပ်ဆောင်သွားမယ်လို့ ကချင်တစ်မျိုးသားလုံးကို ကျွန်တော်သတင်းစကားပါးချင်ပါတယ်**

ယခုကျင်းပသည့် တတိယအကြိမ် အစည်းအဝေးအပေါ် မျှော်လင့်ချက်များစွာဖြင့် တက်ရောက်လာခြင်း ဖြစ်သည်ဟုလည်း လာရောက်တွေ့ဆုံမေးမြန်းသည့် သတင်းမီဒီယာများကို ၎င်းမှ ပြောကြားခဲ့သည်။

"အဓိကတော့ ဒီပွဲမှာ ဆွေးနွေးမှုအဓိကမဟုတ်ဘဲနဲ့ အဆက်ပြတ်နေတဲ့ ကျွန်တော်တို့ ဆက်သွယ်ရေးတွေ ဘယ်လိုလုပ်မလဲဆိုတာ ပိုပြီးအဓိကကျမယ်လို့ထင်ပါတယ်"ဟု ညီလာခံအပေါ် ၎င်း၏ မျှော်လင့်ချက်ကို ပြောကြားခဲ့သည်။

တတိယအကြိမ်မြောက် ၂၁ ရာစု ပင်လုံညီလာခံတွင် နိုင်ငံရေးအပါအဝင် ဆွေးနွေးမည့်အချက် ၁၂ ချက်ကိုဇူလိုင်လ ၉ ရက်နေ့က ပြုလုပ်သည့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် ရရှိခဲ့သည်ဟု UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေကပြောသည်။

အဆိုပါ UPDJC အစည်းအဝေးကို အစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များပါဝင်သည့် UPDJC အဖွဲ့က နံနက် ၉ နာရီမှ ည ၈ နာရီ အချိန်ထိ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

လုပ်ငန်းကော်မတီ၌ ဆွေးနွေးမှုများမှရရှိသည့် မူဝါဒအဆိုပြုချက်များအရ နိုင်ငံရေးကဏ္ဍတွင်(၇)ချက် အနက်မှ နှစ်ချက်၊ စီးပွားရေးကဏ္ဍတွင် ၁၁ ချက်အနက်မှ တစ်ချက်၊ လူမှုရေးတွင် ၉ ချက် အနက်မှ ၇ ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍတွင် ၅ ချက်အနက် နှစ်ချက်ကို ဆွေးနွေးရန် သဘောတူခဲ့ကြကြောင်း ဦးလှမောင်ရွှေက ပြောသည်။

မြန်မာနိုင်ငံမြောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့တွင် ကချင်လွတ်လပ်ရေးအဖွဲ့(KIO)၊ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (ULA)၊ ပလောင် ပြည်နယ်လွတ်မြောက်ရေးတပ်ဦး(PSLF)၊ မြန်မာနိုင်ငံအမှန်တရားနှင့်တရားမျှတသော အမျိုးသားပါတီ (MNTJP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ (PSC)၊ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ဖြင့် ဖွဲ့စည်းထားသည်။

မြောက်ပိုင်းအဖွဲ့ အစည်းအဝေးတက်ရောက်နိုင်ရေးခရီးစဉ်အတွက် လုံခြုံရေးအာမခံချက်ရှိရန် တရုတ်နိုင်ငံက ကူညီထောက်ပံ့မှုများ ပေးခဲ့ကြောင်း သိရသည်။

"တရုတ်ကတော့ ဒုတိယအကြိမ်ကနေစပြီးမှ မြောက်ပိုင်းမဟာမိတ်အဖွဲ့ကို လုံခြုံရေးကအစတာဝန်ယူပြီးမှခေါ်ဆောင်လာတာဖြစ်ပါတယ်" ဟု သတင်းမီဒီယာများ၏ မေးမြန်းချက်ကို ဗိုလ်ချုပ်ဂွန်မော်က ပြန်လည်ဖြေကြားထားသည်။

၎င်းတို့(၇)ဖွဲ့မှ ခေါင်းဆောင်များသည် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရပြီး ဇူလိုင်လ ၁၄ ရက်နေ့တွင် နေပြည်တော်မှပြန်လည်ထွက်ခွာမည်ဟု သိရသည်။

တတိယအကြိမ်မြောက်၂၁ ရာစုပင်လုံညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ၆ ရက်ကြာ ကျင်းပမည်ဖြစ်သည်။

Salai

## Editorial
### အယ်ဒီတာ့အာဘော်

# အရှေ့တစ်ခုဆီသို့

တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရန် စီစဉ်ခဲ့သည့် ငြိမ်းချမ်းရေးညီလာခံ (၂၁ရာစုပင်လုံ)သည် ဇူလိုင်လ ၁၁ ရက်မှစ၍ တတိယအကြိမ်မြောက် ကျင်းပနေပြီဖြစ်သည်။ ဇူလိုင်လ ၁၆ ရက်နေ့အထိ ခြောက်ရက်ကြာကျင်းပမည့် ထိုညီလာခံသည် တစ်နှစ်ကျော်ကြာ ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ငါးကြိမ်တိုင် ရက်ရွှေ့ဆိုင်းခဲ့ရပြီးမှ ကျင်းပဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ယခင်အစိုးရလက်ထက်က ကျင်းပခဲ့သော ငြိမ်းချမ်းရေး ညီလာခံ အစည်းအဝေး တစ်ကြိမ်နှင့် ယခုအစိုးရလက်ထက် နှစ်ကြိမ်၊ စုစုပေါင်းသုံးကြိမ်ကျင်းပခဲ့ပြီဖြစ်သော်လည်း ရလဒ်များကို ပြည်သူအများစုက ကျေနပ်အားရမှု မရှိခဲ့ကြချေ။ သို့သော် ယခုတစ်ကြိမ်တွင် တင်ကြိုညှိနှိုင်းမှုများ၊ ပြင်ဆင်မှုများ ဆောင်ရွက်ထားသည်ကို တွေ့နေရ၍ ယခင်အကြိမ်များကထက် ပို၍ထိရောက်သော ရလဒ်များ ထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ရသည်။

ညီလာခံသည် မြန်မာနိုင်ငံ၏ အကျပ်အတည်းများကို ဖြေလျှော့ရန် လတ်တလောကာလအတွက် အသင့်တော်ဆုံး နည်းလမ်းဟု ယူဆပါသည်။ ထို့အပြင် အကြီးမားဆုံးသော အရှေ့တစ်ခုသို့ တက်လှမ်းရန်အတွက်လည်း အသင့်တော်ဆုံးနည်းလမ်းဖြစ်သဖြင့် ညီလာခံမှ ထွက်ပေါ်လာမည့် ဆွေးနွေးချက်ရလဒ်များက စိတ်ဝင်စားစရာ ကောင်းလှသည်။

ယခုအကြိမ်တွင် တပ်မတော်နှင့် စစ်ရေးတင်းမာနေဆဲဖြစ်သည့် အဖွဲ့များကိုလည်း ဆွေးနွေးပွဲ တက်ရောက်ရန် ဖိတ်ကြားထားသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တချို့ပါဝင်သည့် မြောက်ပိုင်းခုနစ်ဖွဲ့နှင့် KNPP တို့လည်း ညီလာခံသို့ တက်ရောက်ကြသည်။ အစည်းအဝေးများတွင် သဘာပတိ၏ ခွင့်ပြုချက်ဖြင့် ဆွေးနွေးခွင့်လည်း ရရှိမည် ဆိုသည့်အချက်က ထူးခြားသည်။

လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် အဖွဲ့များ တက်ရောက်မည်ဆိုခြင်းက မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက် ကောင်းသောအလားအလာ ဖြစ်ပေသည်။ တစ်ဦးကိုတစ်ဦး မပြောမဆိုဘဲနေခြင်းထက် ပြောဆိုဆွေးနွေးညှိနှိုင်းခြင်းက လိုရာခရီးကို ရောက်စေနိုင်သည့် အကောင်းဆုံးသော လမ်းစဉ်ဖြစ်ကြောင်း လူတိုင်းလက်ခံထားသည်။ အဝေးမှ ထုတ်ပြန်ကြေညာချက်များဖြင့် အပြန်အလှန်ပြောဆိုနေခြင်းထက် တိုင်းရင်းသားအားလုံး ရှေ့မှောက်တွင် ညှိနှိုင်းဆွေးနွေးခြင်းက ဘောင်ဝင်သောလုပ်ရပ် ဖြစ်သည်။

ယခုညီလာခံတွင် ထိရောက်သော ဆွေးနွေးအဖြေရှာမှုများ အဆင့်တစ်ခုအထိရောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။ ထိုသို့ မပြုလုပ်နိုင်လျှင် နောက်တစ်ကြိမ်တွင် ပြေလည်ဖို့က မရေရာလှသဖြင့် ယခုတစ်ကြိမ် တွင် ရလဒ်တစ်ခုခုထွက်အောင် ဆွေးနွေးလိမ့်မည်ဟု မြင်သည်။ တစ်နှစ်လျှင် နှစ်ကြိမ်ဆိုခြင်းအားဖြင့် ၂၀၁၈ ခု နှစ်အတွင်း ကျန်ရှိနေသေးသည့် နောက်တစ်ကြိမ် ဆက်လက်ဆွေးနွေးနိုင်ရေးအတွက်ကလည်း ဒီတစ်ကြိမ်က အရေးပါလှသည်။ ယခုတစ်ကြိမ် အောင်မြင်အောင် ဆောင်ရွက်နိုင်ပါမှ နောက်ထပ် နောက်ထပ်သော အကြိမ်များကို ဆက်လှမ်းနိုင်ပါလိမ့်မည်။

နှစ်ပေါင်း ၇၀ ခန့် အမြစ်တွယ်လာခဲ့သည့် ပြဿနာတစ်ရပ်ကို ညီလာခံ သုံး၊ လေးကြိမ်ခန့်ဖြင့် ပြေလည်အောင် ဆောင်ရွက်နိုင်ရန် မလွယ်ကူသော်လည်း ထိုအမြစ်ကို တစ်ရစ်ချင်းဖြတ်ထုတ်ရန်အတွက် လက်နက်တည်းဟူသော တိုင်းရင်းသားတို့ ညီညာကြဖို့ အချိန်ရောက်လာခဲ့ပြီ။

ငြိမ်းချမ်းရေးခရီးကို အတူသွားရန် လှေတစ်စီးတည်းပေါ်တွင် စုရုံးရောက်ရှိနေကြပြီ။ တစ်နေ့နေ့မှာတော့ အရှေ့တစ်ခုဆီသို့ ရောက်ရမည်သာ။ ။

မြစ်ကြီးနားသတင်းဂျာနယ်

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(ဇူလိုင် ၁၃ ၊ ၂၀၁၈)

# ချီဖွေ၊ ဆော့လော်ကားလမ်း တောင်ပြိုနေ၍ တရုတ်ပစ္စည်းများကို မတန်တစ်ဆဈေးဖြင့် ဝယ်သုံးနေရဟုဆို



ဇူလိုင် ၇

ဝိုင်းမော် - ချီဖွေ - ဆော့လော် လမ်းပိုင်းတွင် မြေပြိုမှုများကြောင့်ဒေသခံများနှင့်ဝန်ထမ်းများ သွားလာရေးအတွက်အခက်အခဲဖြစ်ကာယင်းဒေသတွင် ကျောင်းသုံးပစ္စည်းများနှင့် ဆေးဝါးများရှားပါးနေကြောင်း ဒေသခံများက ပြောသည်။

ယခုနှစ် မေလနှင့် ဇွန်လအတွင်းတွင် တောင်ကမ်းပါးယံများပြိုချ လမ်းချဲ့ခြင်းများပြုလုပ်ခဲ့သည့်အတွက် လက်စမသတ်သေးသည့် ထိုနေရာများတွင် မိုးရွာသွန်းခဲ့ရာ ဗွက်အိုင်များဖြစ်ကာ သွားလာရေးအခက်ခဲဖြစ်နေရခြင်း ဖြစ်ကြောင်း သိရသည်။

"အစိုးရက လမ်းတွေလုပ်မယ်ဆိုရင် ဆောင်း၊ နွေတွေမှာလုပ်သင့်တယ်။ အခုက မိုးကျမှလာလုပ်တော့ မြေသားတွေပွပြီး ဗွက်တွေအိုင်လို့ ပြည်သူတွေ အရမ်းခက်ခဲနေရတယ်။ တရုတ်နိုင်ငံမှာဆိုရင် နာရီပိုင်းလောက် လမ်းပိတ်ပြီးပြင်လိုက်တာနဲ့ ရသွားပြီ။ ဒီမှာက ဘယ်နှစ်လ ဘယ်နှစ်နှစ်ပိတ်ပိတ် ဘယ်သူမှ လုပ်မပေးဘူး" ဟု ချန်မူခူးဒေသခံ ဦးဇုန်းကိုက ပြောသည်။

ထိုသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ယင်းဒေသတွင် တာဝန်ကျသည့် အစိုးရဝန်ထမ်း ဆရာ၊ ဆရာမများမှာလည်း ငွေကျပ် တစ်သိန်း/နှစ်သိန်းခန့်ဖြင့် ဆိုင်ကယ် ကယ်ရီငှားရမ်းကာ တာဝန်ကျနေရာသို့ သွားနေရကြောင်း သိရသည်။

လမ်းစရိတ်အတွက် ကုန်ကျမှုများရှိသကဲ့သို့ လမ်းခရီးတွင် အချိန်ကြန့်ကြာနေမှုများလည်းရှိသဖြင့် အစိုးရအနေဖြင့် အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း ဒေသခံများက ပြောသည်။

"ကျောင်းဖွင့်တာ နှစ်လလောက်ရှိပြီ၊ အခုချိန်ထိ ကလေးတွေအတွက် ကျောင်းသုံးဗလာစာအုပ်တွေနဲ့ ဘောပင်၊ ခဲတံတွေလည်း မရောက်လာဘူး။ ဆေးဝါးတွေလည်း ဆေးပေးခန်းနဲ့ ဆရာမရှိပြီး ဆေးမရှိဘူး။ တကယ်အရမ်းကိုခက်ခဲနေပါတယ်"ဟုဦးဇုန်းကိုက ပြောသည်။

ထိုသို့ မြစ်ကြီးနားနှင့် အသွားအလာခက်ခဲနေချိန် ယင်းဒေသတွင် တရုတ်နိုင်ငံထုတ် အစားအစာများကို တရုတ်ယွမ်ငွေဖြင့် ဈေးကြီးပေးကာ ဝယ်စားနေရသည်ဟုလည်းသိရသည်။

ထို့အပြင် ဝန်ထမ်းများအနေဖြင့်လည်း စားနပ်ရိက္ခာနှင့် အိပ်ယာ၊ စောင်စသည့်ပစ္စည်းများကို ဆိုင်ကယ်ဖြင့် သယ်ယူနိုင်ခဲ့ခြင်းမရှိ၍ တရုတ်အသုံးအဆောင်များကို ဈေးကြီးပေးဝယ်သုံးနေရကြောင်း သိရသည်။

တယ်လီဖုန်းလိုင်းမရှိသည့် ယင်းဒေသတွင် ထိုလမ်းကို အဓိကအားထားနေရသည့်အတွက် အမြန်ဆုံးပြုပြင်ပေးစေလိုသည်ဟု ဒေသခံများက ပြောသည်။

နှစ်စဉ်မိုးတွင်းအချိန်တွင် လမ်းပိုင်း၌ မြေပြိုသည့်အတွက် ယင်းဒေသခံများသည် နှစ်စဉ် ကုန်ဈေးနှုန်းမြင့်ခြင်းနှင့် ခရီးသွားလာရေးတွင် အခက်ခဲများ ကြုံတွေ့နေရကြောင်း ဒေသခံများက ပြောသည်။

မွန်းမွန်းပန်

# တန်ဖရဲဒေသမှ စစ်ဘေးရှောင်ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်



မြစ်ကြီးနား၊ ဇူလိုင် ၉

ယခုရက်ပိုင်းအတွင်း မြစ်ကြီးနားမြို့နယ် တန်ဖရဲ(မြစ်ဆုံ) စစ်ရှောင်စခန်းမှ အသက်နှစ်နှစ်အောက် ကလေးငယ်များ၊ နို့စို့ကလေးများနှင့် အသက်ကြီးရွယ်အိုများ အထက်လှန်အောက်လျှောဝမ်းရောဂါ ကူးစက်နေကြောင်း သိရသည်။

ယင်းဒုက္ခသည်စခန်းတွင် ငါးနှစ်အောက် ကလေးငယ် ၃၁ ယောက်နှင့် သက်ကြီးပိုင်း ၁၇ ယောက်ခန့် ကူးစက်ခံနေရကြောင်း စခန်းဒုတာဝန်ခံဦးတူးမိုင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဒီလိုဖြစ်နေတာက နည်းနည်းတော့ကြာပြီ။ ဒါပေမဲ့ အခုရက်ပိုင်းမှာ ပိုဆိုးလာကြတာ။ နို့စို့တဲ့ကလေးတွေက ပိုများနေတယ်။ တချို့က မြစ်ကြီးနားဆေးရုံကြီးကနေ ပြန်လာပြီ။ ဒီမနက်က တချို့ပြန်သွားတဲ့သူတွေ ရှိတယ်"ဟု ဦးတူးမိုင်က ပြောသည်။

ဇူလိုင်လ ၉ ရက်နေ့က တစ်နှစ်အောက်အရွယ် မောင်နော်ဆိုင်းဆိုသူ ရောဂါပြင်းထန်လာခြင်းကြောင့် အောင်မြင်သာဆေးရုံမှ မြစ်ကြီးနားဆေးရုံကြီးကို လွှဲပေးခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပို့လိုက်ရခြင်းမှာ ကလေးငယ်များကို ဆေးခန်းပြရန် နောက်ကျသည့်အတွက်ကြောင့်ဖြစ်ကြောင်း တန်ဖရဲစစ်ရှောင်စခန်းမှ ကျန်းမာရေးဆရာဦးပေါ်ဦးကပြောသည်။

"တစ်ယောက်နဲ့တစ်ယောက် အမူအကျင့်တွေမတူတာ။ တစ်ကိုယ်ရေသန့်ရှင်းမှုတွေ။ အိမ်သာတွေကြောင့်ပါ။ အခု ဒီစခန်းမှာ ဖြစ်နေတဲ့သူတွေက အရမ်းကြီးတော့ မစိုးရိမ်ရဘူးပေါ့။ အရမ်းစိုးရိမ်ရတယ် ဆိုရင်တော့ ကျွန်တော်တို့က အောင်မြင်သာဆေးရုံကို လွှဲပေးရတယ်။ ကျွန်တော်တို့ ထိန်းတော့ ထိန်းချုပ်နေတယ်" ဟုလည်း ၎င်းကပြောသည်။

ယခုအချိန် မိုင်းနားကက်သလစ်စစ်ရှောင်စခန်းတွင်လည်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း သိရသည်။

လဖိုင်လု



# ဥပဒေပြုရေး မဏ္ဍိုင် ကိုယ့်အလုပ်ကိုယ် ဦးစားပေးနိုင်ပါစေ

မသီတာ(စမ်းချောင်း)



ဥပဒေပြုရေးမဏ္ဍိုင် ကိုယ့်အလုပ်ကိုယ် ဦးစားပေး နိုင်ပါစေ

နှစ်ပေါင်းများစွာ တစ်ပါတီစနစ်နဲ့ အာဏာရှင်စနစ်တွေ ကြီးစိုးခဲ့တာရဲ့ နောက်ဆက်တွဲ အဖြစ်ရလိုက်တဲ့ အရှုံးကတော့ နိုင်ငံရေးစနစ်တွေကို နားမလည်နိုင်တော့ခြင်းပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်ဟာ တခြားမဏ္ဍိုင်တွေအပေါ်မှာ လွှမ်းမိုးကြီးစိုးဖို့ကြိုးစားနေတဲ့ဓလေ့နဲ့တခြား မဏ္ဍိုင်တွေကလည်း အုပ်ချုပ်ရေးကို သူတို့မဏ္ဍိုင်တွေရဲ့အထက်မှာရှိတယ်လို့ ခံယူမိတဲ့ ဓလေ့တွေ ဖြစ်ပါတယ်။

မကြာသေးခင်က လွှတ်တော်ကိုယ်စားလှယ်တချို့နဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ပြောဆိုဆွေးနွေးကြတော့လွှတ်တော်ကိုယ်စားလှယ်တချို့ ကိုယ်တိုင် သူတို့ဟာ အစိုးရရဲ့ အစိတ်အပိုင်းလို့ တွေးတောရှုမြင်နေကြတာကို သတိထားမိပါတယ်။ အတော်လေး အံ့အားသင့်ရသလို အန္တရာယ်များလှတယ်လို့လည်း တွေးလိုက်မိပါတယ်။ တစ်နည်းအားဖြင့် တစ်ပါတီထဲက မဲအများစုကို အနိုင်ရလိုက်တဲ့အတွက် ကိုယ့်ပါတီက အစိုးရဖွဲ့ခွင့်ရတာမို့ အစိုးရလည်း ငါတို့ပါပဲလို့ တွေးနေသလားလို့လည်း သံသယဖြစ်ရပါတယ်။

ဒီမိုကရေစီရဲ့ အခြေခံသဘောတရားဟာ အများစုရဲ့ဆန္ဒအတိုင်း ဆုံးဖြတ်ရတာဖြစ်ပေမယ့် အလုံးစုံအာဏာဆိုတာကို ဘယ်သူကမှ ကျင့်သုံးခွင့်မရခြင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီ နိုင်ငံရေးစနစ်မှာ မဏ္ဍိုင်တွေကြား အာဏာကိုခွဲဝေကျင့်သုံးခြင်းဟာ အသက်တမျှအရေးကြီးလှပါတယ်။ တကယ်တော့ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးမဏ္ဍိုင်ဆိုတာ တစ်ပါတီနဲ့ အာဏာရှင်စနစ်တွေမှာ ရှိခဲ့ပြီးသား အခြေကျပြီးသား နိုင်ငံရေးအခြေခံအဆောက်အအုံဖြစ်တဲ့အတွက် ဆယ်စုနှစ် ငါးစုလောက် တစ်ပါတီ၊ အာဏာရှင်စနစ်အောက်မှာ ဖြတ်သန်းနေထိုင်ခဲ့ကြတဲ့ မြန်မာ့လူထုအတွက် အဲဒီမဏ္ဍိုင်တွေရဲ့ လုပ်ပိုင်ခွင့်နဲ့ လုပ်နည်းလုပ်ဟန်တွေကို အရိုးစွဲမှတ်မိနေတတ်ပါတယ်။

ဒါပေမဲ့ "ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်" ဆိုပြီး အုပ်ချုပ်ရေးမဏ္ဍိုင်ဖြစ်တဲ့ အစိုးရကပဲ လွှမ်းမိုးခဲ့တဲ့နှစ်ကကြာခဲ့လေတော့ ဥပဒေပြုရေးမဏ္ဍိုင်ဆိုတာ မြန်မာ့လူထုနဲ့ စိမ်းသက်လွန်းခဲ့ပါတယ်။ ဒါကြောင့် ဥပဒေပြုရေးဆိုတာ အုပ်ချုပ်ရေးရဲ့အောက်မှာ ရှိတယ်လို့ ထင်ယောင်ထင်မှားဖြစ်တာမျိုးတွေကို တွေ့နေရတယ်လို့ ယူဆပါတယ်။

ဒါမှမဟုတ်ရင် ရွေးကောက်ပွဲမှာ ပါတီတစ်ခုတည်းက သောင်ပြိုကမ်းပြို နိုင်လိုက်တဲ့အတွက် လွှတ်တော်ထဲလည်း ဒီပါတီကပဲ၊ အစိုးရကလည်း ဒီပါတီကပဲ ဖြစ်နေရာက ငါ့ပါတီအစိုးရ၊ ငါ့အစိုးရဆိုတဲ့အသိစိတ်က ကြီးလွန်းတော့ ကိုယ့်မူလအလုပ်တာဝန်ဖြစ်တဲ့ အစိုးရတွေကို ထိန်းကျောင်းပေးဖို့၊ အထိန်းနဲ့အထေလုပ်ပေးဖို့ ဆိုတာကို မေ့သွားတာလည်း ဖြစ်နိုင်ပါတယ်။ ငါ့ပါတီအစိုးရလေးကို မထိခိုက် မနစ်နာအောင် အကာအကွယ်ပေးမှ ဖြစ်မယ်လို့ တွေးလာတာနဲ့အမျှ အစိုးရအပါအဝင် ဘယ်သူ့မျက်နှာကိုမှ မကြည့်ဘဲ နိုင်ငံ့သူနိုင်ငံသားအားလုံးအတွက် ကောင်းမွန်မှန်ကန်ပြီး တရားမျှတတဲ့ တရားဥပဒေတွေကို ပေါ်ထွက်အောင်လုပ်မယ်၊ မတရားတဲ့ဥပဒေမှန်သမျှ ဖျက်သိမ်းပြင်ဆင်ပေးမယ်ဆိုတဲ့ မူလအလုပ်တာဝန်ဟာ သေးငယ်ပျောက်ကွယ်သွားနိုင်ပါတယ်။

ဒီနေရာမှာ နောက်ထပ်ပြောစရာရှိနေတာကတော့ဥပဒေတစ်ခုပေါ်ထွက်ဖို့အတွက် ဖြတ်သန်းပြင်ဆင်ရတဲ့လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။ လတ်တလောမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီက အကြောင်းရပ်တစ်ခုနဲ့ ပတ်သက်ပြီး ဥပဒေတစ်ခု ပေါ်ထွက်သင့်တယ်လို့ ယူဆရင် ဥပဒေကြမ်းကို ရေးဆွဲပြီး ကျန်လွှတ်တော်ကိုယ်စားလှယ်ဦးရေရဲ့ ၂၀ ရာခိုင်နှုန်းက ထောက်ခံရင် သက်ဆိုင်ရာလွှတ်တော်မှာ တင်ပြပြီး ဆွေးနွေးသုံးသပ်မှုတွေလုပ်ကာ နောက်ဆုံး ပြည်ထောင်စုလွှတ်တော်က အတည်ပြုရင် နိုင်ငံတော်သမ္မတရဲ့ ထောက်ခံမှုကို တောင်းခံပြီး ဥပဒေတစ်ခု အတည်ပြုနိုင်ပါတယ်။ ဒါမှမဟုတ် လွှတ်တော်တွေမှာရှိတဲ့ ဥပဒေကြမ်း ရေးဆွဲရေးကော်မတီကနေ ဥပဒေကြမ်း ရေးဆွဲတင်ပြပြီး လွှတ်တော်ထဲမှာ ချပြဆွေးနွေးအတည်ပြု၊ သမ္မတက နောက်ဆုံးအတည်ပြု၊ ဥပဒေဖြစ် ဆိုတာပါ။

နောက်ဆုံးနည်းလမ်းတစ်ခုကတော့ လက်ရှိမှာ ရွေးကောက်ခံမဟုတ်တဲ့သူတွေနဲ့ ဖွဲ့ထားတဲ့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကနေ ဥပဒေသစ်အဖြစ်ပေါ်ထွက်မယ့်အကြောင်းရပ်နဲ့ သက်ဆိုင်တယ်လို့ ယူဆတဲ့ အစိုးရဝန်ကြီးဌာနက တင်ပြလာတဲ့ ဥပဒေကြမ်းအပေါ်မှာသုံးသပ်ပြင်ဆင်ပြီး လွှတ်တော်ထဲကို ချပြဆွေးနွေးစေကာ နောက်ပိုင်းဥပဒေအတည်ပြုသည်ထိတော့ အထက်က နည်းလမ်းတွေအတိုင်း ဆက်လုပ်သွားတဲ့နည်းပါပဲ။ ကော်မရှင်က ဥပဒေပါအကြောင်းရပ်နဲ့သက်ဆိုင်တယ်လို့ ယူဆတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးသုံးသပ်တာမျိုးတော့ ရှိတတ်ပါတယ်။

> "မကြာသေးခင်က လွှတ်တော်ကိုယ်စားလှယ်တချို့နဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ပြောဆိုဆွေးနွေးကြတော့ လွှတ်တော်ကိုယ်စားလှယ်တချို့ ကိုယ်တိုင် သူတို့ဟာ အစိုးရရဲ့ အစိတ်အပိုင်းလို့ တွေးတောရှုမြင်နေကြတာကို သတိထားမိပါတယ်။ အတော်လေး အံ့အားသင့်ရသလို အန္တရာယ်များလှတယ်လို့လည်း တွေးလိုက်မိပါတယ်"

ဒါပေမဲ့ အထက်ကသုံးနည်းမှာ သက်ဆိုင်မယ်ထင်ရတဲ့ဝန်ကြီးဌာနကရေးသားပြုစုတဲ့ ဥပဒေကြမ်းကို ကော်မရှင်မှာ ဆွေးနွေးပြုပြင်ပြီး လွှတ်တော်တွေထဲ ချပြတဲ့နည်းနဲ့သာ ဥပဒေအတော်များများ ပေါ်ထွက်လာတာကို တွေ့ရပါတယ်။ တစ်နည်းအားဖြင့်တော့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဝန်ကြီးဌာနနဲ့ကော်မရှင်ကပြင်ဆင်ပေးထားတဲ့ ဥပဒေကြမ်းကို ဝေဖန်အကြံပြုဆွေးနွေးတာကိုသာ ပိုလုပ်ကြရပြီး အကြောင်းရပ်တစ်ခုပေါ်မှာ ဘယ်လိုဥပဒေမျိုးတွေ ပေါ်ထွက်သင့်သလဲ၊ အဲဒီအပေါ်မှာ ဘယ်လိုအနှစ်သာရမျိုးတွေ ပါသင့်သလဲ၊ ဘယ်လိုလွှမ်းခြုံမှု ရှိသင့်သလဲ၊ ဘယ်လိုပုဒ်မမျိုးတွေ ပါရမလဲ စတဲ့အကြောင်းအရာတွေကို ကိုယ့်မဲဆန္ဒရှင်တွေအပါအဝင် လူထုအများစု(အရပ်ဘက် အဖွဲ့အစည်းတွေ အပါအဝင်)နဲ့ ဆွေးနွေးတိုင်ပင်ပြီး ဇီးရိုးဒရပ်ဖ်လို့ခေါ်တဲ့ ဥပဒေတစ်ခုကို စလုံးရေးစကနေပြီး ရေးဆွဲတင်ပြအားထုတ်တာမျိုး တွေ့ရခဲလှပါတယ်။

ဒီနေရာမှာ ဝန်ကြီးဌာနတွေက ဥပဒေကြမ်းတွေပြင်ဆင်ပြီး အဲဒီဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်တွေက ဆွေးနွေးကြတာဟာ ဖြစ်ရိုးဖြစ်စဉ်လိုဖြစ်နေတဲ့အတွက် ဘာမှမထူးဆန်းသလို ထင်ရပါမယ်။ ဒါပေမဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုရေးမဏ္ဍိုင်တွေဟာ အပြန်အလှန်ထိန်းကျောင်းရမယ့် တာဝန်ရှိနေတာဖြစ်တဲ့အတွက် အုပ်ချုပ်ရေးမဏ္ဍိုင်ထဲကဖြစ်တဲ့ ဝန်ကြီးဌာနတွေက သူတို့အပါအဝင် လူထုအပေါ် ထိန်းကျောင်းပေးမယ့်ဥပဒေကို သူတို့ကပဲစတင်ရေးဆွဲပေးတာဟာ တကယ့်လက်တွေ့မှာ ဘယ်လောက်ထိ သဘာဝကျသလဲလို့ စဉ်းစားမိပါတယ်။ ဒါကြောင့်ဥပဒေသစ်တစ်ခု ပေါ်ထွက်ရေးဖြစ်စေ၊ ရှိပြီးသားဥပဒေတစ်ခုခုကိုပြန်လည်သုံးသပ်ပြင်ဆင်ရေး ဖြစ်စေ လူအများစုရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မဖြစ်မနေဖြတ်သန်းရမယ့်အဆင့်တစ်ခုအဖြစ် မသတ်မှတ်နိုင်မချင်း အခုလိုပဲ သဘောဝမကျလှတဲ့ ဥပဒေပြုရေးလုပ်ငန်းစဉ်ကိုသာ အရိုးစွဲလိုက်နာရမလို ဖြစ်နေဦးမှာပါ။

တကယ်တော့ ဥပဒေကို လေးစားလိုက်နာမှု အားနည်းလှတယ်လို့ လူထုကိုပြောဆိုဝေဖန်နေရတာမှာ ဥပဒေအကြောင်း ကျေကျေလည်လည် နားမလည်မှုအပေါ်မှာ အခြေခံနေတာ သေချာပါတယ်။ ဥပဒေတစ်ခုရဲ့ အနှစ်သာရ၊ ရည်ရွယ်ချက်ကစလို့ နောက်ဆုံးက ပြစ်မှု၊ ပြစ်ဒဏ်အထိ လူထုအများစု(အနည်းဆုံး အောက်ခြေလူထုနဲ့ အမြဲထိတွေ့ဆက်ဆံနေရတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ)က သူတို့ကိုယ်တိုင်ပါဝင်ဆွေးနွေးပြောဆိုခွင့်သာ ရခဲ့မယ်ဆိုရင် အဲဒီလို ဥပဒေမျိုးနဲ့ပတ်သက်ပြီး လေးစားလိုက်နာမှုဖြစ်စေ၊ အသုံးချမှုဖြစ်စေ ပိုပြီးအားကောင်းလာမှာ သံသယဖြစ်စရာ မရှိပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေအဖို့လည်း ကိုယ့်တာဝန်ထဲက အဓိကအကျဆုံးဖြစ်တဲ့ ဥပဒေပြုရေးတာဝန် မဟုတ်တဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ပြဿနာတွေ(ဥပမာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အုပ်ချုပ်ရေးဆန်တဲ့ စီမံခန့်ခွဲမှုတွေ)အတွက် သက်ဆိုင်ရာ မဲဆန္ဒရှင်ပြည်သူတွေကို တွေ့ဆုံဖြေရှင်းပေးတာမျိုးတွေ လုပ်နေကြတာ ကောင်းပါတယ်။ ဒါပေမဲ့ တည်ဆဲဥပဒေတွေရဲ့ လူထုအပေါ်သက်ရောက်မှုအကြောင်း မဲဆန္ဒရှင်လူထုဆီက ပြန်နားထောင်တာမျိုး၊ သူတို့တွေအတွက် တကယ်အကျိုးရှိစေမယ့် ဘယ်လိုဥပဒေသစ်မျိုးကို ဘယ်လိုရေးဆွဲသင့်သလဲဆိုတာကို သူတို့နဲ့အတူ ဆွေးနွေးအဖြေရှာပြုစုတာမျိုး၊ အဲဒီလိုဆောင်ရွက်မှု အားကောင်းလာနိုင်မှာ ဖြစ်ပါတယ်။ ဒီ့ထက်အရေးကြီးတာကတော့ လူထုတွေအနေနဲ့ တည်ဆဲဥပဒေတွေအကြောင်းနဲ့ ပေါ်ထွက်သင့်တဲ့ဥပဒေလောင်းလျာတွေအကြောင်း ပိုပြီးသိခွင့်ရခြင်းပါပဲ။

ဒီလိုဖြစ်လာတာနဲ့အမျှ ဆယ်စုနှစ်ပေါင်းများစွာ အုပ်ချုပ်ရေးမဏ္ဍိုင်ကပဲ ရှိသမျှနိုင်ငံတော်အာဏာကို အပိုင်စားရထားသလို ထင်ယောင်ထင်မှားဖြစ်ခဲ့ကြတဲ့ အမြင်တွေလည်း ပြောင်းလဲသွားနိုင်ပါတယ်။ ဘာမဆို အစိုးရ၊ ကက်ဘိနက်နဲ့ အုပ်ချုပ်ရေးကသာ အဆုံးအဖြတ်ပေးနိုင်တယ်၊ သြဇာအကြီးဆုံးဖြစ်တယ်လို့ ထင်နေကြလို့လည်း ဥပဒေပြုရေးမဏ္ဍိုင်ထဲက လွှတ်တော်အမတ်တွေကိုယ်တိုင်တောင် အစိုးရကို ထိန်းကျောင်းဝေဖန်ပေးရမယ်လို့ မတွေးတော့ဘဲ အစိုးရ အနှောင့်အယှက်မဖြစ်အောင် အလိုက်သိပေး၊ နှုတ်ဆိတ်ပေးရမယ်၊ အစိုးရက နေပေးစေချင်သလို နေပေးမှဖြစ်မယ်လို့ တွေးနေကြတယ်လို့ ယူဆပါတယ်။

ကမ္ဘာ့နိုင်ငံကြီးတွေမှာလည်း ဥပဒေပြုရေးနဲ့ ပတ်သက်ရင် သက်ဆိုင်မယ်ထင်တဲ့ ဝန်ကြီးဌာနတွေကို ပြင်ဆင်ပြုစုဖို့ အရင်ဆုံး တာဝန်ပေးတာမျိုးတွေ မရှိဘူးမဟုတ်ပါဘူး။ ရှိပါတယ်။ ဒါပေမဲ့ နှစ်ပေါင်းများစွာအာဏာသုံးရပ် ခွဲဝေကျင့်သုံးမှုမရှိခဲ့တဲ့ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာတော့ ဥပဒေတိုင်းလိုလို အုပ်ချုပ်ရေးဘက်ကစပြီး ပြင်ဆင်ပြုစုတာကို ဆက်ပြီးကျင့်သုံးနေတာဟာ အကျိုးမများစေဘူးလို့ ဆိုရမှာပေါ့။ သူတို့နိုင်ငံတွေမှာ လူထုဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းဖြစ်စေ အာဏာသုံးရပ် ခွဲဝေကျင့်သုံးတဲ့သဘောတဘာဝနဲ့ ဥပဒေတွေရဲ့ သက်ရောက်မှုအပေါ် ကောင်းကောင်းကြီး သဘောပေါက်နေကြတာမို့ သက်ဆိုင်ရာအ

စာ - ၁၇ သို့ »

မြစ်ကြီးနားသတင်းဂျာနယ်
( ဇူလိုင် ၁၃ ၊ ၂၀၁၈ )

မြင့်မိုရ်ဦး

# ဂျိန်းဖောတို့၏အလွမ်း



မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကွယ်လွန်ခဲ့သည်မှာ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ဆိုလျှင်(၇၁)နှစ်ကြာညောင်းခဲ့လေပြီ၊ နှစ်တွေဘယ်၍ကြာသော်လည်း ဂျိန်းဖောတို့၏ အလွမ်းပြေနိုင်လိမ့်မထင်ပါ။

အဘယ်ကြောင့် ဆိုသော် စာရေးသူဖတ်ဖူးသော ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ဗိုလ်ချုပ်နှင့်ဝန်ကြီးများ ကျဆုံးခြင်းအတွက် ဂျိန်းဖောလူထု၏ ဝမ်းနည်းခြင်းသဝဏ်လွှာကို ၁၉၆၁ ခုနှစ်ကျမှ ဦးလေးဖြစ်သူ ရှုံးဝန်ထောက်ဦးမြအုန်းအသိမ်းကောင်း၍ ဖတ်ဖူးခဲ့ရပါသည်။ တစ်ဖန် ၂၀၁၄ ခုနှစ် ဇူလိုင်လ (၅) ရက်နေ့ထုတ် သူရိယနေဝန်းသတင်းစာတွင် ထပ်မံရေးသားဖော်ပြချက်အရ ဒုတိယံမို့ နှစ်ကြိမ်မြောက် ဖတ်ရှုခဲ့ရပါသည်။

ထိုဂျိန်းဖောတို့၏ဝမ်းနည်းခြင်းသဝဏ်လွှာတွင် မှတ်သားမိသမျှ ရေးသားတင်ပြရသော် "တောင်တန်းနယ်၌ ဗိုလ်ချုပ်အတွက် အိမ်ဖြူမျှော်ကိုးလေသမျှ သဲထဲရေကျရလေပြီ၊ မျှော်လင့်ချက် ပျောက်ဆုံးရလေပြီ၊ တောင်တန်းနယ်သားဂျိန်းဖောများ၏အသည်းကား ကွဲရလေပြီ၊ အနှစ်တစ်ထောင်လည်း မမေ့နိုင်ပြီ။

မြန်မာနိုင်ငံ ပြည်သူပြည်သားအပေါင်းတို့ တောင်တန်းနယ်သူ နယ်သားများနှင့်တကွ ဂျိန်းဖောလူမျိုးများ၊ စော်ဘွားများကဗိုလ်ချုပ်နှင့်ဝန်ကြီးများ ကျဆုံးရလေခြင်းကို ဝမ်းနည်းလှိုက်လှဲ အသည်းကွဲလျှက်နှင့် တောင်တန်းနယ်သူနယ်သားတို့၏ မပြုရသေးသော လျာထားပြီးသား ဆောင်ရွက်ရန်တာဝန်ကို ပွင့်လင်းထုတ်ဖော်ရေးသားအပ်ရပါကြောင်း။

မြန်မာပြည်မကြီးနှင့် တောင်တန်းနယ်သားများကို ကျွန်သက်ရှည်ရေးအဖြစ်မှ ကယ်တင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းအား တောင်တန်းနယ်သူနယ်သားများနှင့် ဂျိန်းဖောတို့၏ စိတ်နှလုံးထဲတွင် ဧကန်တစ်ခုတည်းသာလျှင် ပုဂ္ဂိုလ်စွဲလျှက် ချစ်ကြည်လေးစားအားထားကာ လွတ်လပ်ရေးပန်းတိုင်သို့ ပျော်ရွှင်ခုန်ကလျက် လိုက်ရဘိအလား။ ဦးအောင်ဆန်းအား ကျေးဇူးတင်လှပါသဖြင့် ဤလွတ်လပ်ရေးကိစ္စအဝဝများ ဆုံးခန်းရောက်ခဲ့လျှင် တောင်တန်းနယ်မြေတွင် မြေလွတ်တောင်တန်းကုန်းမြင့် အလှအပဆုံး တစ်ခုရွေးချယ်လျက် တောင်တန်းနယ်ရှိ ကျောက်လုံးများဖြင့် တည်ဆောက်သော တင့်တယ်လှပသည့် အိမ်ဖြူတော်နှင့် ဗိုလ်ချုပ်ကျေးဇူးဆပ်ရန်လျာထားခဲ့ပါ၏။ အမေရိကန်သမ္မတ ဝါရှင်တန်တို့လို မောင့်ဖွာနိုကုန်းမြင့်တွင် အိမ်ဖြူတော်နှင့် စံပါယ်သကဲ့သို့အလား ဗိုလ်ချုပ်အောင်ဆန်းကိုလည်း တောင်တန်းကုန်းမြင့်ပေါ်တွင် အိမ်ဖြူတော်နှင့်လာနေလိမ့်နိုးမျှော်ကိုးလေသမျှ သဲထဲရေကျရလေပြီ။ အနှစ်တစ်ထောင်တိုင်လည်း မမေ့နိုင်ပြီ"ဟု ဂျိန်းဖောတို့၏ ဖြူစင်သောမနောကို စာရေးသူလေးစားမိပါ၏။

"ဗိုလ်ချုပ်ဝိညာဉ်ဖြင့်"

ဗိုလ်ချုပ်အောင်ဆန်းကို ဂျိန်းဖောတို့မည်မျှ ချစ်ကြသည်၊ မည်မျှလေးစားကြသည်ကို ဖော်ပြရာတွင် သူတို့၏ ဝိညာဉ်နှင့် ဗိုလ်ချုပ်၏ဝိညာဉ် လဲလို့ရလျှင် လဲလိုက်ချင်ပါဘိဟုဖော်ပြရာတွင်လည်းတောင်တန်းနယ်ရှိ ကျောက်စိမ်း၊ ကျောက်နီ၊ ပယင်း၊ ရွှေ စီခြယ်သည့် ကမ္ဘာ့အသိဖြစ်ရမည့် ဓားကို ပေးဆပ်ရန်လည်း ရေးသားခဲ့ပါသည်။ ဤဓားကို ဘယ်သူလာ၍ကိုင်မည်နည်း။

တောင်တန်းနယ်မြေကို အရေးပေးခဲ့သော ဦးအောင်ဆန်းနှင့် မျက်ရည်ရောလျက် ရေးရပါကြောင်း၊ လွတ်လပ်ရေးရပြီးလျှင် တောင်တန်းနယ်မြေတွင် မြေပိုင်ရှင်၊ သတ္တုတွင်းရှင် တောင်တန်းသားများက ဗိုလ်ချုပ်ကို ခေါ်ထားပါသည်။ ဗိုလ်ချုပ်ကလည်း ကျွန်တော်အခုလို ရက်တိုတိုလေးနေရတာ မကျေအေးသေးပါ။ တောင်တန်းနယ်တွင်ကြာကြာလာနေပါမည်။ တောင်ကြို တောင်ကြား လျှောက်သွားပါအုံးမည်ဟု ရွှင်ပြုံးပြုံး၊ ပုလဲလုံးသဖွယ် စီတန်းပြီး သွားကလေးတွေပေါ်အောင် ချိုသာသောမိန့်ခွန်း ပြောသွားခဲ့သည်ကိုလည်း ဂျင်းဖောများ အမှတ်ရနေဆဲဖြစ်သည်ဟု ယုံကြည်မိပါသည်။

တောင်တန်းက ဂျိန်းဖောတွေက ဗိုလ်ချုပ်ကို ဘယ်မျှအားကိုးအားထား ချစ်ကြည်လေးစားကြောင်း ဗိုလ်ချုပ်၏ဝိညာဉ်ဖြင့် လဲစေချင်ပါသည်ဟု ဂျိန်းဖောတို့၏ ဖြူစင်သော စိတ်ရင်းအမှန်ကို ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြသည်ကိုလည်း ရှုမြင်ရပါကြောင်း။ ယင်းဝမ်းနည်းကြောင်း သဝဏ်လွှာတွင် တောင်တန်းသားများ၏ ကျေးဇူးရှင်ဗိုလ်ချုပ်ကို သတ်သောသူကို ကျိန်စာတိုက် သွားသည်ကိုလည်း ဤသို့ရေးသားဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

"တောင်တန်းသားများ၏ ကျေးဇူးရှင်ဗိုလ်ချုပ်ကို သတ်သောသူသည် ဘယ်အမျိုးမှ ပေါက်ဖွားပါသနည်း မြန်မာပြည် ချက်မြှုပ်မှ ဟုတ်ပါရဲ့လား၊ မြန်မာပြည်ထွက်ဆန်စပါးကို စားဖူးပါရဲ့လား၊ ကျေးဇူးကန်းလှချေတကား။ ဤကျေးဇူးကန်းမျိုးသည် မြန်မာပြည်နှင့်မတန်၊ တဖြည်းဖြည်း အမျိုးပျောက်ပါစေသတည်း" ဟု ဗိုလ်ချုပ်သတ်သောသူကို ဤကမ္ဘာမြေတွင် လူ့လောက၊ လူ့သမိုင်းမှ မျိုးရိုးဇာတိပါမကျန် ပျောက်ကွယ်သွားပါစေဟု ကရုဏာဒေါသောဖြင့် ကျိန်စာသင့်စေရန် ဆုတောင်းခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

အကယ်၍များ မြန်မာ့လွတ်လပ်ရေး ရပြီးသည့်အချိန်ထိ ဗိုလ်ချုပ်အောင်ဆန်းသာ အသက်ထင်ရှားရှိခဲ့မည်ဆိုပါက ကချင်ပြည်နယ်တွင် ဂျိန်းဖောတို့၏ ပဒန်မနောပွဲကြီးကျင်းပကာ ဂျိန်းဖောတို့ လက်ဆောင်ပေးမည့် ကျောက်စိမ်း၊ ကျောက်နီ၊ ပယင်း၊ ရွှေ စီခြယ်ထားသည့် ကမ္ဘာကျော်မည့် ဓားကိုလွယ်လျက် ဂျိန်းဖောလူထုနှင့်အတူ ပျော်ရွှင်စွာကနေမည်ကို မြင်ယောင်မိပါသည်။

တစ်ဖန် ဂျိန်းဖောတို့နေလိုသည့် လှပသော တောင်တန်းတောင်ကုန်းမြင့်ပေါ်တွင် ဆောက်လုပ်ထားသောအိမ်ဖြူတော်တွင် လာရောက်နေကောင်းနေပေလိမ့်မည်။ ဗိုလ်ချုပ်ကလည်းမြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက နိုင်ငံရေးမှအနားယူကာ အေးအေးဆေးဆေး စာပဲရေးတော့မည်ဟု ပြောကြားခဲ့သည့်အတိုင်း ဂျိန်းဖောတို့၏ အိမ်ဖြူတော်တွင် စာပေရေးစားနေမည်ကိုလည်း မှန်းဆ၍ မြင်ယောင်နေမိပါသည်။

ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ခင်ကြသော အလွန်လေးစားကြသော ဂျိန်းဖောတို့၏ တစ်ချိန်က ရေခဲနှင်းဆောင်းအလွန် အေးချမ်းသာယာသော ဒေသကြီးက နှစ်ပေါင်း (၆၀)နီးပါးကြာသည့်တိုင် မငြိမ်းချမ်းနိုင်ပဲ ပြည်သူတွေလူမှုဒုက္ခအဝဝကို ခံစားနေကြရပါသည်။ မိမိတို့၏ အိုးအိမ်၊ ဥယျာဉ်ခြံမြေနှင့် လယ်ယာများကို စွန့်ခွာ၍ ဘေးကင်းလုံခြုံရာ စစ်ရှောင်စခန်း၊ (IDP) များသို့ အနေဆင်းရဲ၊ အစားဆင်းရဲဖြင့် ဘဝကို ရင်ဆိုင်နေကြရပြီး ကိုယ့်ရပ်ကိုယ့်ရွာနှင့် မိမိတို့၏အိုးအိမ်များကို အမြဲသတိရလွမ်းလျက် ရှိနေကြပေလိမ့်မည်။ ဘယ်သောအခါများမှ အလွမ်းပြေမည်နည်း။

(၇၁)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုလျက်

# မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်အသင်းဥက္ကဋ္ဌ ဦးမိုးမင်းက ဓာတ်ပုံပညာများ လာရောက်ဟောပြောဆွေးနွေးမည်

မြစ်ကြီးနား၊ ဇူလိုင်၉

ကချင်ပြည်နယ်အတွင်းမှ ဓာတ်ပုံပညာ ဝါသနာပါသူများအတွက် ဓာတ်ပုံပညာရပ်ဆိုင်ရာများကို မြန်မာနိုင်ငံဓာတ်ပုံပညာရှင်အသင်းမှ အခမဲ့လာရောက်ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လ ၂၁ ရက်နေ့တွင် မြစ်ကြီးနားမြို့ရှိ ကွန်မြူနတီစင်တာ၌ ကျင်းပသွားမည်ဖြစ်ကာ ထိုပွဲတွင်မြန်မာနိုင်ငံဓာတ်ပုံပညာရှင်အသင်းဥက္ကဋ္ဌ ဦးမိုးမင်း(Ray)နှင့် အတွင်းရေးမှူး ဦးလမင်းနိုင်တို့မှ ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပွဲကို ကျင်းပရခြင်းသည် ကချင်ပြည်နယ် ဓာတ်ပုံအသင်းဖြစ်မြောက်ရေးအတွက် အဓိကရည်ရွယ်ခြင်း ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးအဖွဲ့မှ ကိုမြတ်စောကပြောသည်။

"ကချင်ပြည်နယ် ဓာတ်ပုံအသင်းဖွဲ့ဖြစ်သွားပြီဆိုရင် ဓာတ်ပုံသင်တန်း ပေးသွားမယ်။ ဒီပြည်နယ်ထဲမှာကို ဓာတ်ပုံပညာရှင်တွေရှိတယ်။ အချင်းချင်းပညာဖလှယ်တာတွေ၊ အကျိုးပြုလုပ်ငန်းတွေလည်း လုပ်နိုင်အောင်ပေါ့"ဟု ပွဲဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်သည့် "မြတ်" ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးမှ ကိုမြတ်စောက ပြောသည်။

အဆိုပါ ဓာတ်ပုံပညာဟောပြောဆွေးနွေးပွဲတွင် ကချင်ပြည်နယ် ဓာတ်ပုံအသင်းကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဇူလိုင်လ ၁၄ ရက်ကကျင်းပသည့်ဒုတိယအကြိမ် အစည်းအဝေးမတိုင်မီ ပထမအကြိမ်အစည်းအဝေးတွင် ဓာတ်ပုံဝါသနာရှင် အယောက် ၄၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရပြီး ကချင်ပြည်နယ်ဓာတ်ပုံအသင်းဖွဲ့စည်းရန် အတွက်လည်း သဘောတူညီမှုများရရှိခဲ့ကြောင်း သိရသည်။

ဆန်လတ်




**တုတ်ထိုး** - သာဓု၊ သာဓု၊ သာဓု။ ပြည်သူ့အသံကို နားစွင့်သောအစိုးရ ကျန်းမာပါစေသော်။ ချမ်းသာပါစေသော်။ ပြည်သူကိုဂရုစိုက်သော အစိုးရ ကျေးဇူးတင်ပါတယ်။

**အိုးပေါက်** - ဘာတွေများ ကျေးဇူးတင်နေတာတုန်း။

**တုတ်ထိုး** - အရင်တစ်ပတ်က ဂျာနယ်စကားဝိုင်းမှာ ပြောခဲ့တယ်မဟုတ်လား။ မြေမြင့်ရပ်ကွက်ထဲက ဓာတ်တိုင်တစ်တိုင်ဟာ ဆွေးမြေ့နေတဲ့အကြောင်းလေ။ ဟော. . . အခုကြည့်၊ အဲဒီလမ်းဘက်က အခုပြန်လာခဲ့တာ ဓာတ်တိုင်ကပြင်ပြီးသွားပြီ၊ ကောင်းသွားပြီ။ ကျေးဇူးတင်ပါတယ်။ အဲ့ဒါကြောင့် ပြည်သူကိုဂရုစိုက်သောအစိုးရကို ကျေးဇူးတင်ပါတယ်လို့ ပြောတာပါ။ ဒီလိုအစိုးရကောင်းပါတယ်။ ဂုဏ်ယူပါတယ် ဒီအစိုးရကို။

**အိုးပေါက်** - ဘာတွေများ ကောင်းလို့ ဘာတွေဂုဏ်ယူတာတုန်းဗျာ။

**တုတ်ထိုး** - ကြည့်လေ၊ ဒီအစိုးရလက်ထက်မှာ လမ်းတွေကျယ်လာတယ်။ လမ်းတွေကောင်းလာတယ်။

**အိုးပေါက်** - လုယက်မှုတွေ များနေတာတော့ ဘယ်နားသွားထားမလဲ။

**တုတ်ထိုး** - ဟောကြည့်၊အရင်က ပြည်သူတွေက အစိုးရကို ကြောက်နေရတယ်။ အခု အစိုးရကို မကြောက်ရတော့ဘူး။ တင်ပြချင်တိုင်း တင်ပြလို့ရတယ်။ ဒါကြောင့် ကောင်းပါတယ်။ ဂုဏ်ယူပါတယ်။

**အိုးပေါက်** - တင်ပြတာမှန်သမျှ လုပ်ပေးတာကျလို့၊ ဟွန်း။

**တုတ်ထိုး** - ဟောကြည့်၊ အရင်အစိုးရလက်ထက်တုန်းက နိုင်ငံရေးပြောချင်ရင် နှစ်ကိုယ်ကြားပြောနေရတယ်။ အခုဆို ပြောချင်သလိုပြော၊ ဝေဖန်ချင်သလို ဝေဖန်။ ဒါကြောင့် ကောင်းပါတယ်။ ဂုဏ်ယူပါတယ်။

**အိုးပေါက်** -ပြန်မပြော၊ နားမထောင်မျိုးကျ ဘာမှမပြောဘူး။ ဟွန်း ။ ခင်ဗျားကြည့်ရတာ မြန်မာအိုင်ဒေါမှာ ဒိုင်လုပ်နေတဲ့ ကိုရန်အောင်နဲ့ တူတူလာတယ်။

**တုတ်ထိုး** - ဗျာ။ ဘာဖြစ်လို့တုန်းဗျာ။ ဘာဆိုင်လို့တုန်း။

**အိုးပေါက်** - ကိုရန်အောင်ကလည်း မြန်မာအိုင်ဒေါမှာ ခဏခဏပြောတယ်။ ညီလေးဆိုတာ အရမ်းကောင်းပါတယ်။ ညီလေးအတွက် ဂုဏ်ယူပါတယ်။ ညီမလေးဆိုတာ အရမ်းကောင်းပါတယ်။ ညီမလေးအတွက် ဂုဏ်ယူပါတယ်တဲ့။ အခုခင်ဗျားလည်း အရမ်းကောင်းပါတယ်၊ အရမ်းဂုဏ်ယူပါတယ်ချည်း ပြောနေတော့တာပဲ။ ပြောမပြောချင်တော့ဘူး။

**တုတ်ထိုး** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။

**အိုးပေါက်** - ဒါနဲ့ပြောရဦးမယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်က တိုက်တွန်းထားတာတစ်ခုရှိတယ်။ ပြည်တွင်းမီဒီယာတွေက အားနည်းချက်တွေကို ဝေဖန်ထောက်ပြမှုနဲ့အတူ ပြည်သူတွေ အားတက်စေမယ့် သတင်းတွေကို ဖော်ပြကြဖို့ တိုက်တွန်းလိုက်တယ်ဗျ။

**တုတ်ထိုး** - ပြည်သူတွေ အားတက်စေမယ့် သတင်းမျိုးကိုလည်း လုပ်ဆောင်ဖန်တီးကြပါလို့ ကာချုပ်ကြီးနဲ့တကွ အားလုံးကို ပြန်ပြီး တိုက်တွန်းချင်ပါတယ်။

**အိုးပေါက်** - လင်းစမ်းပါဦးဗျာ။

**တုတ်ထိုး** - ပြည်သူတွေက ငြိမ်းချမ်းချင်လှပါပြီ။ တပ်မတော်ရော၊တိုင်းရင်းသားလက်နက်ကိုင်တွေရော ပြောချင်ပါတယ်။ နှစ်ဘက်လုံး စစ်ပွဲတွေ ရပ်ကြပါလို့။ ဒါဟာ ပြည်သူတွေ အားတက်စေမှာပါလို့။

**အိုးပေါက်** - မဆိုးဘူး။ နှစ်ဘက်လုံးကိုစစ်ပွဲရပ်ဖို့ ခင်ဗျားပြောတတ်လာပြီ။

**တုတ်ထိုး** - ဟုတ်တယ်လေ။ နှစ်ဘက်စလုံးကို ပြောရမယ်။ ဒါမှမျှတမယ်။ တစ်ဘက်ကတော့ ရပ်ပါ။ တစ်ဘက်ကတော့ရပ်ရပ်မရပ်ရပ်အော်တာမျိုးတော့ သဘောမကျဘူးခင်ဗျ။ ဒါကြောင့် စစ်ပွဲတွေ ရပ်ကြပါ။ နှစ်ဘက်စလုံး ရပ်တော်မူကြပါခင်ဗျ။

**အိုးပေါက်** - ဒါနဲ့ ဇွန် ၃၀ ရက်နေ့ကထွက်တဲ့ The Voice ဖတ်ပြီးပြီလား။ အဲ့ဒီမှာ "တပ်မတော်ရပ်တည်ချက်အပေါ် မေးခွန်း" ဆိုတဲ့ဆောင်းပါး ဖတ်လိုက်ရတယ်။

**တုတ်ထိုး** - မျှဝေစမ်းပါဦးဗျ။

**အိုးပေါက်** - မောင်တောဒေသစစ်ဆင်ရေးမှာ လူ့အခွင့်အရေး ဆိုးဆိုးဝါးဝါးဖောက်ဖျက်ကျူးလွန်ခဲ့တယ်ဆိုပြီး ဥရောပ(EU)က မြန်မာ့တပ်မတော်နဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ထိပ်တန်းရဲ့ အရာရှိခုနစ်ဦးကို ပိတ်ဆို့အရေးယူလိုက်သတဲ့ဗျ။

**တုတ်ထိုး** - ဒါကြောင့် မြန်မာတပ်မတော်ရဲ့ ရပ်တည်ချက်ခိုင်မာပြတ်သားရဲ့လားဆိုတာ မေးခွန်း ပေါ်လာခဲ့တာပါပဲ။

**အိုးပေါက်** - တပ်မတော်မှာ အဆင့်ဆင့်ကွပ်ကဲရလို့ စစ်ဆင်ရေးအတွက် ကွပ်ကဲခဲ့ရတဲ့ ဗိုလ်ချုပ်မောင်မောင်စိုးနဲ့ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇောတို့ တာဝန်ခံတဲ့သဘောနဲ့ ထုတ်ပယ်မှု၊ နှုတ်ထွက်ခွင့်ပြုမှုတွေကို လုပ်ဆောင်ခဲ့ရတယ်လို့ ဒေါက်တာနိုင်ဆွေဦးက သုံးသပ်ထားသဗျ။ ပြီးတော့ သူကဆက်ပြောထားသေးတယ်။ "ကချင်ပြည်နယ်မှာ ဖြစ်တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့လည်း တာဝန်ရှိသူတွေကို အရေးယူတာတွေ ရှိတယ်။ ရခိုင်ဒေသမှာ ဖြစ်ပွားခဲ့တဲ့ တာဝန်ရှိသူတွေကို အရေးယူတာတွေ အရင်ကဆို ကျွန်တော်တို့ မီဒီယာတွေရော၊ ပြည်သူတွေတောင် သိခွင့်ရချင်မှ ရလိမ့်မယ်"တဲ့ဗျ။

**တုတ်ထိုး** - ဒါနဲ့ ကာချုပ်ကြီးက ဘာလို့ ပြည်သူအားတက်စေမယ့်သတင်းမျိုးတွေ ဖော်ပြကြဖို့တိုက်တွန်းတာလဲ။ ပြည်သူလူထု သိသင့်သိထိုက်တဲ့ သတင်းမျိုးတွေ မရေးသင့်ဘူးလားဗျ။

**အိုးပေါက်** - တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်တွေ တိုးပွားဖို့ မီဒီယာတွေဆောင်ရွက်စေလိုကြောင်း ကာချုပ်ကြီးက ဆိုထားပါသေးတယ်။

**တုတ်ထိုး** - အင်း၊ မီဒီယာဆိုတာ ခွဲခြားမှု၊ ဘက်လိုက်မှု မရှိဘူးဗျ။ အစိုးရသတင်းစာတွေမှာ မပါတဲ့သတင်းတွေကို တခြားဂျာနယ်သတင်းစာတွေမှာ ဖတ်ခွင့်ရကြတယ်။

**အိုးပေါက်** - ဖွင့်ပွဲသတင်း၊ သစ်ပင်စိုက်သတင်း၊ ဘာညာဘာညာ အကြီးအကဲတွေရဲ့ လုပ်ဆောင်ချက်တွေသာ အများဆုံး ဖော်ပြနေကြတာလည်း ခင်ဗျားအသိသားနဲ့ဗျာ။

**တုတ်ထိုး** - ဒါနဲ့ ၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်မှု အခြေအနေ ဘာထူးလဲဗျာ။

အိုးပေါက် - ၂၀၀၈ ဖွဲ့စည်းပုံလား။ ပြင်ပြီးသွားပြီဗျ။

**တုတ်ထိုး** - ဒါဟာ ပြည်သူအားတက်စေမယ့် သတင်းပဲဗျ။ ပြောစမ်းပါဦး။ ဘာတွေပြင်လိုက်ပြီလဲဗျာ။

**အိုးပေါက်** - စကားဆုံးအောင်နားထောင်ဦးလေ။ ကျုပ်အိမ်မှာရှိတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ် အဖုံးပြဲသွားလို့ စာအုပ်အဖုံးပြင်ပြီး ချုပ်ထားပြီလို့ ပြောတာပါဗျ။ ဟဲဟဲဟဲ။

**တုတ်ထိုး** - ဟွန်း၊ မှတ်တောင်ထားရဦးမယ်။

**အိုးပေါက်** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒုတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံက ချမှတ်တဲ့ ရှေ့လုပ်ငန်းစဉ်ငါးရာမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပါဝင်တယ်ဗျ။ ဒါပေမယ့် ဖွဲ့စည်းပုံပါကန့်သတ်ချက်တွေကြောင့် ပြင်ဆင်ဖို့ ကြန့်ကြာဦးမယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောသဗျ။

**တုတ်ထိုး** - တစ်သက်လုံး ပြင်ရမယ့်ပုံ မပေါ်ပါဘူးဗျ။

**အိုးပေါက်** - အမျိုးသား ဒီမိုကရေစီအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောတယ်။ ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရာမှာ နိုင်ငံရေးနည်းနဲ့သာ ပြင်ဆင်သွားမတဲ့ဗျ။ ငြိမ်းချမ်းရေး ဆွေးနွေးတာမှာလည်း အခြေခံဥပဒေနဲ့ပတ်သက်တာပါတယ်။ ငြိမ်းချမ်းရေး ညီလာခံက ချမှတ်လာတဲ့မူတွေအပေါ် မူတည်ပြီး ပြည်ထောင်စုလွှတ်တော်ကနေ ပြင်ဆင်ဖို့ ကြိုးစားမှာပါတဲ့ခင်ဗျ။

**တုတ်ထိုး** - ၂၀၀၈ ခြေ/ဥလည်း ပြင်ကြပါ။ ငြိမ်းချမ်းရေးရအောင်လည်း ဆောင်ရွက်ကြပါ။ ပြီးတော့ နေရာဒေသအသီးသီးမှာရှိတဲ့ ဗိုလ်ချုပ်ရုပ်တုတွေ ပြုလုပ်ကြ၊ စိုက်ထူကြတဲ့နေရာမှာ ဗိုလ်ချုပ်ကို ဗိုလ်ချုပ်နဲ့တူအောင် ထုဆစ်ပေးကြဖို့လည်း စိစစ်တော်မူကြပါ။ ဗိုလ်ချုပ်ကဗိုလ်ချုပ်နဲ့ မတူဘဲ နတ်ကတော်လိုလို၊ ဘိုးတော်လိုလို အခုပဲ ကနားပဲပေးရတော့မလိုလို ပုံတွေ မထုဆစ်ကြပါနဲ့ဗျာလို့။ ချစ်ရာမရောက်ဘဲ နစ်နာရောက်နေပါတယ်လို့။

**အိုးပေါက်** - ဟုတ်ပ့ါ၊ ဗိုလ်ချုပ်မှာ သေပြီးမှ ရုပ်တုတွေမှာ ပုံစံအမျိုးမျိုးနဲ့ အခါခါသေနေရ၊ အခါခါဝင်စားပြနေရတယ်။

**တုတ်ထိုး** - အောင်မယ်၊ တချို့နေရာဒေသတွေက ဗိုလ်ချုပ်ရုပ်တုတွေ ထားမှာကို ကန့်ကွက်ကြသတဲ့ဗျ။

**အိုးပေါက်** - သူရဲကောင်းတွေကို မချစ်တတ်တဲ့သူဟာ သူရဲကောင်းဖြစ်ရိုး ထုံးစံမရှိဘူးဗျ။

**တုတ်ထိုး** - မှတ်သားစရာပါပဲ။

**အိုးပေါက်** - အဲ့ဒီလိုလူတွေကို ပြောလိုက်ချင်တယ်။

**တုတ်ထိုး** - ဘာပြောမှာတုန်း။

**အိုးပေါက်** - ဗိုလ်ချုပ်ပုံနဲ့ငွေစက္ကူတွေထုတ်တဲ့တစ်နေ့ အဲဒီငွေတွေ မသုံးကြနဲ့လို့။ သစ်ရွက်တွေသာ ငွေစက္ကူအဖြစ် သုံးပြီးနေကြတော့လို့။ ဟုတ်တယ်မဟုတ်လား။ ဗိုလ်ချုပ်မချစ်မှတော့ ဗိုလ်ချုပ်ပုံပါတဲ့ ပိုက်ဆံတွေလည်းမသုံးကြပါနဲ့။ မကိုင်ကြပါနဲ့လို့။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။

## အမည်ပြောင်းအသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ဖားကန့်မြို့၊တာမခန်ကျေးရွာ၊ ဝါဇီရပ်ကွက်တွင်နေပြီး၊ (၂၀၁၈ ခုနှစ် အ.ထ.က တာမခန်ကျောင်း)တွင် တက္ကသိုလ်ဝင်တန်း တက်ရောက်အောင်မြင်ခဲ့သော ခုံအမှတ် (ကဖတ - ၁၁၇) မစန်းစန်းမြ၏ဖခင်အမည်ရင်းမှန်မှာ ဦးအိုက်ဆမ်(၁၃/နခန (နိုင်) ၀၂၄၅၄၁)ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအိုက်ဆမ်
(၁၃/နခန (နိုင်) ၀၂၄၅၄၁)

တိုင်းပြည်နိုင်ငံတွေကို ကျောက်များ၊ သစ်များနဲ့ တည်ဆောက်နိုင်မှာမဟုတ်၊တိုင်းသူပြည်သားနိုင်ငံသူနိုင်ငံသားတို့ရဲ့ အကျင့်စာရိတ္တနဲ့သာ တည်ဆောက်နိုင်တယ်။

(အရစ္စတိုတယ်)

### စီးနေတဲ့ရေကို ရပ်တန့်စေတဲ့လူတွေ

တလောက လူမှုကွန်ရက်မှာ ဖတ်ပြီးပြန်ထားစာကြည့်တိုက်လေးမှာ စာအုပ်တွေ တစ်အုပ်မှ မရှိတော့တဲ့အကြောင်း ဖတ်လိုက်ရတဲ့အခါ အံ့အားသင့်သွားခဲ့ရသလို စိတ်မကောင်းလည်း ဖြစ်ခဲ့ရပါတယ်။ လူတစ်စုက လောကကောင်းကျိုးအတွက် အချိန်တွေကုန်၊ ငွေတွေ အကုန်ခံပြီး ပရဟိတတွေ လုပ်ကြတယ်။ တစ်ဖက်မှာလည်း တချို့ကိုယ်ကျင့်တရား မခိုင်ကျည်သူတွေက အများကောင်းကျိုးဆောင်ရွက်သူတွေရဲ့ လုပ်ငန်းတွေကို ဖျက်လိုဖျက်ဆီး ပြုတတ်ကြတယ်။

စာဖတ်တာ မကောင်းဘူးလား။ စာဖတ်တာ ကောင်းပါတယ်။ ဒါပေမဲ့ အများကောင်းကျိုးအတွက် ပရဟိတသမားတချို့က ယူပြီးပြန်ထား၊ဖတ်ပြီးပြန်ထား စာကြည့်တိုက်တွေက စာအုပ်တွေ ဖွင့်ပေးခဲ့တာ တစ်နှစ်ကျော်ကြာခဲ့ပြီလို့ သိရပါတယ်။ စာပေချစ်သူတွေအတွက် ရည်ရွယ်ပြီး ဖားကန့်မြို့နယ်မှာ ဖားကန့်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းမှာ အခမဲ့စာကြည့်တိုက်လေး ဖွင့်လှစ်ပေးခဲ့တာလို့ သိရပါတယ်။ အဲ့ဒီမှာ စာအုပ်တွေ ခဏခဏ ပျောက်ပါသတဲ့။ စာအုပ်တွေ အကြိမ်ကြိမ် ထည့်ခဲ့တာပါပဲ။ အုပ်ရေ ငါးထောင်ကျော်ပါပြီတဲ့။

### ကိုယ်ကျင့်တရားတွေ ဘယ်ရောက်ကုန်သလဲ

အခုတော့ အဲ့ဒီဖတ်ပြီးပြန်ထား စာကြည့်တိုက်လေးမှာ စာအုပ်တွေ တစ်အုပ်မှမရှိတော့ပါဘူးတဲ့။

ကွန်းဖောင်ဒေးရှင်စာမျက်နှာမှာ ဘာရေးထားတာတွေ့ရလဲဆိုတော့ -

-စာဖတ်စေချင်တဲ့ဆန္ဒနဲ့ အားရှိသလောက် အသိနဲ့ လုပ်ဆောင်ကြည့်တာ အခုတော့ အပြုသဘော မဆောင်ဘဲ အဖျက်သဘောသက်သက်လား။

-မူးယစ်ဆေးဝါးကြောင့်လား

-တကယ်ပဲ စာမတတ်ကြတာလား။ အဲ့ဒီလိုမေးခွန်းတွေ မေးထားတာကိုလည်း တွေ့ရတော့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ ကိုယ်ကျင့်တရားတွေ ဘယ်ရောက်ကုန်ကြပြီလဲလို့ စာရေးသူအနေနဲ့ ထပ်ပြီးမေးလိုက်ချင်မိပါတယ်။

ဖတ်ပြီးပြန်ထား စာကြည့်တိုက်လေးရဲ့ အသုံးပြုပုံကလည်း လူသာခု၊ နတ်သာခုခေါ်ချင်စရာပါပဲ။

-ဘယ်သူမဆို အခမဲ့ဖတ်ရှုနိုင်တယ်။

-အိမ်ယူပြီး ဖတ်နိုင်တယ်။ အိမ်ယူပြီးတစ်ပတ်အတွင်းပြန်လာထားပေးရမယ်။

-စာအုပ်တွေ လှူဒါန်းချင်ရင်လည်း လှူဒါန်းနိုင်တယ်။ ရည်ရွယ်ချက်ကတော့ စာဖတ်ပြီးဗဟုသုတများစေဖို့ အမှားအမှန်ကို ပိုင်းခြားသိမြင်နိုင်တဲ့ ပညာတွေ ရရှိစေဖို့။ ပြီးတော့ ဖတ်ပြီးပြန်ထားစာကြည့်တိုက်လေးမှာ ရေးထားတာက -မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ အကျင့်စာရိတ္တနှင့် စည်းကမ်းရှိမှု၊ စာအုပ်စာပေပေါ်တွင် တန်ဖိုးထားမှုတို့ကို စမ်းသပ်ခြင်းလည်း ဖြစ်ပါသည်”တဲ့။

အကျင့်စာရိတ္တ
စည်းကမ်းရှိမှု
တန်ဖိုးထားမှု

စမ်းသပ်ခံလိုက်ရတဲ့ အကျင့်စာရိတ္တ။

### ကိုယ်ကျင့်တရားတွေ ဘယ်ရောက်ကုန်ကြပြီလဲ။

### လူမျိုးတစ်မျိုးရဲ့ အသက်သိက္ခာ

“ဝိနယောစ သုသိက္ခိတော - ကျင့်ဝတ်စည်းကမ်းကို ကောင်းစွာသင်ယူခြင်း၊ လိုက်နာကျင့်သုံးခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏”လို့ မင်္ဂလသုတ်တရားတော်မှာ ပြဆိုပါတယ်။

တကယ်တော့ စည်းကမ်းဆိုတာ လူမျိုးတစ်မျိုးရဲ့တန်ဖိုး၊ နိုင်ငံတစ်ခုရဲ့ တန်ဖိုး ဖြစ်ပါတယ်။ ပြီးတော့ စည်းကမ်းဆိုတာ နိုင်ငံတစ်ခုရဲ့အသက်၊ နိုင်ငံတစ်ခုရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်ပါတယ်။

သူကြီးမလိမ်မာတော့ ရွာပျက်သတဲ့။

မြင်းမလိမ်မာတော့ ကြိုးပျက်သတဲ့။

ဖတ်ပြီးပြန်ထား စာကြည့်တိုက်လေးရဲ့ စာအုပ်တွေ တစ်အုပ်မကျန် ပျောက်ဆုံးသွားခြင်းအကြောင်းကို ဖတ်ပြီး ကျွန်တော်တို့ တိုင်းပြည်ရဲ့ ပျောက်ဆုံးနေတဲ့ ကိုယ်ကျင့်တရားတွေအကြောင်း စဉ်းစားမိရင်း သက်ပြင်းပူကြီးတွေ အကြိမ်ကြိမ်ချမိပါတော့တယ်။ ဂရိတွေးခေါ်ပညာရှင် အရစ္စတိုရဲ့ စကားတစ်ခွန်းကလည်း နားထဲ ပြေးပြေးဝင်လာပါတယ်။

“တိုင်းပြည် နိုင်ငံတွေကို ကျောက်တွေ၊ သစ်တွေနဲ့ တည်ဆောက်နိုင်မှာ မဟုတ်ပါ”တဲ့။

တိုင်းသူပြည်သား နိုင်ငံသူနိုင်ငံသားတို့ရဲ့ အကျင့်စာရိတ္တနဲ့သာ တည်ဆောက်နိုင်တာပါတဲ့။

# စာရိတ္တစာမေးပွဲ

ဂျာနွဲ့ (မြစ်ကြီးနား)



### ကမ္ဘာစောင့်တရား

ကျွန်တော်တို့ဝန်းကျင်မှာ ဟီရိသြတ္တပ္ပတရားတွေ ပျက်စီးကုန်ပြီလား။ အရှက်နှင့်အကြောက်။ မကောင်းမှုပြုရမှာကို ရှက်ခြင်း။ မကောင်းမှု ပြုလုပ်ရမှာကို ကြောက်ခြင်း။ မကောင်းမှု ပြုလုပ်ရမှာကို ကြောက်ခြင်း။ ကမ္ဘာစောင့်တရားနှစ်ပါးကို ကျွန်တော်တို့ စောင့်ထိန်းဖို့လိုတယ်။ ဆောင်ရန်ရှောင်ရန်ကို သိကြဖို့ လိုတယ်။

စာရိတ္တ - ပြုကျင့်ရမယ့်ကိစ္စ။

ဝါရိတ္တ - ရှောင်ကြဉ်ရမယ့်ကိစ္စ။

အခုတော့ ပြုကျင့်ရမှာကို မပြု။ ရှောင်ကြဉ်ရမှာကို မရှောင်ကြတော့။ ကောင်းမှုမကောင်းမှုခွဲခြားမသိကြတော့။

အဖေရင်းက သမီးရင်းကို မုဒိမ်းမှုကျူးလွန်သတဲ့။ ဦးလေးအရင်းဖြစ်သူက အဘိုးဖြစ်သူက။ အစ်ကိုအရင်းဖြစ်သူက။ မကြားဝံ့မနာသာ ဖြစ်နေကြတဲ့ လောကကြီးမှာ ဟီရိသြတ္တပ္ပတရားနှစ်ပါးဟာ ပါးရှားလို့။ အသိဉာဏ်အမိုက်မှောင်တွေ ကန်းချင်သလို ကန်းနေကြတော့တာပါပဲ။

### ရောင်းသူ မမဲ့ရဲပါ

လွန်ခဲ့တဲ့ သုံးလေးနှစ်အတွင်း ကျွန်တော်တို့နိုင်ငံမှာ ရောင်းသူမဲ့ဆိုင်တွေ ခေတ်စားခဲ့ကြသေးတယ်။ ဘာကြောလိုက်လို့လဲ ရောင်းသူမဲ့ဆိုင်တွေ နောက်ထပ်ပေါ်မလာရဲကြတော့ဘူး။ ရောင်းသူမဲ့ဖွင့်တဲ့ ပရဟိတသမားတွေကလည်း ဝေဿန္တရာမဟုတ်တော့ ဘယ်လောက်ထိကြံ့ကြံ့ခိုင်ခိုင်ကြမှာလဲ။ ဒါဟာ နိုင်ငံတော်အတွက် ရှက်ရွံ့ဝမ်းနည်းစရာကောင်းတဲ့ စာရိတ္တစာမေးပွဲကျရှုံးမှု ဖြစ်ပါတယ်။

### ဘယ်အရပ်မှာ ပုန်းရှောင်ရပ့်

ဒီစာဖတ်နေချိန်မှာ ဆရာကြီးဦးသုခရဲ့ သုခမှတ်စုကို သတိရမိပါတယ်။ အဲ့ဒီထဲမှာ ဖတ်မိတာလေးတွေ ပြန်မျှဝေချင်ပါတယ်။

လောက၌ ရှောင်ကြဉ်ရာသည် ၄ ပါး

(၁) ဦးချိုရှိသော သတ္တဝါတို့ကို အတောင်ငါးဆယ်ရှိလောက်သောအရပ်က ရှောင်ကြဉ်ရာသည်။

(၂)အစွယ်ရှိသောဆင်ကို အတောင်တစ်ရာရှိသောအရပ်က ရှောင်ကြဉ်ရာသည်။

(၃)မြင်းသတ္တဝါတို့ကား အတောင်တစ်ရာအရပ်က ရှောင်ကြဉ်ရာသည်။

(၄)မကောင်းသောလူယုတ်မာတို့ကိုကား အရပ်ကိုစွန့်ခြင်းဖြင့် လျင်စွာရှောင်ကြဉ်ရာသည်။

မကောင်းတဲ့ဝန်းကျင်တစ်ခုမှာရောက်ပြီး မလုံမခြုံခံစားနေရတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ဘယ်အရပ်ဘယ်ဒေသကို ရှောင်ရှားရင် ကောင်းပါ့မလဲ။

### အဖျက်စိတ်

မလုံခြုံပါဘူး။ ပြည်သူတွေဟာ မလုံခြုံကြဘူး။ ခိုးမှုတွေကြောင့် မလုံခြုံဘူး။ မုဒိမ်းမှုတွေကြောင့် မလုံခြုံဘူး။ လူသတ်မှုတွေကြောင့် မလုံခြုံဘူး။ လမ်းပေါ်မှာလည်း မလုံခြုံဘူး။ အိမ်မှာနေလည်း မလုံခြုံဘူး။ စစ်ပွဲတွေကြောင့် မလုံခြုံဘူး။ လူကုန်ကူးမှုတွေကြောင့် မလုံခြုံဘူး။ မလုံခြုံပါဘူး။ ပြည်သူတွေဟာ မလုံခြုံကြဘူး။

အဂတိတရား(၄)ပါးကြောင့် ပြည်သူတွေ မလုံခြုံဘူး။ စာရိတ္တဆိုတဲ့ ကိုယ်ကျင့်တရား ခေါင်မိုးမလုံခြုံကြတဲ့အခါ ရှင်သန်နေထိုင်မှုမှာ ဘယ်နေရာမှ မလုံခြုံတော့ပါ။

ကိုယ်ကျင့်တရားတွေ ပျက်ယွင်းတဲ့အခါ ကိုယ်ချင်းစာတရားတွေ ခေါင်းပါးလာကြတယ်။ ဂါရဝတရား၊ နိဝါတတရားတွေ ပျောက်ရှကုန်ကြတယ်။ ချစ်ခြင်းမေတ္တာဟာ ကာလနဂါးလို အိပ်မောကျကုန်တော့တယ်။ အဖျက်စိတ်ဟာ နှလုံးသားထဲ ဦးနှောက်ထဲဝင်ရောက်ကုန်တော့တယ်။

သူတစ်ပါး စိတ်ဆင်းရဲပြီးမှ ရတဲ့ပျော်ရွှင်မှုကို ဖန်တီးတတ်တာ အဖျက်စိတ်ပါပဲ။ သူတစ်ပါး ငွေကြေးဥစ္စာကို အချောင်လိုချင်တာ အဖျက်စိတ်ပါပဲ။ သူတစ်ပါး အသက်ခန္ဓာရင်းနှီးပြီးမှ ရရှိတဲ့ငွေကြေးဥစ္စာအပေါ်မှာ သာယာနေတာ အဖျက်စိတ်ပါပဲ။ အများပိုင်ပစ္စည်းကို ဖျက်ဆီးလိုစိတ်ဟာ အဖျက်စိတ်ပါပဲ။ အဖျက်စိတ်တွေနဲ့ နေထိုင်တဲ့လူတွေဟာ စာရိတ္တခေါင်းပါးနေကြတာပါပဲ။ စာရိတ္တစာမေးပွဲမှာ ကျရှုံးနေကြတာပါပဲ။

စာရိတ္တစာမေးပွဲအတွက် အကောင်းဆုံး နတ်လမ်းညွှန်ကတော့ စာအုပ်စာပေတွေထဲက အသိဉာဏ်ပညာတွေကို တူးဖော်နိုင်ဖို့ပါပဲ။

### ပြောင်းလဲချိန်တန်ပြီ

NLD ပါတီဟာ ပြောင်းလဲချိန်တန်ပြီ ကြွေးကြော်သံနဲ့ချီတက်လာခဲ့ပြီး NLD အစိုးရဖြစ်လာခဲ့တယ်။ အစိုးရတစ်ခုကနေ နောက်အစိုးရတစ်ခု ပြောင်းလာတယ်။ အာဏာရှင်အစိုးရကနေ ဒီမိုကရေစီအစိုးရအဖြစ် ပြောင်းလာတယ်။ တချို့ကိစ္စတွေက ပြည်သူတွေရဲ့ တစ်ဦးတစ်ယောက်ချင်းစီရဲ့ အသိတရားတွေပါ ပြောင်းလဲဖို့ လိုတာပါ။

စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးတာ၊ စည်းကမ်းမဲ့အမှိုက်ပစ်တာ စတဲ့အသေးစားသိတတ်မှုတေလးတွေကနေ နိုင်ငံကြီးသားပီသတဲ့ ကြီးမြတ်တဲ့လူမျိုးဖြစ်ဖို့ ကြိုးစားကြရပါဦးမယ်။

ယူပြီးပစ္စည်းပြန်ထားတာလေးစားစရာကိစ္စဖြစ်ပါတယ်။ ပြည်သူ့အကျိုးအတွက် ထားရှိတဲ့ လုပ်ငန်းဆောင်တာတွေကို ဖျက်ဆီးတာ၊ ပျက်စီးအောင်ကြံစည်အားထုတ်တာ ဒါတွေဟာ ယုတ်ညံ့တဲ့ စိတ်ဓာတ်တွေ ဖြစ်ပါတယ်။

### တောတိုင်းတောင်တိုင်း မွှေးပျံ့စေ

ပန်းသတင်း လေညင်းဆောင်တယ်ဆိုပေမယ့် အဲ့ဒီပန်းရဲ့ရနံ့ဟာ လေသင့်ရာပဲ မွှေးပျံ့နိုင်ပါတယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ ကိုယ်ကျင့်တရားရနံ့၊ ပညာရနံ့ကတော့ အရပ်မျက်နှာအနှံ့ မွှေးပျံ့နိုင်စွမ်း ရှိပါတယ်။ တောတိုင်းတောင်တိုင်း ကိုယ်ကျင့်တရားရနံ့တွေ မွှေးပျံ့စေချင်တာပါပဲ။

တလောက ထိုင်းနိုင်ငံက လုပ်တဲ့ စာပေဟောပြောပွဲ လုပ်တယ်။ဟောကြားတဲ့ဆရာတော်က စာရေးဆရာ“တက္ကသိုလ်တာရာလင်း”ပါပဲ။ ဆရာတော်က ဟောပြောချက်တွေကို “စာဖတ်ခြင်းဖြင့် စိတ်ဓာတ်အင်အား မြှင့်တင်ပါ”ဆိုတဲ့ဆောင်းပါးမှာ ထည့်သွင်းထားပါတယ်။

စာ - ၁၇ သို့ »

# တစ်သျှူးငှက်ပျောစိုက်ပျိုးမှုကို ဆန့်ကျင်သည့် အနေဖြင့် ငှက်ပျောခြံပြုလုပ်မည့်နေရာတွင် ဒေသခံများက သစ်ပင်ဝင်စိုက်



ရွှေညောင်ပင်ကျေးရွာမှ တရုတ်တစ်သျှူးငှက်ပျောစိုက်ခင်း ဓာတ်ပုံ – မွန်းမွန်းပန်

ဇူလိုင် ၅

ဝိုင်းမော်မြို့နယ်၊ ရွှေညောင်ပင်ကျေးရွာအနီး၌တစ်သျှူးငှက်ပျောစိုက်ရန် ထွန်ယက်မြေ ပြင်ထားသည့် ငှက်ပျောခြံနေရာတွင် ဒေသခံများက နှစ်ရှည်ပင် ၇၀၀၀ ကျော် ဝင်ရောက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဆမားအသင်းတော်ဇုန်နယ် ကက်သလစ်အသင်းသားများနှင့် နှစ်ခြင်းအသင်းတော်၊ အသင်းသား အယောက် ၂၀၀ တို့က ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ဂါးရာယန်နှင့်ရွှေညောင်ပင်ကျေးရွာနယ်နိမိတ်တွင် ငှက်ပျောစိုက်ပျိုးထားသည့်မြေ၌ တစ်ဦးလျှင် ၅ ပင်နှုန်းဖြင့် ဇူလိုင်လ ၄ ရက်က သွားရောက်စိုက်ပျိုးခဲ့ကြရာ ယင်းအပင်များကို ဝိုင်းမော်မြို့သစ်တောဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ဒေသခံပြည်သူတွေက သူတို့ရဲ့မြေနေရာကို ကာကွယ်တဲ့အနေနဲ့ ဆုတောင်းဝတ်ပြုပြီး သစ်ပင်စိုက်ပျိုးတာမျိုးကို သွားလုပ်တာဖြစ်ပါတယ်။ သစ်တောရုံးကလူကြီးတွေနဲ့အတူ သွားခဲ့တာပါ။ ငှက်ပျောပင်တောင်စိုက်ထားကြပြီ။ ဒါပေမယ့် ပြည်သူတွေအနေနဲ့ အပင်သွားစိုက်တာ ဖြစ်ပါတယ်" ဟု သစ်ပင်သွားရောက်စိုက်ပျိုးရာတွင် ပါဝင်ခဲ့သည့် အမျိုးသားတစ်ဦးက ပြောသည်။

တရုတ်စိုက်ပျိုးရေးကုမ္ပဏီကို ငှက်ပျောမစိုက်ပျိုးရေး တားဆီးပေးရန် သက်ဆိုင်ရာသို့ လျှောက်ထားခဲ့၍ ဝိုင်းမော်မြို့နယ် သစ်တောဦးစီးဌာနမှ တရားစွဲဆိုမှုများဆောင်ရွက်ခဲ့သော်လည်း ငှက်ပျောစိုက်ပျိုးမှုကို ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

နန်ဆန်၊ ကဇူး၊ ဒဘတ်၊ ဂါးရားယန် အစရှိသည့် ဆမားဇုန်နယ်ဒေသများမှာ ဝိုင်းမော်မြို့နှင့် ဗန်းမော်မြို့ကိုဆက်သွယ် ထားသောလမ်းမကြီးပေါ်ရှိကျေးရွာများဖြစ်ပြီးယင်းဒေသခံပြည်သူများသည် စစ်ဘေးကြောင့် ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသည်။

ယင်းဒေသခံများ ကျေးရွာတွင်မရှိခိုက် တရုတ်ကုမ္ပဏီများက ငှက်ပျောဝင်စိုက်နေသည့်အတွက် ဒေသခံများက အစိုးရထံ အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း ပြောင်းလဲမှုမရှိသည့်အတွက် ထိုသို့ နှစ်ရှည်ပင်များ စိုက်ပျိုးရခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အသင်းတော်နှစ်ခုပူးပေါင်းပြီး နှစ်ရှည်ပင်များ သွားရောက်စိုက်ပျိုးခဲ့သည့် မြေနေရာသည် ရွှေညောင်ပင်ဒေသခံပြည်သူများ၏ ဒေသခံအစုအဖွဲ့ပိုင်သစ်တော (CF) လျှောက်ထားသည့် မြေနေရာဖြစ်သည့်အတွက် ၎င်းတို့ကိုလည်း ရွှေညောင်ပင်ဒေသခံများက ပြန်လည်ကန့်ကွက်သွားမည်ဟု ဒေသခံများက ပြောသည်။

"ကျွန်တော်တို့ကိုလည်း တိုင်ပင်ခြင်းမရှိဘဲ ဆမားအသင်းတော်က အသင်းသားတွေရောက်ချလာပြီး (CF) လျှောက်ထားတဲ့နေရာကို သစ်ပင် လာစိုက်သွားကြတယ်။ သူတို့အဲဒီလိုလုပ်ပြီး ကျွန်တော်တို့မြေကို လာယူသွားမှာ လုံးဝသဘောမတူနိုင်ဘူး၊ မလိုချင်ဘူး"ဟု CF လျှောက်ထားသည့်အဖွဲ့မှ ရွှေညောင်ပင်ဒေသခံတစ်ဦးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ဒေသခံများက ဝိုင်းမော်သစ်တောဦးစီးမှူးထံ အကြောင်းကြားထားကြောင်း သိရသည်။

ဆမားဇုန်နယ်အသင်းသားများအဖွဲ့က ထိုသို့နှစ်ရှည်ပင်များ ဝင်ရောက်စိုက်ပျိုးခြင်းသည် ၎င်းတို့သတ်မှတ်ယူထားသည့် မြေနေရာအခြမ်း၌ ငှက်ပျောပင်များစိုက်ပျိုးလိုက်သည့်အတွက် မြေလွတ်မရှိတော့သဖြင့် ရွှေညောင်ပင်ဧရိယာကို ရယူပိုင်ဆိုင်လို ခြင်းကြောင့်ဖြစ်သည်ဟု ရွှေညောင်ပင်ဒေသခံများက ပြောသည်။

မွန်းမွန်းပန်

# ရာထူးမှထုတ်ပယ်ခံရသည့် လုံးခင်းအထက်တန်း ကျောင်းအုပ်ဆရာမကြီး ကိုယ်စား ကျောင်းကော်မတီဝင်တို့ အသနားခံစာတင်

မြစ်ကြီးနား၊ ဇူလိုင် ၁၀

ဖားကန့်မြို့နယ်၊ လုံးခင်းအထက်တန်းကျောင်းအုပ်ဆရာမကြီးသည် ငွေကောက်ခံခြင်းနှင့် အလွဲသုံးစားပြုလုပ်သည်ဟုဆိုကာ ပြည်သူ့လွှတ်တော်မှတစ်ဆင့် ပညာရေးမြှင့်တင်မှုကော်မတီက ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း သိရသည်။

ဆရာကြီး ဒေါ်ခင်စန်းဝင်းက ကျောင်းသားများထံမှ ငွေကြေးကောက်ခံသည်ဟုဆိုကာ အချက် ၁၂ ချက်ပါသော တိုင်ကြားစာကို ကျောင်းအကျိုးတော်ဆောင်ကော်မတီမှ ပြည်သူ့လွှတ်တော်သို့တင်ပြခဲ့သဖြင့် အထက်ပါအတိုင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အသေးစိတ်ကတော့ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်တစ်ဦးတစ်ယောက်တည်းက ပြောတာမျိုးဖြစ်မှာစိုးလို့ပါ။ ပွင့်ပွင့်လင်းလင်းအားလုံးရဲ့ရှေ့မှာ ထင်သာမြင်သာနဲ့ ချပြချင်လို့ပါ" ဟု ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးမြင့်ရီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

တိုင်ကြားစာတွင် အဓိကပါရှိသည့် အကြောင်းအချက်များမှာ ၂၀၁၆ ဖေဖော်ဝါရီလ အတန်းတင်စာမေးပွဲ အောင်လက်မှတ်များကို တစ်စောင် ၁၀၀၀ ကျပ် ကောက်ယူခြင်း၊ ဇွန်လ ကျောင်းဖွင့်ချိန်တွင် အထက်တန်းကျောင်းသားများအား မဝယ်မနေရ အစီအစဉ်ဖြင့် စာအုပ်၊ ခဲတံ ကျောင်းသုံးစာရေးကိရိယာများကို ၄၅၀၀ ကျပ်ဖြင့် ရောင်းချပြီး ကျန်အတန်းများကို ကျပ် ၃၀၀၀ ဖြင့် ရောင်းချခြင်း၊ ၂၀၁၆ ခုနှစ်က MRC တစ်စောင်လျှင် ၁၀၀ ကျပ်ဖြင့် ရောင်းချခြင်း၊ ယခင်ကျောင်းအုပ်ကြီး လွှဲပြောင်းပေးခဲ့သော ၆၅ သိန်းကို ထုတ်ယူပြီး ကျောင်းအကျိုးတော်ဆောင်ကော်မတီနှင့် တိုင်ပင်ခြင်းမရှိဘဲ လိုင်စင်မဲ့ကားတစ်စီးကိုဝယ်ယူပြီး ကျန်ငွေသိန်း ၂၀ ကို အတိုးချေးထားပေးခြင်းနှင့် ၂၀၁၆ ခုနှစ်အတွင်း ရေသန့်စက်ဝယ်ရန် ကျောင်းသားများထံမှ တစ်ဦးလျှင် ၁၀၀၀ ကျပ်နှုန်း ကောက်ခံခဲ့ကြောင်း ပါရှိသည်။

ထို့အပြင် ၂၀၁၇ ပညာသင်နှစ်က ရေသန့်စက် ဆီဖိုးအတွက်ကျောင်းသားတစ်ဦးလျှင် ကျပ်၁၀၀၀နှုန်းကောက်ခံခြင်း၊ ၂၀၁၇ ခုနှစ် ကျောင်းတွင်းစစ်လပတ်စာမေးပွဲတွင် ၄ တန်း၊ ၈ တန်းနှင့် ၁၀တန်းကျောင်းသူ/သားများထံမှ မေးခွန်းစာရွက်ကြေး ၂၀၀ ကျပ်ကောက်ခံခြင်း၊ ၂၀၁၇ မတ်လတွင် ဖြေဆိုမည့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသူ/သားများထံမှ ခုံပြင်ဆင်စရိတ်အဖြစ် တစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်း ကောက်ခံခြင်း၊ ၂၀၁၆-၁၇ ပညာသင်နှစ်အတွက် နိုင်ငံတော်မှ ထောက်ပံ့ထားသည့် ရန်ပုံငွေကျပ် ၁၅၃ သိန်းကျော်( ၁၅၃၃ ၅၀၀၀ ကျပ်)ကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအတိုင်း ထောက်ပံ့ကြေးသုံးစွဲရေးကော်မတီမှ မသိဘဲ စာရင်းစစ်မှ လက်မှတ်ရေးထိုးခဲ့ခြင်း၊ ယခင်ဆရာ/မများ သက်သာချောင်ချိရေးအတွက် ကျောင်းဝင်းအတွင်းထားရှိသော ကျောင်းဈေးဆိုင် ၁၄ ဆိုင်မှ တစ်နှစ်ဝင်ငွေကျပ်သိန်း ၅၀ ကျော်အား ကျောင်းအုပ်တစ်ဦးတည်းမှ ကိုင်တွယ်သုံးစွဲပြီး ရှင်းတမ်းထုတ်ပြန်မှုမရှိခြင်း စသည့်အချက်များလည်း တိုင်ကြားစာတွင် ပါရှိသည်။

အထက်ပါတိုင်ကြားစာတွင် ပါရှိသည့်အချက်များကြောင့် ရာထူးမှထုတ်ပယ်သည်အထိ အပြစ်ပေး၊ အရေးယူခြင်းသည် မထိုက်တန်သဖြင့် ကျောင်းအုပ်ဆရာမကြီးကိုယ်စားအသနားခံစာ ပြန်လည်တင်ပြထားသည် ဟုလည်းကျောင်းအုပ်ဆရာမကြီးဘက်မှ ရပ်တည်သည့်ကျောင်းကော်မတီအဖွဲ့ဝင် ဦးဇော်မိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ရေသန့်စက်အတွက် ၁၀၀ နှုန်း ၂၀၀ နှုန်း ကောက်တယ်ဆိုတာ ဆရာမကြီးမလာခင်ကတည်းက ရှိပါတယ်။ ကားဝယ်တယ်ဆိုတာလည်း ဆရာမကြီးမလာခင်ကတည်းက ရှိတဲ့ပိုက်ဆံကို ထုတ်ပြီးဝယ်လိုက်တာ။ ပညာရေးမိသားစုတွေနဲ့ ဆုံးဖြတ်ပြီးမှဝယ်တာ။ ဆရာမကြီးတစ်ယောက်တည်း ဆုံးဖြတ်ပြီးဝယ်တာမဟုတ်ပါဘူး။ ပြစ်မှုပြစ်ဒဏ်နဲ့ ဆရာမကြီးနဲ့ မသင့်တော်ဘူးဆိုပြီးတော့ အသနားခံစာတင်ထားတယ်" ဟုလည်း ဦးဇော်မိုးက ရှင်းပြသည်။

အထက်ပါတိုင်ကြားစာကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျောင်းအကျိုးတော်ဆောင်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးမှူး၊ ကော်မတီဝင်သုံးဦးနှင့် ရပ်မိရပ်ဖနှစ်ဦးတို့က တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# ကွန်မြူနီတီစင်တာ နှစ်ပတ်လည် အခမ်းအနားတွင် စာပေဟောပြောပွဲ ထည့်သွင်းကျင်းပမည်

မြစ်ကြီးနား၊ ဇူလိုင် ၉

လာမည့် ဇူလိုင်လ ၁၆ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်တော့မည့် မြစ်ကြီးနားမြို့၊ ကွန်မြူနီတီစင်တာ (ခရိုင်စာကြည့်တိုက်)၏ နှစ်ပတ်လည်နေ့အခမ်းအနားတွင် စာပေဟောပြောပွဲ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ဌေးဝင်းက ပြောသည်။

နံနက် ၉နာရီ တွင် နှစ်ပတ်လည်အခမ်းအနား စတင်ကျင်းပမည်ဖြစ်ပြီး ပါဝင်ဟောပြောမည့်သူများမှာ စာရေးဆရာစောနဒီ၊ ဆရာကောင်းသန့်၊ ဆရာလင်းဇော်ဦးတို့ ဟောပြောမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့က ဒီမှာနှစ်ပတ်လည်နေ့ အခမ်းအနားလုပ်တယ်လေ။ ဒီအခမ်းအနားမှာ မြစ်ကြီးနားမှာရှိတဲ့ လူငယ်တွေလည်း ဒီစာပေဟောပြောပွဲမှာ ဒီအသိအမြင်ဗဟုသုတတွေ ရစေချင်တဲ့အတွက် လုပ်ရတာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ဌေးဝင်းက ဆက်လက်ပြောပြသည်။

စာရေးဆရာ စောနဒီသည် နေ့လည် ၂ နာရီမှ ၃ နာရီထိ ဟောပြောမည်ဖြစ်ကာ ဆရာကောင်းသန့်က ညနေ ၃ နာရီမှ ၄ နာရီအထိ၊ ဆရာလင်းဇော်ဦးက ညနေ ၄ နာရီမှ ၅ နာရီအထိ ဟောပြောသွားမည်ဖြစ်သည်။

"အဓိကကတော့ လူငယ်တွေစာဖတ်ဖို့ပေါ့။ စာဖတ်ခြင်းနဲ့ နိုင်ငံတော်ကို တည်ဆောက်ဖို့ပေါ့။ ဆင်းရဲတွင်းကနေ လွတ်မြောက်ဖို့ပေါ့။ တိုင်းပြည်နဲ့လူမျိုးဖွံ့ဖြိုးဖို့ စာဖတ်ဖို့ပေါ့။ လူငယ်တွေအရှုံးမပေးတတ်ဖို့ အဓိက အဲ့ဒါတွေပဲ ရည်ရွယ်ပြီး ဟောပြောသွားမှာပါ"ဟု ဆရာစောနဒီ(မြစ်ကြီးနား)က ပြောသည်။


အဆိုပါ နှစ်ပတ်လည်အခမ်းအနားတွင် စာပေဟောပြောပွဲအပြင် စကားရည်လုပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ကွန်ပျူတာဂိမ်းပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ စေတနာ့ဝန်ထမ်းဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်းတို့ ပါဝင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆန်လတ်

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း

ဂျူးလူမျိုး စာရေးဆရာ အယ်လီဝီဆယ်လ်၏ စာအုပ်ကို ဆရာတင်မောင်မြင့်က ည ဆိုပြီး ဘာသာပြန်ထားခြင်း ဖြစ်သည်။ အယ်လီဝီဆယ်မှာ ဟစ်တလာ၏ ဂျူးလူမျိုးအမြစ်ပြတ်ချေမှုန်းသတ်ဖြတ်ပွဲမှ လွတ်မြောက်လာသော ဂျူးလူမျိုးကလေးငယ်တစ်ယောက် ဖြစ်သည်။ မိသားစုအားလုံး နာဇီအကျဉ်းစခန်းများတွင် သတ် ဖြတ်ခြင်းခံခဲ့ရပြီးနောက် ဘဝကို မိဘမဲ့ကလေးကျောင်းမှာ ရှင်သန်လူလားမြောက်ခဲ့ရပြီး အတိတ်မှ နာကျင်စရာဖြစ်ရပ်ဆိုးကြီးများကို ကြိုးစားမေ့ဖျောက်နေရသူဖြစ်သည်။ သူကြုံခဲ့ရသော အဖြစ်ဆိုးကြီးမှာ စကားလုံးဖြင့် ဖော်ပြရန် စကားလုံးမလုံလောက်။ သို့သော်လည်း အချိန်တန်သောအခါ ဂျူးလူမျိုးတို့ ကြုံတွေ့ခဲ့ရသော ခါးသီးမှုများကို စကားလုံးများအဖြစ် ရေးသားဖော်ပြနိုင်ခဲ့တော့သည်။ ယခုစာအုပ်သည် ဂျူးလူမျိုးတို့၏ ကြမ္မာဆိုးနှင့် နာဇီဝါဒ၏ ရက်စက်ကြမ်းကြုတ်မှုများကို အတွင်းအကျဆုံးဖော်ပြနိုင်သော စာအုပ်တစ်အုပ်ဖြစ်သည်။




| ည |
|---|
| စာရေးသူ = တင်မောင်မြင့် |
| စာအုပ်တိုက် = လင်းလွန်းခင် |
| တန်ဖိုး = ၂၀၀၀ ကျပ် |

"ကြိုးပေးသည့် မြင်ကွင်းများကို ကျွန်တော်တို့ မကြည့်မနေ ကြည့်ကြရသည်။ သို့သော် ဘယ်ကြိုးသမားမျှ မျက်ရည်ကျသည်ကို မတွေ့ရ။ ခြောက်သွေ့နေသည့် အရိုးစုများတွင် မျက်ရည်မရှိတော့ပေ။ မျက်ရည်၏ ခါးသီးမှုအရသာကို သူတို့မေ့နေကြပြီ။

တစ်ခါတွင်တော့ မျက်ရည်ကျသူကို ကျွန်တော်တွေ့ဖူးလိုက်သည်။ အမှတ်(၅၂)ကြေးနန်းကြိုးအလုပ်ရုံမှ လက်ကောက်ကြီးက ခြောက်ပေကျော် ဒတ်ချ်လူမျိုး လူ့ဘီလူးကြီးတစ်ယောက်ဖြစ်သည်။ သူ့လက်အောက်တွင် အကျဉ်းသား ခုနစ်ရာကျော်ရှိသည်။ အားလုံးက သူ့ကိုချစ်ကြသည်။ ဘယ်သူ့ကိုမျှ သူကမရိုက်မနှက်၊ နိုင်လိုမင်းထက်မနှိပ်စက်။

သူ့လက်အောက်တွင် နတ်ဆိုးကလေးတစ်ယောက် ရှိသည်။ သူတို့လို ချာတိတ်ကလေးတွေကို နတ်ဆိုးကလေးများဟု ခေါ်ကြ၏။ လူချောကလေးတွေ ဖြစ်၏။ဘူနာစခန်းတွင် သူတို့လို ကောင်လေးတွေကို လူတိုင်းမုန်းကြသည်။ သူတို့ကို အထက်လူကြီးများက လက်သပ်မွေးထားကြ၏။ ဤသို့ဖြင့် သူတို့သည် သူတို့ဆရာများထက် ရက်စက်သူများ၊ လက်သံပြောင်သူများ ဖြစ်လာကြ၏။ ကျွန်တော်တစ်ယောက်တွေ့ဖူးသည်။ ၁၃ နှစ်သားကလေး။ ( စာ - ၉၆ မှ)

---

ရသစာပေ ဝတ္ထု၊ ဆောင်းပါး၊ အက်ဆေး အရေးအကောင်းသော ဆရာလူခါး၏ ဝတ္ထုတိုစုစည်းမှုစာအုပ် ဖြစ်သည်။ မြန်မာပြည်အပြင်ဘက် စာအုပ်ဖြင့် ရောင်းအားအကောင်းဆုံးစာရေးဆရာတစ်ယောက်ဖြစ်လာပြီး ဆောင်းပါးပေါင်းချုပ်စာအုပ်များလည်း ဆက်လက်ထွက်ရှိလာမည်ဖြစ်ပါသည်။ ခေတ်ပြိုင်လူနေမှုဘဝ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အကြောင်းအရာများကို ရသမြောက်အနုပညာအဖွဲ့ လက်ရာများဖြင့် ထိထိမိမိရေးတတ်သော ဆရာလူခါး၏ လက်ရာများကို စုစုစည်းစည်းဖတ်ရှုရမည် ဖြစ်ပါသည်။ ဝတ္ထုတို ၁၇ ပုဒ်ပါ ဝင်ပြီး မဂ္ဂဇင်းအသီးသီးတွင် ရေးသားဖော်ပြခဲ့သော လက်ရာများဖြစ်ပါသည်။




| ကျွန်တော်မရေးရသေးသည့် လူကြိုက်များဦးမည့် ဝတ္ထု |
|---|
| စာရေးသူ =လူခါး |
| စာအုပ်တိုက် = အညာနေစာပေ |
| တန်ဖိုး = ၃၀၀၀ ကျပ် |

ကလေးတွေက နောက်သလိုပြောင်သလိုနဲ့ "စူပါဖိုက်တာ"လို့ မကြားတကြားခေါ်ကြတယ်။ ဟုတ် တယ်လေ။ သူ့ဘဝကလည်း ဘာထူးလို့လဲ။ လကုန်လို့ လစာထွက်တာနဲ့ ရေဖိုး၊မီးဖိုး၊အိမ်သာပြင်ခ၊ ဘာညာဆိုပြီး သူငွေးပေးတဲ့ စာရွက်တစ်ရွက်နဲ့ ဟိုအဆောင်ကူး၊ဒီအဆောင်ကူးနဲ့ မိုက်ကြေးခွဲရတဲ့ ဘဝမို့လား။ ဒီကြားထဲ နီပေါတွေ၊ဘင်္ဂလားတွေကပါသေး။ ကြာတော့ ကိုယ့်ကိုယ်ကိုယ်တောင် မသတိတော့ဘူး။ အဆန်ချောင်နေတဲ့ ခရုတစ်ကောင်လိုခံစားရတယ်။ အဲဒီတော့ သူ ထွက်ပေါက်ရှာတယ်။

သူ့ဘဝကို ဒီမလေးရှားမြေထဲက ဆွဲထုတ်ချင်နေတာကြာပြီ။ အခုမှပဲ သူ့ဆန္ဒ ပြည့်ဝတော့မယ်။ဟုတ်တယ်။မြန်မာပြည်ကနေ မလေးရှား၊မလေးရှားကနေ စင်ကာပူ။ သူ့ဘဝကို အလှည့်အပြောင်းဖြစ်အောင် လုပ်မယ်လို့ သူဆုံးဖြတ်ပစ်ခဲ့တယ်။ သူ စင်္ကာပူကိုကူးတော့မယ်။ မလေးရှားကိုရောက်ပြီး သူငွေးဆီကထွက်ပြေးလာတာ ဆိုတော့ အခုသူက အိုဗာစတေးပေါ့။ အိုဗာစတေးတစ်ယောက်အနေနဲ့ စင်္ကာပူကိုကူးမယ်ဆိုတော့ သူရွေးချယ်လိုက်ရတဲ့လမ်းက အောက်လမ်း။ စင်္ကာပူနဲ့ မလေးရှားကို ခြားထားတဲ့ မြစ်ကလေးရဲ့သုံးပုံတစ်ပုံလောက်အထိ ကြားပွဲစားက စက်လှေနဲ့ ပို့ပေးမယ်။

ဟိုဘက်ကမ်း ရောက်အောင်တော့ ကိုယ့်အရည်အချင်းနဲ့ကိုယ် လက်ပစ်ကူးရမယ်။ ဟိုဘက်ကမ်း ရောက်သည်အထိ ချောချောမွေ့မွေ့ဆိုရင်တော့ ဟိုဘက်ပွဲစားကလာခေါ်။ အလုပ်ဝင်ပေါ့။ မချောမွေ့လို့ကတော့ ဘာစဉ်းစားရမှာလဲ။ နောင်ခါလာ နောင်ခါချေးပေါ့။ ယောက်ျားပဲ။ သေတစ်နေ့ မွေးတစ်နေ့ပေါ့။

"ကဲ - ဟိုတစ်ယောက် စက်လှေပေါ် တက်လေ။ ဘာလဲ အခုမှ ကြောက်နေပြီလား"(စာ - ၈၁ မှ)

---

## မြစ်ကြီးနားသတင်းဂျာနယ် ထုတ်ဝေမည့်နေ့ ပြောင်းလဲ

အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေခဲ့သည့် မြစ်ကြီးနားသတင်းဂျာနယ်ကို ဇူလိုင်လ ၂၃ ရက်တွင် ထုတ်ဝေမည့် အတွဲ (၅)၊ အမှတ် (၂၅) မှစ၍ တနင်္လာနေ့တိုင်း ထုတ်ဝေသွားမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

---

## မြစ်ကြီးနားမြို့ ကုန်စည်ဈေးနှုန်း

| ကုန်စည်အမည် | ဈေးနှုန်း |
|---|---|
| ဆန်မာတစ်အိတ် | ၂၈၀၀၀ကျပ် |
| ချင်းတုန်းတစ်အိတ် | ၂၈၀၀၀ကျပ် |
| ပေါ်ဆန်းမွှေးတစ်အိတ် | ၅၈၀၀၀ကျပ် |
| လုံးသွယ်မွှေး | ၄၂၀၀၀ကျပ် |
| ဆိတ်သား | ၁၃၀၀၀ကျပ် |
| အမဲသား | ၁၄၀၀၀ကျပ် |
| ငါး | ၄၀၀၀ကျပ် |
| ငါးချဉ် | ၅၅၀၀ကျပ် |
| ငါးဆုပ် | ၈၅၀၀ ကျပ် |
| အိမ်ကြက် | ၁၀၀၀၀ကျပ် |
| ရိုးရိုးကြက် | ၆၀၀၀ကျပ် |
| ဝက်သား | ၁၃၀၀၀ကျပ် |
| ခရမ်းချဉ်သီး | ၂၂၀၀ကျပ် |
| မြန်မာအာလူး | ၁၃၀၀ကျပ် |
| တရုတ်အာလူး ၁ပိဿာ | ၁၀၀၀ ကျပ် |
| ကုလားပဲ ၁ပြည် | ၁၈၀၀ကျပ် |
| မြေပဲဆန် တစ်ဘူး | ၄၀၀ကျပ် |
| ကြက်ဥ | ၁၀၀ကျပ် |
| ဘဲဥ | ၁၇၀ကျပ် |
| ကြက်သွန်နီ ၁ပိဿာ | ၁၀၀၀ကျပ် |
| ကြက်သွန်ဖြူ ၁ပိဿာ | ၁၄၀၀ကျပ် |
| ငရုတ်သီး စိမ်း | ၁၃၀၀ကျပ် |
| ငရုတ်သီးခြောက် ၁ပိဿာ | ၄၀၀၀ကျပ် |
| ချင်း | ၁၈၀၀ကျပ် |

# အဆစ်အမြစ်ရောင် ရောဂါသည်တွေအတွက် ဆောင်ရန် ရှောင်ရန် အစားအစာများ



**အဆစ်အမြစ်ရောင် ရောဂါသည်တွေအတွက် ဆောင်ရန် ရှောင်ရန် အစားအစာများ**

ညကြီးသန်းခေါင် ခြေဆစ်၊ လက်ဆစ်တွေကိုက်လို့ အိပ်ရာကနေ လန့်နိုးလာဖူးပါသလား။ ခြေချောင်း၊လက်ချောင်းတွေ နာကျင်လို့ အရာဝတ္ထုတွေကို ကိုင်တွယ်ဖို့တောင် ခက်ခဲနေပါသလား။

ဒါဆိုရင်တော့ သင့်မှာ အဆစ်အမြစ်ရောင်ရောဂါ (gout ရောဂါ) ဖြစ်နေနိုင်ခြေ များနေပါပြီ။ အဆစ်အမြစ်ရောင် ရောဂါဆိုတာ ခန္ဓာကိုယ်ထဲမှာ ယူရစ်အက်ဆစ် (Uricacid) ကြွယ်ဝမှုကြောင့် ဖြစ်ပွားတတ်ပြီး လူကိုဒုက္ခပေးနိုင်တဲ့ ရောဂါတစ်မျိုးပါ။

ယူရစ်အက်ဆစ်ဆိုတာ purines လို့ခေါ်တဲ့ ဓာတုပစ္စည်းကထွက်တဲ့ စွန့်ပစ်ပစ္စည်းတစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်ထဲမှာ ယူရစ်အက်ဆစ်များလာတဲ့အခါ ကျောက်ကပ်လုပ်ဆောင်မှုတွေ ရပ်တန့်သွားသည်အထိ အန္တရာယ်များပါတယ်။ ဒါကြောင့် အဆစ်အမြစ်ရောင် ရောဂါရှင်တွေနဲ့ ကျောက်ကပ်အားနည်းသူတွေ ယူရစ်အက်ဆစ်မတက်အောင် ဆောင်ရန် ရှောင်ရန် အစားအစာလေးတွေကို သိထားသင့်ပါတယ်။

**စားသုံးပေးသင့်တဲ့ အစားအစာများ**

၁။ ဟင်းသီးဟင်းရွက်များ

အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေ စားသုံးပေးသင့်တဲ့ ဟင်းသီးဟင်းရွက်တွေကတော့ ဟင်းနုနွယ်ရွက်၊ ကညွတ်၊ ပန်းဂေါ်ဖီစိမ်း၊ ပန်းဂေါ်ဖီ၊ မုန်လာဥနီ၊ ဗီတွတ်မုန်လာဥ၊ ပဲစိမ်းတောင့်၊ အာလူးတို့ပဲ ဖြစ်ပါတယ်။

**၂။ အသီးအနှံ**

အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေ စားသုံးပေးသင့်တဲ့ သစ်သီးဝလံတွေကတော့ ချယ်ရီသီး၊စတော်ဘယ်ရီသီး၊ဘလူးဘယ်ရီသီး၊သံပုရာသီး၊သံပယိုသီး၊ ဂရိတ်ဖရုထ်သီး၊ လိမ္မော်သီး၊ နာနတ်သီး၊ ပန်းသစ်တော်သီးနဲ့ ပျားလိမ္မော်သီးတို့ ဖြစ်ပါတယ်။

**၃။ ပရိုတိန်းဓာတ်စာ**

အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေ စားသုံးပေးသင့်တဲ့ ပရိုတိန်းဓာတ်စာတွေကတော့ မှို၊ ပဲနောက်စေ့၊ ပဲတောင့်ရှည်တို့ပဲ ဖြစ်ပါတယ်။

**၄။ ကာဘိုဟိုက်ဒရိတ်**

အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေဟာ ပါစတာခေါက်ဆွဲ၊ ဂျုံခေါက်ဆွဲနဲ့ ပေါင်မုန့် အစရှိတဲ့ ကာဘိုဟိုက်ဒရိတ်တွေကိုလည်း စားသုံးပေးသင့်ပါတယ်။

**၅။ သောက်စရာ**

အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေ သောက်သုံးပေးသင့်တဲ့ သောက်စရာတွေကတော့ ရေ၊ သံပုရာရည်၊ ချယ်ရီသီးဖျော်ရည်၊ ထောပတ်နို့၊ လက်ဖက်ရည်နဲ့ ကော်ဖီတို့ပဲ ဖြစ်ပါတယ်။

**ရှောင်ကြဉ်သင့်တဲ့ အစားအစာများ**

၁။ ပရိုတိန်းဓာတ်

အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေ ရှောင်ကြဉ်သင့်တဲ့ ပရိုတိန်းဓာတ်စာတွေကတော့ ဆာဒင်းငါး၊မက်ကရယ်ငါး၊ငါးပါးနီခြောက်၊ တူနာ၊ ထရောက်ငါး၊ ရေငန်ငါး၊ အမဲသား၊ ဝက်ပေါင်ခြောက်၊ ဝက်သား၊ ကြက်သား၊ ကလီစာများ၊ ဘဲသား၊ ကြက်ဆင်သား၊တို့ဟူး၊ဂဏန်း၊ ပြည်ကြီးငါး၊ ကမာကောင်နဲ့ ပုစွန်တုပ်တို့ပဲ ဖြစ်ပါတယ်။

**၂။ သောက်စရာ**

သောက်စရာတွေထဲမှာ အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေနဲ့ လုံးဝမတည့်တဲ့ သောက်စရာတွေကတော့ အရက်နဲ့ ရယ်ဒီမိတ် ဘူးသွပ်ဖျော်ရည်ဘူးတွေပဲ ဖြစ်ပါတယ်။

**၃။ အဆီဓာတ်နဲ့ အဆီ**

အဆစ်အမြစ်ရောင် ဝေဒနာရှင်တွေဟာ တိရစ္ဆာန်တွေကရတဲ့ အဆီတွေ၊ မရောနိစ်တွေ၊ ထောပတ်တွေနဲ့လည်း မတည့်ပါဘူး။

**၄။ တခြားအစားအစာများ**

အဆစ်အမြစ်ရောင် ရောဂါသည်တွေဟာ ဖရုတ်စ်ပါဝင်မှု များပြားတဲ့ ပြောင်းဖူးစွပ်ပြုတ်၊ ပေါင်မုန့်ချို၊ ကြက်သား၊ ငါးစွပ်ပြုတ် စတာတွေကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။

duwun.com.mm

---


ကချင်ပြည်နယ်ဓာတ်ပုံအသင်းဖွဲ့စည်းတည်ထောင်ခြင်းနှင့်ဓာတ်ပုံပညာရပ်ဆိုင်ရာဟောပြောပွဲ

အခမ်းအနားဖိတ်ကြားလွှာ

၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၂၁)ရက် (စနေနေ့)၊ မြစ်ကြီးနားမြို့ (Community Centre ) တွင်
မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်း( PPAM ) ဥက္ကဌဦးမိုးမင်း (Ray)နှင့်
အတွင်းရေးမှူး ဦးလမင်းနိုင် (LMN)တို့မှဓာတ်ပုံပညာရပ်ဆိုင်ရာများကို
အခမဲ့ဟောပြောဆွေးနွေးပေးမည်ဖြစ်ပါသည်။
ထိုဆွေးနွေးပွဲအပြီးတွင် ကချင်ပြည်နယ် ဓာတ်ပုံအသင်း ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါ၍
ကချင်ပြည်နယ်အတွင်းရှိ ဓာတ်ပုံဝါသနာရှင်များ၊ လုပ်ငန်းရှင်များက
လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် = ၂၁-၇-၂၀၁၈ ( စနေနေ့ )
အချိန် = နံနက် ( ၉:၀၀ )နာရီ
နေရာ = မြစ်ကြီးနား Community Centre, ( ပြန် / ဆက် စာကြည့်တိုက် ) ၊ မင်းရပ် ၊ အင်းဝဘဏ်အနီး။

ကချင်ပြည်နယ်ဓာတ်ပုံအသင်း
ဖြစ်မြောက်ရေးကော်မတီ


# Movie View

▶ **ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

၁၃ - ၇ - ၂၀၁၈ မှ ၁၉ - ၇ - ၂၀၁၈ အထိ

မြန်မာရုပ်ရှင်ကို နေ့လယ် ၁၂ နာရီ၊ ၇ နာရီခွဲစသည့် ပွဲချိန်တွင် - **တိမ်တိုက်တံတား**

မြန်မာရုပ်ရှင်ကို ညနေပိုင်း ၃ နာရီခွဲပွဲချိန်တွင် - **တိုးကျော်မန်းနဲ့ နန်းဆန်တဲ့ရွာ**







| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

# ဒေသတွင်း ဗဟုသုတများ ပါဝင်သည့် ဒေသဆိုင်ရာ ပြဋ္ဌာန်းစာအုပ် ပြုစုနေ



မြစ်ကြီးနား၊ ဇွန် ၃၀

အခြေခံပညာကျောင်းများ၌ လက်ရှိသင်ကြားနေသော ပြဋ္ဌာန်းစာအုပ်များအပြင် တိုင်းရင်းသားဒေသများကို အခြေပြုသည့် ဒေသသင်ရိုးညွှန်းတမ်းများ ထပ်တိုးသင်ကြားနိုင်ရေးအတွက် ပညာရှင်များနှင့် ပူးပေါင်းပြုစုနေကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ပြဋ္ဌာန်းစာအုပ်ကို မူလတန်းအဆင့်ကျောင်းသားများအတွက် ရည်ရွယ်ပြုစုနေခြင်းဖြစ်ကြောင်းသိရပြီး ကချင်ပြည်နယ်မှ အထင်ကရနေရာများအကြောင်းနှင့် ထင်ရှားကျော်ကြားခဲ့ကြသည့် တိုင်းရင်းသားမျိုးနွယ်စု ပုဂ္ဂိုလ်များ၏အကြောင်း အရာများပါဝင်သော ရုပ်ပုံပြဗဟုသုတပြဋ္ဌာန်းစာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပြဋ္ဌာန်းစာအုပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးရှိ အခြေခံပညာကျောင်းများတွင် ထပ်တိုးသင်ကြားပေးမည်ဆိုပါက ကျောင်းသားများအနေဖြင့် ဒေသန္တရဗဟုသုများစွာ ရရှိနိုင်မည့်အပြင် ပြည်နယ်ဒေသ၏ အကြောင်းစုံကိုလည်း သိရှိလာနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"မိုးညှင်းမှာနေနေ၊ ပူတာအိုမှာနေနေ၊ ပူတာအိုက ခါကာဘိုရာဇီတောင်အကြောင်းကိုလည်း မိုးညှင်းက ကလေးတွေကလည်း သိနေရမယ်။ ခါကာဘိုရာဇီတောင်ကို ဓာတ်ပုံကြီးနဲ့လည်း တွေ့ဖူးနေရမယ်။ နောက်ပြီး မြစ်ဆုံကိုမရောက်ဖူးသေးတဲ့ ဟို ဆဒုံး၊ ကန်ပိုင်တည်က ကလေးတွေကလည်း မြစ်ဆုံဆိုတာကြီးကို ဓာတ်ပုံကြီးနဲ့ တွေ့ဖူးနေရမယ်။ ဓာတ်ပုံတွေကလည်းကာလာဓာတ်ပုံလုပ်မယ်။ ကေကျီတန်းအတွက်တော့ မထုတ်တော့ဘူး။ ပုံကြည့်တဲ့သဘောမျိုးလောက်ပဲလုပ်မယ်။ စာရေးမထားဘူး"ဟု ဦးမင်းဦးက ပြောသည်။

အဆိုပါပြည်နယ်ဒေသအခြေပြု ဒေသသင်ရိုးညွှန်းတမ်းပြဋ္ဌာန်းစာအုပ်ကို ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့်ပြုစုထုတ်လုပ်သွားမည်ဖြစ်ပြီး တိုင်းရင်းသားယဉ်ကျေးမှုနှင့် စာပေပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပညာရှင်များအားလုံးက ဝိုင်းဝန်းပြုစုလုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ပြဋ္ဌာန်းစာအုပ်ပါ အချက်အလက်များနှင့်ပတ်သက်၍ အကြံပြုချက်များရှိပါက ပြည်နယ်အစိုးရအနေဖြင့် ပြုပြင်ပေးသွားမည်ဖြစ်ကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တိုင်းရင်းသားအဖွဲ့တွေက သူတို့ထည့်ချင်တာကို ဒေတာတွေပြုစုမယ်။ ပြီးရင် စာအုပ်မှာထည့်မယ်။ တည်းဖြတ်မယ်။ ဒီအဆင့်ကို အကြမ်းလည်းပြောလို့ရတယ်။အချောလို့လည်း ပြောလို့ရတယ်။ ပြီးရင်ဒီစာအုပ်ကို ပြည်နယ်အစိုးရထံတင်မယ်။ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်နဲ့အညီဒါတော့ ထည့်သင့်တယ်။ ဒါတော့မထည့်သင့်ဘူးဆိုတာတွေကိုလူမှုရေးဝန်ကြီးပါတဲ့ အဖွဲ့က တည်းဖြတ်မယ်"ဟု ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး(သင်တန်း/သင်ကြား) ဦးလှညွှန့်က ပြောသည်။

ကချင်ပြည်နယ်၏ ဒေသသင်ရိုးညွှန်းတမ်းများတွင် မိမိတို့ပြည်နယ်အတွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ပထဝီ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ ပိုမိုသိရှိနားလည်ပြီး တန်ဖိုးထားတတ်စေရန်၊ ဒေသတွင်းကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းရာတွင် အထောက်အကူပြုမည့် အကြောင်းအရာများကို ထည့်သွင်းရန်၊ ဒေသနှင့်ကိုက်ညီသည့် အသိပညာများ၊ အခြေခံအတတ်ပညာများ သင်ကြားတတ်မြောက်ပြီး လက်တွေ့ဘဝတွင် အသုံးချနိုင်ရန်နှင့် တိုင်းရင်းသား ဘာသာစကားနှင့် စာပေများကို ကောင်းမွန်စွာတတ်မြောက်ပြီး အသုံးချနိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ထုတ်ဝေခြင်းဖြစ်ကြောင်းဦးလှညွှန့်က ထပ်ပြောသည်။

"ရုံးသုံးဘာသာစကားက မြန်မာလိုဖြစ်လို့ မြန်မာလိုပြုစုမယ်။ ဒါပေမယ့်မြန်မာလိုပြုစုထားတာကို ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားဆရာတွေက တိုင်းရင်းသားစာပေနဲ့ သင်မယ်ဆိုလည်းသင်။ လုပ်လို့ရတယ်။တစ်ခုရှိတယ်။ဂေါ်ရဲခါးကျောင်းသားတွေရှိတဲ့နေရာမှာတိုင်းရင်းသားစကားတွေနဲ့တော့မရတော့ဘူး။ ဒီနေရာမှာ ဘုံဘာသာစကားဖြစ်ရမယ်။ နောက်တစ်ခါ ကချင်ကျောင်းမှာ ရှမ်းစာသွားသင်လို့မရဘူး။ ဒါကိုမှီငြမ်းပြီးမှ ကိုယ့်ဟာကိုယ်ဘာသာပြန်ပြီး သင်လို့ရတယ်။ ဒါပေမယ့်စာအုပ်က ဒီတစ်အုပ်ပဲရှိရမယ်" ဟု ဦးလှညွှန့်က ဆက်ပြောသည်။

ထိုကဲ့သို့ပြဋ္ဌာန်းစာအုပ်ကို ကယား၊ ကရင်၊ ချင်းနှင့် မွန်ပြည်နယ်တို့တွင်လည်း ရေးဆွဲနေကြောင်း ပညာရေးဝန်ကြီးဌာနမှလည်း ထုတ်ပြန်ထားသည်။

ထိုဒေသအလိုက် သင်ရိုးညွှန်းတမ်းရေးဆွဲရေးကို ယူနီဆက်ဖ်မှ အဓိကပံ့ပိုးပေးထားခြင်းဖြစ်ပြီး လာမည့်ဒီဇင်ဘာလတွင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

အဆိုပါပြဋ္ဌာန်းစာအုပ်ကို ပြုစုရန် လူမှုရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ပညာရေးကောလိပ်ကျောင်းအုပ်ဆရာကြီး၊ လူမျိုးအလိုက်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ ယဉ်ကျေးမှုဦးစီးဌာနပြည်နယ်မှူး၊ အငြိမ်းစားပညာရှင်များနှင့် လက်ရှိ ပြည်နယ်ပညာရေးမှူးနှင့်ပညာရေးဝန်ထမ်းများပါဝင်သော ပြည်နယ်အဆင့် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဇွန်လ ၂၈ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော ပြည်နယ်အဆင့်ဆွေးနွေးပွဲတွင် ဖွဲ့စည်းခဲ့ကြောင်းပြည်နယ်ပညာရေးမှူးရုံးမှ ထုတ်ပြန်ထားပါသည်။

ဆိုင်း(ကချင်မြေ)

# ဝန်ထမ်းအိမ်ရာများ ဦးစားပေးဆောက်လုပ်မည့်နှစ်



မြစ်ကြီးနား၊ ဇူလိုင် ၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယခုနှစ်ကို ဝန်ထမ်းအိမ်ရာများ ဦးစားပေးဆောက်လုပ်မည့်နှစ် (Year of Housing)အဖြစ် သတ်မှတ်ကာ ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေသည်ဟု အဆိုပါဌာနမှ ထုတ်ပြန်ကြေညာထားပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ခွင့်ပြုခွဲဝေရရှိသော ဘဏ္ဍာငွေများ အပေါ်မူတည်ပြီး ၂၀၁၈ ခုနှစ် ဧပြီလနှင့် စက်တင်ဘာလတို့တွင် ဝန်ကြီးဌာနလက်အောက်ခံ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအတွက် အိမ်ရာများကို ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဘာဖြစ်လို့ ဒီဘက်နှစ်ကို ရည်ရွယ်လဲဆိုရင် ကျွန်တော်တို့ဝန်ထမ်းတွေအနေနဲ့က ဘာတွေ့လဲဆိုတော့ တစ်အချက်ရုံးအချိန်လိုမဟုတ်ဘူး။ နှစ်ဆယ့်လေးနာရီလုံးလုံး လုပ်နေကြရတယ်။ အဲလိုလုပ်တော့ သူတို့မှာ တချို့နေရာတွေမှာ နေရေးထိုင်ရေးက အပြင်မှာငှားပြီးနေရတယ်။ ရတဲ့လစာထက်တောင် ပိုများပြီးနေနေရတာတွေရှိတယ်။ အဲဒီတော့ ဝန်ထမ်းတွေက တကယ်တမ်းသွားရေးလာရေး ခက်ခဲတာတစ်ကြောင်း၊ စားဝတ်နေရေး ခက်ခဲတာကတစ်ကြောင်း အဲဒါကြောင့် ကျွန်တော်တို့ဝန်ထမ်းတွေထွက်တာ နည်းနည်းများလာတယ်"ဟု ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအတွက် နေရေးထိုင်ရေး စိုးရိမ်ပူပန်မှုများမရှိအောင် ၂၀၁၆ ခုနှစ် ကတည်းက ပြည်ထောင်စုလွှတ်တော်တွင် တင်ပြတောင်းခံခဲ့ပါသည်ဟုဒေါက်တာကျော်ဝင်းက ဆက်ပြောသည်။

"လုပ်တဲ့အခါမှာ တချို့အဆောက်အဦတွေအနေနဲ့ မြေနေရာရှိတယ်။ တချို့ကမရှိဘူး။တချို့အဆောက်အဦတွေက လုံးဝကိုစုတ်ပြတ်နေပြီ။ ကျွန်တော်တို့က အသစ်ဆောက်မယ်။ကောင်းသေးရင် ကျန်တာ ပြုပြင်ထိန်းသိမ်းလို့ရရင် ပြင်ထိန်းမယ်။ ဒါဟာဘာဖြစ်လဲဆို နိုင်ငံတော်ရဲ့ဘဏ္ဍာ၊ ပြည်သူ့ဘဏ္ဍာကို ကျွန်တော်တို့က အလဟဿမဖြစ်စေဖို့ဆိုပြီး ကျွန်တော်တို့ဆောင်ရွက်ပေးရတာဖြစ်တယ်" ဟု ဒေါက်တာကျော်ဝင်းက ပြောသည်။

လက်ရှိကချင်ပြည်နယ်တွင် ကုသရေးဦးစီးဌာနဝန်ထမ်းအိမ်ရာကို မြစ်ကြီးနားမြို့နယ်တွင် သုံးလုံးနှင့်ဝိုင်းမော်မြို့နယ်တွင် တစ်လုံးဆောက်လုပ်လျက်ရှိရာ ထိုဝန်ထမ်းအိမ်ရာများတွင် အိမ်ခန်းပေါင်း ၁၀၄ ခန်း ပါဝင်သည်ဟု စာရင်းဇယားများအရ သိရသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း မြစ်ကြီးနား၊ တနိုင်း၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူ၊ ဝိုင်းမော်စသည့် မြို့နယ်ကိုးခုတွင် ဝန်ထမ်းအိမ်ရာများကို ပြုပြင်ထိန်းသိမ်းခြင်း၊ ဆောက်လုပ်ခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအတွင်း ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ လေးလုံး၊ အိမ်ခန်းပေါင်း ၁၁ ခန်းပါဝင်သည့် အိမ်ရာပြီးစီးမည်ဖြစ်ကြောင်း၊ အိမ်ခန်းပေါင်း ၁၁၂ ခန်းပါဝင်သော အိမ်ရာ ၃၆ လုံးကို ဆောက်လုပ်ရန် လျာထားကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် အိမ်ရာအလုံးပေါင်း ၅၇ လုံးဆောက်လုပ်သွားရန်လည်း တင်ပြတောင်းခံထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စာရင်းဇယားများအရ သိရသည်။

ဆိုင်း (ကချင်မြေ)

# အထက်တန်းမေးခွန်း ပုံစံသစ်အတွက် ဆရာ၊ ဆရာမများကိုစွမ်းရည်မြှင့် သင်တန်းပေး




ဓာတ်ပုံ - ဆိုင်းလတ်အောင်

မြစ်ကြီးနား၊ ဇူလိုင် - ၉

၂၀၁၉ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အသစ်ပြောင်းလဲကျင့်သုံးမည့် မေးခွန်းပုံစံသစ်များနှင့်ပတ်သက်ပြီး ဘာသာရပ်အလိုက် ဆရာဆရာမများကို သင်တန်းများပို့ချသွားမည်ဟု ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ကျောင်းသူကျောင်းသားများ မေးခွန်းပုံစံသစ်ကို နားလည်သဘောပေါက်ပြီး အောင်ချက်မြင့်မားရေးကို အထောက်အကူပြုနိုင်ရန် တစ်ပြည်နယ်လုံးမှ အထက်တန်းပြဆရာဆရာမများကို အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့ပူးပေါင်း၍ စွမ်းရည်မြှင့်သင်တန်းများ ပို့ချသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ပညာရေးကဏ္ဍမှာ ပါဝင်ပတ်သက်နေတဲ့ ဆရာဆရာမတွေကို ပညာရေးစွမ်းရည်မြှင့်သင်တန်းတွေ ပေးနေရပါတယ်။ ဒါတွေက ပညာရေးမှာ အဓိကကျတဲ့ လုပ်ငန်းလုပ်ဆောင်ချက်တွေပါပဲ"ဟု မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းက ပြောသည်။

ထိုစွမ်းရည်မြှင့်သင်တန်းများကိုပေးခြင်းဖြင့် တက္ကသိုလ်ဝင်တန်းအောင်ချက်ရာခိုင်နှုန်းမြင့်မားလာစေနိုင်ကြောင်းလည်း ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးမင်းဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အောင်ချက်တွေ မြင့်လာမှာပါ။ ဘာဖြစ်လို့လည်းဆိုရင် ပြောင်းလဲလိုက်တဲ့ မေးခွန်းပုံစံသစ်မှာက လက်တွေ့စဉ်းစားပြီး ဖြေဆိုရတဲ့မေးခွန်းမှာတင် အောင်မှတ်ကပေးပြီးသား။ ဒါကိုသင်မယ့်ဆရာက သိပြီး ကျောင်းသူကျောင်းသားတွေကို ပြန်သင်ပေးမယ်ဆိုရင် ကလေးတွေက အားလုံးဖြေဆိုနိုင်ပြီ"ဟု ဦးမင်းဦးကပြောသည်။

ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆ - ၂၀၂၁) ၏ ရည်မှန်းချက်နှင့်အညီ ကျောင်းသားများ၏ သင်ယူတတ်မြောက်မှု တိုးတက်လာစေရေးနှင့် အထောက်အကူပြုနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြှင့်လုပ်ငန်းစီမံချက်များ ရေးဆွဲလုပ်ဆောင်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ကြေညာထားသည်။

ကချင်ပြည်နယ်တွင် အခြေခံပညာ ကျောင်းပေါင်း ၁၅၅၂ ကျောင်းဖွင့်လှစ်ထားပြီး ထိုကျောင်းများတွင် အထက်တန်းကျောင်း ၁၀၇ ကျောင်းနှင့် အထက်တန်းကျောင်းခွဲ ၆၈ ကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ဆိုင်း(ကချင်မြေ)

## အသင့်ထုပ်ပိုးအစားအစာများ (Fast Food, Junk Food)

အသင့်ထုပ်ပိုးအစားအစာများတွင် ယေဘုယျပါဝင်သောပစ္စည်းများမှာ ကြာရှည်ခံဆေး၊ မှိုမတက်စေရန် ဓာတုဆေး၊ ရနံ့တုများ၊ အရောင်ဆိုးဆေးများနှင့် အခြားသောကုန်ကြမ်းပစ္စည်းများ။

**စားသုံးမှုများပါက ဖြစ်လာနိုင်သော ရောဂါများ**

ဆံပင်ကျွတ်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အစာအိမ်ရောဂါ၊ ကင်ဆာအမျိုးမျိုး၊ အရိုး၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်ဓာတ်မငြိမ်ဖြစ်ခြင်းနှင့် စိတ်ကျရောဂါတို့ ဖြစ်လာနိုင်သည်။

**စဉ်းစားစရာ** - အချို့သော အသင့်ထုပ်ပိုးအစားအစာများတွင် ထုတ်လုပ်ရက်၊ ကုန်ဆုံးရက်များ မပါခြင်း၊ ပါရှိသော်လည်း စိတ်ချမှုမရှိနိုင်ခြင်းကို သတိထားမိပါသလား။

**အချိုရည်ဘူးများ**

အချိုရည်ဘူးများတွင် ယေဘုယျပါဝင်သော ပစ္စည်းများမှာ သကြားအစား သကြားထက်အဆ(၂၀၀)ပိုချိုသည့် ပါဝါသကြား၊ အရောင်ဆိုးဆေး၊ ကြာရှည်ခံဆေး၊ ရနံ့တုများ၊ အမြှုပ်ပလုံစီထစေရန် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကဖိန်းများဖြစ်သည်။

**သောက်သုံးမှုများပါက ဖြစ်လာနိုင်သော ရောဂါများ**

အဝလွန်ရောဂါ၊ သွားဖုံးရောင်ရောဂါ၊ ခံတွင်းကင်ဆာ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါ၊ အသည်းခြောက်ရောဂါ။

**စဉ်းစားစရာ** - ကျန်းမာရေးကို ထိခိုက်စေသော အချိုရည်ကို လိုလိုလားလားရွေးချယ်ဝယ်ယူသောက်သုံးနေမိပါသလား။

**ချိုးမကပ်တဲ့အိုး(Teflon Cookwear)**

Teflon သုတ်ထားသောအိုးအမည်းလေးများဖြစ်သည်။ ချိုးမကပ်ပါ။ ဆီကုန်သက်သာသည်။

**ဘာတွေဖြစ်မှာလဲ**

၃ မိနစ် အပူပေးပြီးနောက် ကင်ဆာဖြစ်စေသော အဆိပ်ဓာတ်ငွေ့ ၁၅ မျိုးထွက်တယ်။ ထိုအဆိပ်ဟာ သုံးစွဲသူထံ စိမ့်ဝင်ပြီး ကျန်းမာရေးကို ထိခိုက်စေသည်။ ဇီဝဖြိုကွဲခြင်းမရှိဘဲ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။

# နမ့်ဆမ်ကျေးရွာမှ ကျောင်းသားကျောင်းသူများ ချောင်းကို ဖြတ်ကူး ကျောင်းတက်နေရ၍ မိဘများစိုးရိမ်

မြစ်ကြီးနား၊ ဇူလိုင် ၁၀

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ နမ့်ဆမ်ကျေးရွာမှကလေးများသည်အသက်ကယ်အင်္ကျီမပါဘဲ နမ့်ဆမ်ချောင်းကို စက်လှေဖြင့်နေ့စဉ်ဖြတ်ကာ မဇွပ်ယန်ကျေးရွာမူလတန်းလွန်ကျောင်းသို့ တက်ရောက်နေရသဖြင့် မိဘများက စိုးရိမ်နေကြောင်း သိရသည်။

နမ့်ဆမ်ကျေးရွာမှ ကျောင်းတက်နေသော ကျောင်းသားများသည် တည်ဆောက်နေသော တံတားမပြီးစီးသေးသဖြင့် နမ့်ဆမ်ချောင်းနှင့် ဥရုချောင်းကိုဖြတ်ကာ စက်လှေစီး ကျောင်းသွားနေရခြင်း ဖြစ်သည်။

"တစ်ခါတလေရေက တအားကြီးလာတဲ့ အချိန်ဆိုရင် ကလေးတွေအတွက် အသက်အန္တရာယ်စိုးရိမ်ရတယ်။ နှစ်စဉ်နှစ်တိုင်းရေကြီးတယ်။ ကျွန်တော်တို့ကလေးတွေ အခုလို မြစ်ရေကို စက်လှေစီးပြီး ကျောင်းတက်တာ ဆယ်နှစ်ကျော်သွားပြီ၊ သွားသွားလာလာစိုးရိမ်ရတယ်"ဟု နမ့်ဆမ်ကျေးရွာမှ ကျောင်းသားမိဘဦးတန်ဂွန်းက ပြောသည်။

ကျောင်းသားများနှင့် ပြည်သူများ သွားလာရခက်ခဲနေသည့် နမ့်ဆမ်မြစ်ကိုကူးရန်အတွက် ရွာကပြည်သူများနှင့် Green Land တို့ ဦးဆောင်ကာ ယခုနှစ်မေလတွင် တံတား စတင်တည်ဆောက်နေကြောင်းနှင့် တံတား ကုန်ကျစရိတ်မှာ သိန်း ၇၀၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

"ကလေးတွေလည်း ကျောင်းသွားရမယ်ဆိုရင် ရေလမ်းနဲ့ပဲ သွားရတယ်။ နည်းနည်းတော့ စိုးရိမ်ရတဲ့အနေအထားတော့ ရှိတယ်။ အဲဒီအခက်အခဲတွေရှိတော့ ကျွန်တော်တို့လည်း ရွာသားတွေနဲ့ ညှိပြီး ခေါ်လုပ်နေတယ်။ ဒီတံတားက ဘီလပ်တိုင်တွေ အကုန်ထောင်ပြီးပြီ။ ကြိုးတွေလောက်ပဲ လိုတော့တယ်။ မိုးတွင်းဆိုတော့ ဒီအခြေအနေမရောက်နိုင်သေးဘူး။ ကလေးတွေအတွက်တော့ ကျွန်တော်တို့က အချိန်ပြည့်စိုးရိမ်နေတာပဲ။ ကလေးတွေအတွက်ကျွန်တော်စိုးရိမ်တာက စက်လှေတွေမှောက်မှာကို စိုးရိမ်တယ်" ဟု စိမ်းလန်းစိုပြေရေးအဖွဲ့မှ ဒါရိုက်တာ ဦးနောင်လတ်က ပြောသည်။

နမ့်ဆမ်ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး မဇွပ်ယန်ကျေးရွာရှိ မူလတန်းလွန်ကျောင်းတက်ရောက်ပြီးလျှင် လုံးခင်းအထက်တန်းကျောင်းသို့ ဆက်လက်တက်ရောက်ကြရကြောင်း သိရသည်။

"ကျောင်းသားကျောင်းသူတွေ စက်လှေစီးပြီး ကျောင်းတက်နေတာ အသက်ကယ်အင်္ကျီလည်းမပါဘဲ သွားနေရတယ်။ အဲ့လိုသွားနေကြတာကြာပြီ"ဟု ဦးတန်ဂွန်းက ဆက်လက်ပြောသည်။

နမ့်ဆမ်ကျေးရွာမှ မဇွပ်ယန်ကျေးရွာ မူလတန်းလွန်ကျောင်းသို့ တက်ရောက်နေသော ကျောင်းသားလူဦးရေမှာ ၁၅ ဦး ခန့်ရှိကြောင်းသိရပြီး စက်လှေဖြင့်ကူးလျှင် ဆိုင်ကယ်တစ်စီးနှင့် လူတစ်ဦးလျှင် ၂၀၀၀ ကျပ်ကုန်ကျပြီး ကျောင်းတက်နေသော ကလေးများကိုမူ စက်လှေသမားများက ငွေကြေးကောက်ခံမှုမရှိကြောင်း သိရသည်။

အဆိုပါ နမ့်ဆမ်မြစ်ကူးတံတားကို စိမ်းလန်းစိုပြေရေးအဖွဲ့ (Green Land)တို့က ဦးဆောင်ကာ ရန်ပုံငွေရှာဖွေ တည်ဆောက်နေကြောင်းနှင့် မိုးရာသီကာလဖြစ်သည့်အတွက် ဘတ်ဂျက်လုံလောက်မှုလည်းမရှိ၍ ခေတ္တရပ်နားထားကြောင်း သိရသည်။

ဆန်လတ်



# တားမြစ်နေတဲ့ကြားက တစ်နေ့တခြား ပိုများလာတဲ့ တစ်သျှူးငှက်ပျောခြံများ

**ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောစိုက်ပျိုးမှု အများဆုံးမှာ ဝိုင်းမော်မြို့နယ်ဖြစ်သည်။ ထိုမြို့တွင် ငှက်ပျောစိုက်ပျိုးမှုများကြောင့် ဒေသခံရွာသားများနှင့် ငှက်ပျောစိုက်ကုမ္ပဏီတို့အကြား အငြင်းပွားမှုများ မကြာခဏဆိုသလိုဖြစ်ပွားခဲ့သည်။ ထိုသို့ ပြဿနာများမကြာခဏဖြစ် ပွားနေသဖြင့် ဝိုင်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီ(ခ) ဇခေါင်ခမ်းရယ်က ပြည်နယ်လွှတ်တော်သို့ အဆိုများတင်သွင်းခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်း၏ တင်ပြချက်များ၊ ကျန်ကိုယ်စားလှယ်များ၏ ထောက်ခံချက်များကြောင့် ငှက်ပျောခြံပြဿနာများကို အစိုးရက ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။**

**လတ်တလောဖြစ်ပျက်နေသည့် တရုတ်တစ်သျှူးငှက်ပျောခြံ အငြင်းပွားမှုများ၊ ငှက်ပျောခြံစိုက်ပျိုးမှုနှင့် ပတ်သက်၍ ပြည်သူများအတွက် ဆောင်ရွက်မှုများ၊ ငှက်ပျောခြံအရေးနှင့်ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနော်လီနှင့် မေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ရပါသည်။**

**ငှက်ပျောခြံကိစ္စနဲ့ ပတ်သက်ပြီး ပြည်နယ်လွှတ်တော်မှာ အဆိုတင်သွင်းတာတွေကို တွေ့ရပါတယ်။ ဒီငှက်ပျောခြံတွေကိစ္စက အခုဘယ်အခြေအနေရောက်ပြီဆိုတာ အရင်ဆုံးသိပါရစေ။**

ပြည်သူလူထုအသံကို လွှတ်တော်မှာပို့ရမယ့် တာဝန်ရှိတဲ့အတွက်ကြောင့် သုံးကြိမ်တင်ပြခဲ့ဖူးပါတယ်။ မေးခွန်းရဲ့အခြေအနေက လွှတ်တော်ကအဖွဲ့ဖွဲ့ပြီး အောက်ခြေကိုကွင်းဆင်းပြီး ပြည်နယ်အစိုးရအဖွဲ့ကို စာတင်ထားပါတယ်။ အဲဒီနောက်ပိုင်းပြည်နယ်အစိုးရအဖွဲ့က စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကို ခေါင်းဆောင်တင်ပြီး အောက်ခြေအဆင့်ကို ကွင်းဆင်းစစ်ဆေးဖို့ အဖွဲ့ဖွဲ့ထားတဲ့အဆင့်ရှိပါတယ်။

**အခု ဝိုင်းမော်ဘက်မှာ ငှက်ပျောခြံကို ဘယ်သူတွေ အဓိကစိုက်ပျိုးနေကြတာလဲ ရှင့်။**

အရင်တုန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စစ်အစိုးရလက်ထက်ကတည်းက လုပ်ခဲ့တာတွေ့ရတယ်။ အဲဒီ နောက်ပိုင်း ၂၀၁၀ -၂၀၁၅ ခုနှစ်အတွင်း အစိုးရလည်းခွင့်မပြုပေမယ့် မဖြေရှင်းနိုင်ခဲ့ဘူး။ အခုအစိုးရလည်း အခုထိ မတားဆီးနိုင်သေးဘူး ဖြစ်နေတယ်။ သို့ပေမယ့် ၁၂ ကြိမ်မြောက်မှာ အစိုးရက တရားဝင်ခွင့်ပြုထားတဲ့ ငှက်ပျောစိုက်ကုမ္ပဏီ ဖော်ပြပေးဖို့၊ ခွင့်ပြုထားတဲ့မြေဧကပေါင်းဘယ်လောက် ရှိသလဲ၊ အစိုးရကတရားဝင်ခွင့်မပြုဘူးဆိုရင် တရားမဝင်တာကို ဘယ်လိုစိစစ်အရေးယူသွားမလဲ ဆိုတာကို မေးခဲ့တာ အစိုးရရဲ့ဖြေကြားချက်က တရားဝင်ခွင့်ပြုတဲ့ ကုမ္ပဏီမရှိဘူးလို့ ဖြေကြားခဲ့တယ်။ ဘယ်သူကအဓိကလုပ်ဆောင်ကြသလဲ ဆိုရင် ကျွန်တော့်အနေနဲ့ပြောရမယ်ဆိုရင်ခက်တယ်။ ငွေရှင်၊ ကြေးရှင်တွေကပဲ အဓိကလုပ်ဆောင်နေကြတာလို့ မြင်တယ်။ ဒေသခံတွေက ကုမ္ပဏီနာမည်ခံပြီးတော့ တရုတ်နိုင်ငံသားတွေက နည်းပညာပိုင်းနဲ့ ငွေကိုစိုက်ထုတ်ပြီး လာစိုက်ပျိုးကြတယ်။ ဒေသခံတိုင်းရင်းသားတွေက အကျိုးဆောင်ပေးတဲ့သဘောပဲ ဖြစ်ပါတယ်။

**ဝိုင်းမော်မြို့နယ်မှာ ဧကပေါင်း ဘယ်လောက် စိုက်ပျိုးနေကြလဲ။**

ကျွန်တော် လွှတ်တော်မှာ မေးတာလို့ ဝန်ကြီးဖြေတာကတော့ ဧက ၂၀၀၀၀ ကျော်ရှိတယ်ပြောပေမယ့် တကယ်မြေပြင်မှာ မကဘူး။ အဲဒီထက် နှစ်ဆကျော်နိုင်တယ်လို့ မြင်ပါတယ်။ ၂၇၀၀၀ ဆိုတာက စာရွက်ပေါ်မှာပဲ ဖြစ်ပါလိမ့်မယ်။ အခွန်ကောက်တဲ့အခါကောက်ထားတဲ့ပမာဏပဲ ဖြစ်ပါလိမ့်မယ်။

**သူတို့က ဘာဖြစ်လို့ ဒီလောက်အများကြီး စိုက်ပျိုးနေတာလဲ၊ ဘာကြောင့် သူတို့နိုင်ငံမှာ မစိုက်ရတာလဲ။**

ကျွန်တော် လေ့လာသလောက်ကတော့ သူတို့နိုင်ငံက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တအားဦးစားပေးတဲ့နိုင်ငံ ဖြစ်တယ်လို့ သိရပါတယ်။ ဒီငှက်ပျောက သူတို့တရုတ်နိုင်ငံမှာ စိုက်တာမဖြစ်ထွန်းဘူး။ ဒီ့အပြင် အခြားမလေးရှားတို့ စတဲ့ အခြားနိုင်ငံမှာတွေ စိုက်ကြတာ သူတို့နိုင်ငံတွေကလည်း တစ်သျှူးငှက်ပျောရဲ့ ဆိုးကျိုးကို သိလာလို့ မစိုက်ခိုင်းတော့တဲ့အတွက် မြန်မာနိုင်ငံကို ဦးတည်ပြီး လာစိုက်နေကြတာ ဖြစ်ပါတယ်။

**ငှက်ပျောခြံတွေကို တစ်ဘက်က ကန့်ကွက်နေတာရှိပေမယ့် တစ်ဘက်မှာ ထပ်ထပ်တိုးလာနေတာနဲ့ပတ်သက်ပြီး ဘယ်ဌာနဆိုင်ရာမှာ တာဝန်ရှိနေတာလဲရှင့်။ ပြည်နယ်အစိုးရကရော သူတို့ခွင့်ပြုနေတာကို သိသလား။**

ကျွန်တော်အနေနဲ့ ပြောရမယ်ဆိုရင်က လွှတ်တော်မှာ သူတို့ခွင့်ပြုထားတာ မရှိဘူးလို့ဖြေပြီးသားဖြစ်တယ်။ အခုစိုက်နေတာက တပ်မတော်အစိုးရကစခဲ့တဲ့ ပြဿနာဖြစ်တဲ့အတွက် အခုချိန်ထိ ဘယ်အစိုးရမှ မဖြေရှင်းနိုင်သေးဘူး။ အဲဒီလို ထပ်ထပ်စိုက်ပျိုးနေတာက အစိုးရက ခွင့်ပြုထားလို့ မဟုတ်ပါဘူး။ ကိုယ့်ကျိုးပဲကြည့်ပြီး ပြည်သူအတွက်မကြည့်တဲ့သူတွေကြောင့် များလာတာဖြစ်တယ်လိုပဲ သုံးသပ်မိပါတယ်။ အဲဒါတွေကို တားဆီးနိုင်ဖို့အတွက် အစိုးရဖွဲ့က အဖွဲ့ဖွဲ့ပြီး ဖြေရှင်းဖို့လုပ်ထားတာ ရှိပါတယ်။ ဒီပြဿနာကို ဌာနတစ်ခုတည်းနဲ့ပဲ ဖြေရှင်းလို့မရနိုင်ဘူး။ အထက်မှာပြည်နယ်အစိုးရ တစ်ဖွဲ့လုံးရှိနေရမယ်။ အဲဒီအောက်မှာ မြေယာနဲ့ဆိုင်တဲ့ ကိစ္စ ဖြစ်တဲ့အတွက် လယ်ယာစိုက်ပျိုးရေးဝန်ကြီးရှိဖို့လိုတယ်။ သစ်တောဧရိယာထဲမှာစိုက်တဲ့ သူတွေရှိတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးလည်းလိုတယ်။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးရှိဖို့လည်း လိုပါတယ်။ လူဝင်လူထွက် လဝက၊ ရဲတပ်ဖွဲ့ စတဲ့ကျန်တဲ့အပိုင်းတွေများစွာရှိပါတယ်။ပြီးတော့ စီမံဘဏ္ဍာဝန်ကြီးတို့လို ပါတယ်။ အဲဒီဝန်ကြီးဌာန တစ်ခုခုက အားနည်းနေမယ်ဆိုရင် မြန်မြန်မအောင်မြင်နိုင်ပါဘူး။

**ငှက်ပျောခြံတွေ ကချင်ပြည်နယ်မှာ လာစိုက်လို့ ပြည်သူတွေအတွက် ဘယ်လိုနစ်နာမှုမျိုးတွေရှိခဲ့တယ်ဆိုတာလဲ သိပါရစေ။**

အဓိက တရားဥပဒေဘောင်အတွင်းက လုပ်တာမဟုတ်တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် ပထမဆုံးနစ်နာတယ်။ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာကို မရတာဖြစ်တယ်။ ဒေသခံပြည်သူလူထုရဲ့ ကျယ်ပြောလှတဲ့ပြဿနာဖြစ်တယ်။ အဲဒီပြဿနာတွေက မြေယာသိမ်းဆည်းမှုပြဿနာ၊ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲခြင်းကြောင့် ကျွဲ၊ နွားသေကျေကုန်တဲ့ ပြဿနာ၊ ဒေသခံတွေဆီမှာ မြေယာတွေကိုငှားရမ်းကြတာဆိုတော့ အဲဒီမြေငှားရမ်းတဲ့အခါ စာချုပ်စာတမ်းကို ဘယ်လိုလုပ်ကြသလဲ။ နောက်ဆက်တွဲပြဿနာ၊ တန်ပိုတင်တဲ့အတွက်လမ်းတွေပျက်စီးရတယ်။ လမ်းတွေပျက်တော့ အစိုးရဘဏ္ဍာငွေနဲ့ ပြင်ရတယ်ဆိုတော့ တန်ပိုတင်လို့လမ်းပျက်စီးခြင်းပြဿနာ ဖြစ်တယ်။ လွှတ်တော်မှာ တင်ပြခဲ့ဖူးပေမယ့် အစိုးရက စနစ်တကျစိစစ်ဆောင်ရွက်နိုင်ခြင်း မရှိဘူး။ နောက်တစ်ခုက တိုင်းရင်းသားဒေသခံတွေမှာ ဘိုးဘွားစဉ်ဆက်စိုက်ပျိုးထားတဲ့ နှစ်ရှည်ပင်တွေကို ငှက်ပျောစိုက်ကုမ္ပဏီတွေက ခုတ်ပစ်လိုက်တော့ ဒေသခံတွေ နစ်နာမှုရှိတယ်။

**အဲဒါတွေကို လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ဘယ်လိုကုစားပေးဖို့ ကြိုးပမ်းခဲ့ပါသလဲ။**

ကျွန်တော်တို့ကတော့ တရားဝင် လွှတ်တော်မှာ သုံးကြိမ်တင်ပြထားတာရှိသလို အစိုးရကလည်း အဖွဲ့ဖွဲ့ပြီး လုပ်ဆောင်မယ်ဆိုတာတွေ ရှိနေပြီဖြစ်တဲ့အတွက် သူတို့လုပ်လာလိမ့်မယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ကတော့ ပြည်သူလူထုတွေ ကျယ်ကျယ်ပြန့်ပြန့်နားလည်အောင် စုစုစည်းစည်းဖြစ်လာအောင် လုပ်သွားဖို့ရှိပါတယ်။ ကျန်တဲ့အပိုင်းကတော့ နောက်ဒီကိစ္စနဲ့ ဆက်စပ်တဲ့မေးခွန်းရှိလာမှ ပြန်တင်ပြသွားရမှာပါ။ မြေယာပြဿနာ မရှိဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ အုပ်ချုပ်ရေးမှူးတွေနဲ့ ပြည်သူတွေကို ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်တာရှိသလား။ ရွာသားတွေမှာ ဘယ်လိုပြဿနာတွေ ကြုံနေရသလဲ။

တစ်ရွာချင်းစီ လိုက်လုပ်တာတော့မရှိဘူး။ သို့သော်လည်း နိုင်ငံသားအနေနဲ့ ငှားရမ်းခြင်းအားဖြင့် ဘယ်လိုဖြစ်နိုင်သလဲလို့မေးတော့ ဒေသခံပြည်သူတွေက ဆင်းရဲလို့ မြေတစ်ဧကကို ၂သိန်းကနေ ၄သိန်း အထိပေးကြတယ်။ အဲဒါကို ၆ နှစ်စာချုပ်ချုပ်ပြီး ငွေကို ၂ နှစ်စာ တစ်ခါတည်းရှင်းပေးတော့ အရမ်းများတဲ့ ငွေပမာဏက ဆင်းရဲတဲ့တောင်သူ၊ ပြည်သူတွေက ငှားလိုက်တာမျိုးရှိပါတယ်။ အဲဒါမျိုးတွေ ရှိသလို တချို့ကျတော့ ငှားလိုက်တဲ့တောင်သူတွေကြောင့် မငှားတဲ့တောင်သူတွေရဲ့ခြံက အလယ်မှာဖြစ်သွားတော့ ခြံလုပ်စားလို့မရတော့လို့ မငှားချင်ပေမယ့် ငှားလိုက်တာမျိုးတွေ ရှိတယ်။ တချို့က ကျွန်တော်တို့ထက်တောင် ပိုပြီး သိနားလည်ကြတဲ့သူတွေ ရှိတယ်။ ကျေးရွာတွေမှာ ကွင်းဆင်းတဲ့အခါ အလျဉ်းသင့်သလိုပြောပြသွားတာတွေတော့ ရှိပါတယ်။ တချို့ဒေသတွေမှာ ကုမ္ပဏီတွေက လမ်းပြုပြင်ပေးတာမျိုး ရှိတယ်။ အဲဒါကျတော့ ဘာကြောင့်လဲ။ အကျိုးလိုလို့ ညောင်ရေလောင်းတာလို့ မြင်တယ်။ ဒေသဖွံ့ဖြိုးရေးလုပ်သာခေါင်းစဉ်တပ်ပေမယ့် တကယ်မလုပ်ပေးတဲ့ နေရာတွေလည်း ရှိပါတယ်။ သူတို့ရတဲ့ဝင်ငွေ၊ အမြတ်နဲ့ ဖွံ့ဖြိုးရေးတကယ်လုပ်တာက နည်းတယ်လို့ပဲ သုံးသပ်ရမှာပဲ။

**ကချင်ပြည်နယ်မှာ စိုက်ပျိုးတဲ့ သီးနှံတွေထဲက အထူးသီးနှံခြောက်မျိုးမှာ ဒီတစ်သျှူးငှက်ပျောကို ထည့်သွင်းထားပြီး တစ်ဧကကို တစ်သောင်း/ နှစ်သောင်းကောက်ဖို့ ပြည်နယ်လွှတ်တော်မှာ ဆွေးနွေးတာကြားလိုက်ရပါတယ်။ ငှက်ပျောခြံတွေကနေ တစ်နှစ်တစ်နှစ်ကို အခွန်ငွေဘယ်လောက်လောက်ရနေပါလဲရှင့်။**

မြေခွန်ကိုတော့ ကျွန်တော်တို့မသိဘူး။ ဒါပေမယ့် ကျွန်တော်တို့လေ့လာသလောက်ကတော့ ငှက်ပျောတင်တဲ့ ကားတစ်ကားနယ်စပ်ဂိတ်က နေဝင်လာပြီဆိုတာနဲ့ တစ်ကားကို ၁၀၀၀ ကျပ်ပေးရတယ်။ ဘေးအန္တရာယ်ခွန်ကို စည်ပင်က ၆၀၀၀၀ ကျပ်ကောက်တယ်။ ပြည်နယ်အစိုးရကနေပြီးတော့ ရန်ပုံငွေကျပ် ၅၀၀၀၀ ကောက်တယ်။ ကားတစ်စီးကို ကုန်သွယ်ခွန် နှစ်သိန်းကောက်တယ်လို့ သိရတယ်။

ငှက်ပျောစိုက်ခင်းတစ်ဧကကို သူတို့ရဲ့ တစ်နှစ်ဝင်ငွေ ဘယ်လောက်ရှိတယ်လို့ ဆရာတို့ကြားသိရပါသလဲ။

ကျွန်တော်တို့ အသေးစိပ်မေးမြန်းတဲ့အခါမှာ သူတို့ပြောတာတော့ ပထမနှစ်မှာ တစ်ဧကကို တစ်နှစ်ကို ၆၅ သိန်းရှိတယ်။ နောက်နှစ်က စပြီးတော့ ကုန်ကျငွေက ၄၀ သိန်းရှိတယ်။ ဘယ်လောက်မြတ်တယ်ဆိုတာကတော့ငှက်ပျောဈေးအတက်ကျပေါ် မူတည်တယ်လို့ပြောပါတယ်။ ရှုံးတဲ့နှစ်၊ မြတ်တဲ့နှစ်လည်း ရှိကြတယ်လို့ သိရတယ်။

**ပြည်သူအများရဲ့ ဆန္ဒအရ အခုငှက်ပျောခြံတွေကို ဖျက်ပါဆိုရင် နောက်ဆက်တွဲအနေနဲ့ ဘာတွေဖြစ်လာနိုင်မလဲ ဆိုတာလည်း သိချင်ပါတယ်။**

ကျွန်တော်အနေနဲ့ကတော့ ဒီငှက်ပျောခြံကို ဖျက်သိမ်းပေးပါလို့လည်း မပြောလိုဘူး။ ဘာဖြစ်လို့လဲဆိုရင် လွှတ်တော်မှာ တင်ပြတုန်းက တစ်သျှူးငှက်ပျောစိုက်ပျိုးခြင်းဟာ နိုင်ငံတော်နှင့် ပြည်သူတွေနစ်နာမှုရှိမရှိ စိစစ်ပေးဖို့ အဆိုတင်ခဲ့ဖူးတယ်။ပြည်သူလူထုအတွက် တကယ်နစ်နာတယ်ဆိုရင် ဖျက်သိမ်းပေး။ ပြည်သူနဲ့ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းရင်တော့ဆက်လုပ်ပေါ့။ဆက်လုပ်မယ်ဆိုရင် ပြည်သူလူထုကို ပွင့်လင်းမြင်သာအောင် ချပြစေလိုပါတယ်။ ကောင်းသလား၊ နစ်နာသလားဆိုတာကို ကွင်းဆင်း မစစ်ဆေးနိုင်ကြဘူး။ ဖျက်သိမ်းမယ်ဆိုရင် ရင်းနှီးမြှုပ်နှံထားတဲ့ တရုတ်နိုင်ငံက ငွေရှင်ကြေးရှင်တွေနဲ့ ဒီကနာမည်ခံကုမ္ပဏီတွေ ပြဿနာဖြစ်လာနိုင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေး မရရှိသေးဘူး။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကိုတောင် အ

စာ - ၁၉ သို့ »



# စစ်ဘေးသင့်ပြည်သူများ၏ ငွေပျော်ကျေးရွာတွင်သုသာန်မြေနေရာ လိုအပ်နေ

ဇူလိုင် ၇
မြစ်ကြီးနားမြို့နယ် ငွေပျော်စံပြကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သည့် စစ်ဘေးသင့်ပြည်သူများ အခက်အခဲပေါင်းစုံနှင့် ကြုံတွေ့နေကြောင်း ငွေပျော်စံပြရွာမှူးထံမှ သိရသည်။

အဓိကအခက်အခဲမှာ ရွာတိုင်းတွင် ထားရှိအပ်သည့် သုသာန် မြေနေရာမရှိခြင်းဖြစ်ပြီး အထက်တန်းပညာသင်ကြားနိုင်မည့် ကျောင်းနှင့်အလှမ်းဝေးနေခြင်း၊ ကျန်းမာရေးဆရာမ လိုအပ်ခြင်း၊ လယ်ယာနှင့်မွေးမြူရေး လုပ်ကိုင်ရန် မြေနေရာ လိုအပ်ခြင်း၊ လမ်းများပြုပြင်ရန် လိုအပ်နေခြင်း စသည့်အခက်အခဲများ ဖြစ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ အဓိကအရမ်းလိုအပ်နေတာက လူသေရင်မြှုပ်ဖို့ မြေနေရာမရှိလို့အရမ်းအခက်အခဲဖြစ်နေရပါတယ်။ ပိုက်ဆံရှိတဲ့သူကတော့ ဂျော်ဘွမ်မှာမြှုပ်နိုင်ကြပေမယ့် ခက်ခဲတဲ့သူကတော့ ဒီရွာထဲက ရေမြောင်းထဲမှာပဲ ဖြစ်သလိုမြှုပ်နေရတယ်" ဟု ရွာမှူးဦးသောင်းဆာက ပြောသည်။



၎င်းတို့သည် ဒေသအသီးသီးမှ စစ်ဘေးတိမ်းရှောင်လာကြသူများဖြစ်ပြီး အစိုးရကသတ်မှတ်ပေးထားသည့် ထိုရွာတွင် နေထိုင်နေကြသူများဖြစ်ပြီး ထိုရွာသို့ပြောင်းရွှေ့ရောက်ရှိခဲ့သည်မှာ သုံး-လေးနှစ်ခန့်ရှိပြီ ဖြစ်သည်။

"မနှစ်ကဆိုရင် လူသေလို့ မြေတူးတာ ရေကပေါင်လောက်ရှိလို့ အရမ်းခက်ခက်ခဲခဲနဲ့ မြှုပ်ခဲ့ရတယ်။ သင်္ချိုင်းမြေရရှိဖို့ အရမ်းလိုအပ်နေတယ်။ရေမရှိတဲ့တောင်တွေလို နေရာတွေကလည်း သူများရဲ့ မြေနေရာတွေချည်းပဲ ဖြစ်နေတော့ ဒီရွာအတွက် အရေးကြီးဆုံးလိုအပ်ချက်က သင်္ချိုင်းမြေနေရာရရှိဖို့ ဖြစ်ပါတယ်"ဟု ဦးဖူဆာဝူးကပြောသည်။

ယင်းသင်္ချိုင်းမြေရရှိရန်နှင့် ပတ်သက်၍ ဒေါ်ရဲလီဒါက "ရွာလူကြီးတွေက သင်္ချိုင်းမြေရရှိဖို့ အထက်ကို ဘယ်လောက်တင်ပြတင်ပြ မြေနေရာချမပေးသေးလို့ တကယ်ပဲအရမ်းအခက်အခဲဖြစ်နေတာတော့ အမှန်ပါပဲ။ တချို့က လူသေရင် မြို့ကအမျိုးတွေနဲ့ တခြားမှာသွားမြှုပ်ကြတယ်။ တချို့ကတော့ မြေနေရာမပေးရင်လည်း မတတ်နိုင်ကြတော့ ရေအိုင်ထဲမှာပဲ ဒီအတိုင်းမြေတူးပြီး မြှုပ်နေကြပါတယ်"ဟု ပြောသည်။

ထို့အပြင် တောင်ခြေရွာဖြစ်သည့်အတွက် တောင်ကျရေကြောင့် လမ်းဆုံများတွင် ရေတိုက်စားကာ လမ်းမြေများ ပျက်စီးနေကြောင်း၊ ပြုပြင်ရန် လိုအပ်နေသော်လည်း ရွာသားများအနေဖြင့် ငွေကြေးမတတ်နိုင်သဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ပေးစေလိုကြောင်း ရွာမှူးနှင့်အတူ ဒေသခံများက တောင်းဆိုကြသည်။

"တောတောင်မှာနေပြီး လုပ်ကိုင်စားသောက်လာခဲ့တဲ့ တောင်သူတွေဆိုတော့ မြို့ပေါ်မှာ ဘာမှမလုပ်စားတတ်ဘူးဖြစ်နေရတယ်။ အိမ်ခြံဝင်းကလည်းအရမ်းကျဉ်းတော့ မီးဖိုချောင် တံခါးဖွင့်လိုက်တာနဲ့ အိမ်သာဖြစ်သွားပြီ၊ ခြံဝင်းကပေ ၄၀-၆၀ လို့သာပြောတယ်။ ပေလည်းမပြည့်ဘူး။ ဝက်မွေးမယ်ဆိုရင်လည်း ခြံဝင်းသေးတော့ မွေးလို့မရဘူး"ဟု ဦးဖူဆာဝူးက ပြောသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များနှင့်ကလေးသူငယ်များမှာ ကာကွယ်ဆေးထိုးရန်အတွက် ပလန(၃)ကျေးရွာသို့ သွားနေရသဖြင့် ဆိုင်ကယ်မစီးတတ်သည့် အချို့ပြည်သူများမှာ ကာကွယ်ဆေးသွားမထိုးနိုင်ကြကြောင်း သိရသည်။

"တောင်ပေါ်ဘက်က လာကြတဲ့သူဆိုတော့ ဆိုင်ကယ်လည်း မစီးတတ်ကြဘူးလေ။ စက်ဘီးပဲစီးတတ်တာ စက်ဘီးကလည်း မရှိဘူး။ တရွာနဲ့တစ်ရွာကလည်း အရမ်းဝေးတော့ ကျန်းမာရေးဆရာမ တစ်ယောက်လောက်တော့ ထားပေးစေလိုပါတယ်" ဟုဒေသခံတစ်ဦးက ပြောသည်။

ရွာကျောင်းသည် အလယ်တန်းအဆင့်အထိသာ ရှိသည့်အတွက် အထက်တန်းပညာသင်ယူရန် ပလနအထက်တန်းကျောင်းသို့ သွားရောက်ရသည့်အခါ ကလေးများအတွက် ကျောင်းတက်/ဆင်းအခက်အခဲဖြစ်ရသည်ဟုလည်း ဒေသခံများက ပြောကြသည်။

မွန်းမွန်းပန်

# မသန်စွမ်း အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အရေး

မြစ်ကြီးနား၊ ဇူလိုင် ၁၀
ကိုးရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဖက်စပ်ဖွင့်ထားသည့် ရန်ကုန်မြို့မှ မသန်စွမ်းအလုပ်အကိုင်ရရှိရေးကုမ္ပဏီက ဆံပင်ညှပ်ဆိုင်အတွက် ခေါ်ယူနေကြောင်း ကချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်းမှ သိရသည်။

အလုပ်အကိုင် လိုအပ်နေသည့် မသန်စွမ်းအမျိုးသမီးများထဲမှ အသက် ၂၈ နှစ်အောက်အရွယ်၊ မျက်လုံးနှင့် လက်သန်စွမ်းသူ (ခြေထောက်မသန်သူ)များ လျှောက်ထားနိုင်ကြောင်း သိရသည်။

"အလုပ်မရဘဲနဲ့ နေနေတဲ့ ကျွန်တော်တို့မသန်စွမ်းသူများကို အလုပ်ပေး မသန်စွမ်းအလုပ်အကိုင်ရရှိရေး ကုမ္ပဏီလာဖွင့်ပေးတာဖြစ်တဲ့အတွက် သွားကြဖို့ တိုက်တွန်းလိုပါတယ်။ အစိုးရရုံးပိတ်ရက်တွေမှာ စက်ရုံပိတ်မှာပါ"ဟု ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းအသင်းဥက္ကဌ ဦးဂျိဇုန်းဆောင်က ပြောသည်။

ထိုအလုပ်မှာ ဒဂုံတက္ကသိုလ်အနီး EU စက်မှုဇုံ၌ဖြစ်ပြီး အလာစရိတ်ကို မိမိစရိတ်ဖြင့် လာရမည်ဖြစ်ကာ ဝင်ဝင်ခြင်းလစာ ၇၀၀၀၀ ကျပ်ဖြင့် နေထိုင်စား စရိတ်ငြိမ်းလုပ်ကိုင်ရမည်ဖြစ်ကြောင်းနှင့် လစာတစ်သိန်းကျော်ပါက နေထိုင်စားစရိတ် ၁၀၀၀၀ ကျပ်ကို လစဉ်လစာထဲမှ ဖြတ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

သွားရောက်လိုသည့်အမျိုးသမီးများအနေဖြင့် အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းဥက္ကဌ၊ ဦးဂျိဇုန်းဆောင် ဖုန်း ၀၉၄၄၃၃၆၅၀၇၅ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

မွန်းမွန်းပန်

စာ - ၇ မှ »

ကြောင်းရပ် နယ်ပယ်အပေါ် ကျွမ်းကျင်မှုအရသာ ဥပဒေကြမ်းကောင်းတွေကို ပြင်ဆင်ပြုစုပေးနိုင်ကြမှာပါ။ ဒီမှာတော့ လုထုပဲဖြစ်ဖြစ်၊ လွှတ်တော်ကိုယ်စားလှယ်ပဲ ဖြစ်ဖြစ်၊ ဝန်ကြီးဌာနက ဝန်ထမ်းတွေပဲ ဖြစ်ဖြစ် အသစ်လိုဖြစ်နေတဲ့ နိုင်ငံရေးအာဏာ ခွဲဝေမှု၊ နိုင်ငံရေး အခြေခံအဆောက်အအုံ တည်ဆောက်မှု၊ ကိုယ်ကျိုးစီးပွားထက် နိုင်ငံစီးပွားကိုအခြေခံတဲ့ နိုင်ငံပြု၊ တိုင်းပြုပြည်ပြု ဥပဒေတွေ ပြင်ဆင်ပြုစုမှုဆိုတာမျိုးကို ကောင်းကောင်းနားမလည်နိုင်ကြသေးဘူးလို့တောင် ပြောနိုင်ပါတယ်။

ဒါကြောင့်လည်း ဟိုးအရင် အာဏာရှင်ခေတ်တွေက သုံးနှုန်းခဲ့တဲ့"ဥပဒေကဲ့သို့အာဏာတည်သောအမိန့်"ဆိုတာလို ဥပဒေပြုရေးဆိုတာ ဝန်ကြီးဌာနလို အုပ်ချုပ်ရေးအမိန့်အာဏာရှိသူတွေကပဲ စတင်သင့်တယ်လို့ မဖြစ်ရလေအောင် ပြောင်းလဲချိန်တန်ပြီ ဖြစ်ပါတယ်။ ဝန်ကြီးဌာနလို အကြောင်းရပ် ကျွမ်းကျင်သူတွေရဲ့ အခန်းကဏ္ဍဟာ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီသူသာ ဖြစ်သင့်လှပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုယ်တိုင် ပြည်သူလူထုရယ်၊ လူထုနဲ့အနီးကပ် အလုပ်လုပ်နေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေရယ်နဲ့ အကျေအလည် ဆွေးနွေးတိုင်ပင်ပြီး ဥပဒေတစ်ခုရဲ့ အစအဆုံးမူကြမ်းကို ရေးဆွဲတာမျိုး၊ တည်ဆဲဥပဒေတွေရဲ့အကောင်းအဆိုး သက်ရောက်မှုတွေကို ဆွေးနွေးရှာဖွေပြင်ဆင်တာမျိုးတွေကို အင်တိုက်အားတိုက် လုပ်ကြစေချင်ပါတယ်။ ဥပဒေပြုစုရေး၊ ပြင်ဆင်ရေးတွေမှာ ပြည်သူလူထုရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်သမျှ တည်ဆဲဥပဒေတွေအပေါ် လူထုရဲ့လေးစားလိုက်နာမှုဟာ အားကောင်းလာနိုင်တာမို့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူနဲ့အတူ စုပေါင်းအင်အားဖြင့် တရားမျှတတဲ့ ဥပဒေများ ပေါ်ထွန်းပြင်ဆင်ရေး၊ လေးစားလိုက်နာရေးကို ဆောင်ရွက်ပေးနိုင်ဖို့ တိုက်တွန်းလိုက်ပါတယ်။

**မသီတာ(စမ်းချောင်း)**

စာ - ၁၀ မှ »

**ဆရာတော်က ဘာဟောလဲဆိုတော့**

"ဂျပန်နိုင်ငံ အလည်သွားမယ်ဆိုရင် မြို့လယ်ခေါင်မှာ မိမိပိုက်ဆံအိတ် မတော်တဆ ပျောက်ဆုံးခဲ့မယ်ဆိုရင် မိမိပိုက်ဆံအိတ် ပြန်မရတော့ဘူး မတွေးလိုက်ပါနဲ့။ မိမိပိုက်ဆံအိတ်ကို ကောက်ရတဲ့ ဂျပန်လူမျိုးတစ်ယောက်က ပိုက်ဆံအိတ်ထဲမှာ တွေ့ရှိလာမယ့် မိမိဖုန်းနံပတ်၊ နေရပ်လိပ်စာကို ဆက်သွယ်လာပါလိမ့်မယ်။ သူများပိုက်ဆံအိတ်ကိုကောက်ရပေမယ့် ပြန်ပေးရဲတဲ့သတ္တိနဲ့ ဘာကြောင့်ပြည့်စုံနေသလဲဆိုရင် ဂျပန်လူမျိုးတွေ စာဖတ်လို့ပါ"တဲ့။

ကျွန်တော်တို့တိုင်းပြည်မှာ လူတွေ စာမဖတ်ကြတော့ဘူးလား။ လူဦးရေ သန်း ၆၀ လောက်ရှိတာ စာအုပ်ထုတ်ဝေသူတွေက အုပ်ရေ ၁၀၀၀ တောင်မနည်း ကုန်အောင်ရောင်းနေကြရပါတယ်။

ပျောက်တဲ့ပစ္စည်းတွေ ပြန်ပေးတတ်တဲ့စိတ်တွေ၊ သူတစ်ပါးပစ္စည်းကိုအချောင်ယူတတ်တဲ့စိတ်တွေ။

ဆရာမကြီး လူထုဒေါ်အမာစကားကိုပဲ ပြန်ပြီးငှားပြောရမှာပဲ။

"စာဖတ်တဲ့လူမျိုးမှ အတွေးအခေါ်အထက်တန်း ကျပါတယ်"တဲ့။

ကျွန်တော်တို့ လူမျိုးတွေရဲ့ အကျင့်စာရိတ္တတွေ ကောင်းမွန်လာဖို့၊ ကောင်းမြတ်တဲ့ စိတ်ဓာတ်တွေ ချွန်ထက်လာဖို့၊ စာရိတ္တစာမေးပွဲတွေ အထက်တန်းကျကျ အောင်မြင်ဖို့ စာဖတ်တဲ့လူမျိုး စာဖတ်တဲ့တိုင်းပြည် ဖြစ်ချင်တာပါပဲ။

စာပေဟာ ဆင်းရဲဒုက္ခတွင်းထဲက ကျွန်တော်တို့တိုင်းပြည်ကို ကယ်တင်နိုင်မယ်လို့ ယုံကြည်မိပါတယ်။

# ရွှေလက်နဲ့ မခေါ်ရဘဲ မြစ်ကြီးနားတရားရုံးကိုရောက်လာတဲ့ 'ဘူးလက်'

ဇူလိုင် ၆

ဘူးလက်သတင်းဂျာနယ် ထုတ်ဝေသူဦးလှဆွေကို ချီဖွေ ဆော့လော်ဒေသက ဒေသခံ ပုဂ္ဂိုလ်ငါးဦးက တရားစွဲဆိုထားတဲ့ အမှုနဲ့ပတ်သက်လို့ ဦးလှဆွေဟာ ကချင်ပြည်နယ်တရားရုံးမှာ အမှုလာရောက် ရင်ဆိုင်နေပါတယ်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်က ထုတ်ဝေခဲ့တဲ့ ဘူးလက်သတင်းဂျာနယ်အတွဲ(၁)၊ အမှတ်(၈) ကြော်ငြာကဏ္ဍမှာ မဟုတ်မမှန်ရေးသားဖော်ပြ ပုံနှိပ်ထုတ်ဝေခဲ့တဲ့အတွက် အသရေဖျက်မှု၊ တရားမနစ်နာမှု လျော်ကြေးငွေ ကျပ်သိန်းနှစ်သောင်းရလိုမှုတွေနဲ့ စွဲဆိုထားတာဖြစ်တယ်လို့ Eleven Lawyer ကုမ္ပဏီလီမိတက်က အမှုဆောင်အရာရှိချုပ်၊ တရားလိုအကျိုးဆောင်ရှေ့နေ ဦးတင်ထွန်းသိန်းက ပြောပါတယ်။

အသရေဖျက်မှုကတော့ ဦးစံဝေခေါင်လွမ်းက ဦးလှဆွေကို တရားစွဲဆိုထားတယ်လို့ သိရပြီး တရားမနစ်နာမှု လျော်ကြေးငွေကျပ်သိန်းနှစ်သောင်းရလိုမှုကိုတော့ ဦးလယောက်ဇလွမ်း၊ ဦးမှတ်ရင်ဒေါင်ဟောင်း၊ ဦးနဘုတ်ထောခေါင်၊ ဦးလကုတ်ဇုန်းယိန်း(ခေါ်)ဖော်လှိုင်နှင့် ဦးစံဝေခေါင်လွမ်းတို့ ငါးဦးက စွဲဆိုထားတာဖြစ်တယ်လို့လည်း ဦးတင်ထွန်းသိန်းထံမှသိရပါတယ်။ အသရေဖျက်မှုကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့မှာ စတင်အမှုဖွင့်လှစ်ခဲ့တာဖြစ်ပြီး ဘူးလက်သတင်းဂျာနယ်တာဝန်ခံအယ်ဒီတာနဲ့ ကြော်ငြာထည့်သူတို့ နှစ်ယောက်ကို တရားမမှုနဲ့စွဲဖို့ လျှောက်ထားခဲ့တာကတော့ ၂၀၁၆ ခုနှစ် အောက်တိုဘာ၁၉ရက်မှာဖြစ်ပါတယ်။

အသရေဖျက်မှုကိုတော့ မြစ်ကြီးနား တွဲဘက်မြို့နယ်တရားသူကြီး ဒေါ်သန့်သန့်သင်းက ကိုင်တွယ်စစ်ဆေးနေပြီး တရားမနစ်နာမှုလျော်ကြေးငွေ ကျပ်သိန်း နှစ်သောင်းရလိုမှုကိုတော့ ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်ပြုံးပြုံးအေးက စစ်ဆေးနေတာပါ။

အဲဒီဖြစ်စဉ်ရဲ့အစကတော့ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲနောက်ပိုင်းကာလမှာ အခြေပြုခဲ့တာပါ။ အခုမှ စတင်စစ်ဆေးရတဲ့အကြောင်းကတော့ ဦးလှဆွေကို အမှုသည်စာရင်းမှာ ထပ်တိုးအဖြစ် ထည့်သွင်းရေး၊ မထည့်သွင်းရေး အငြင်းပွားနေတာနဲ့ ကြန့်ကြာသွားခဲ့တာလို့ သိရပါတယ်။

ပထမအကြိမ်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း ဦးဇခုန်တိန့်ယိန်း ၂၀၁၅ မှာ ဒုတိယအကြိမ် ထပ်မံအောင်နိုင်တဲ့နောက်ပိုင်း စခဲ့တဲ့ဇာတ်လမ်းပါ။ အဲဒီရွေးကောက်ပွဲမှာ ဦးဇခုန်တိန့်ယိန်း အနိုင်ရရှိခြင်းဟာရွေးကောက်ပွဲကော်မရှင်ဥပဒေတွေကို ချိုးဖောက်ခဲ့လို့ အနိုင်ရခြင်းသာဖြစ်တယ်လို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစံဝေခေါင်လွမ်းတို့အဖွဲ့တွေ တင်ပြကန့်ကွက်ခဲ့ပါတယ်။ အဲဒီကန့်ကွက်ချက်ကြောင့် ဦးဇခုန်တိန့်ယိန်းဟာ အခုအစိုးရလက်ထက်အတွက် ပြန်လည်အနိုင်ရခဲ့တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာကနေ ရုတ်သိမ်းခံခဲ့ရပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာကိုတော့ ဦးဇခုန်တိန့်ယိန်းပြီးရင် ဒုတိယမဲအများဆုံးရတဲ့ ဦးယောန(တစ်သီးပုဂ္ဂလ)ကို အစားထိုးတင်မြှောက်ခဲ့ပါတယ်။

ဒီလို ရုတ်သိမ်းခံရတာနဲ့ ပတ်သက်ပြီး မကျေနပ်တဲ့ ကချင်အထူးဒေသ(၁)က ဦးလညွဲခေါင်ဇောင်းက ဘူးလက်ဂျာနယ်မှာ ကြော်ငြာထည့်ခဲ့တာပါ။ ကြော်ငြာထဲမှာတော့ ဦးဇခုန်တိန့်ယိန်းကို ကန့်ကွက်ခဲ့တဲ့ ဦးစံဝေခေါင်လွမ်းနဲ့ ဦးဖော်လှိုင်တို့အပါအဝင် ကချင်အထူးဒေသ(၁)မှာထိပ်ပိုင်းရာထူးတွေကနေ အနားယူထားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တဲ့ စာသားတွေပါဝင်ခဲ့တယ်လို့လည်း ဦးတင်ထွန်းသိန်းက ပြောပါတယ်။

"ဦးဇခုန်တိန့်ယိန်းပြုတ်ကျသွားတာကို မကျေနပ်လို့ အထူးဒေသ(၁)မှာ ဖြစ်ပျက်ခဲ့တဲ့ဟာတွေကို ဂျာနယ်မှာ တိုင်းသိ၊ ပြည်သိထည့်တာပါ။ ဒါ့အပြင် တိုင်းရင်းသားတွေအချင်းချင်း အထင်အမြင်လွဲစေမယ့်ဟာတွေ၊ စိတ်ဝမ်းကွဲစေမယ့်ဟာတွေ၊ တပ်မတော်က အထင်အမြင်လွဲစေမယ့်ဟာမျိုးတွေ၊ တခြားလက်နက်ကိုင်အဖွဲ့အစည်းက အထင်အမြင်လွဲစေမယ့်ဟာမျိုးတွေကို ရေးခဲ့တယ်၊ ဒါကြောင့် ကြော်ငြာထည့်တဲ့ ဦးလညွဲခေါင်ဇောင်းကိုရော၊ ဘူးလက်ဂျာနယ်အယ်ဒီတာကိုရော အမှုထဲမှာထည့်ထားတယ်"လို့ တရားလိုအကျိုးဆောင်က ပြောပါတယ်။

ဦးလှဆွေကို အမှုမှာထည့်သွင်းရတာကတော့ သတင်းမီဒီယာဥပဒေအရ လူမျိုးရေးအသွင်ဆောင်မယ့် သတင်းတွေနဲ့ အငြင်းပွားစေမယ့်သတင်းတွေကို ထုတ်ဝေခဲ့လို့ဖြစ်တယ်လို့ ဆိုပါတယ်။

"ကျပ်သိန်းပေါင်း နှစ်သောင်းရလိုမှုဆိုတာကတော့ ကျွန်တော်တို့ကိုယ်တိုင် သတ်မှတ်ပြီးစွဲတာပါ၊တရားမနစ်နာမှုလျော်ကြေးငွေကျတော့ တန်ဖိုးက ကိုယ့်ဟာကိုယ် သတ်မှတ်တယ်၊ ခန္ဓာကိုယ်ကို ထိခိုက်အောင်လုပ်တာက မြင်ရတယ်လေ၊ စိတ်ကိုထိခိုက်အောင်လုပ်တာက မမြင်ရဘူး။ ဒါ့ကြောင့် လူတစ်ယောက်ကို သိန်းလေးထောင်နှုန်းနဲ့ ငါးယောက်အတွက် လျော်ကြေးတောင်းတာပါ။ စွဲတဲ့ပုဂ္ဂိုလ်တွေကလည်း အကုန်လုံး ဂုဏ်သရေရှိလူကြီးတွေပါ" လို့လည်း ဦးတင်ထွန်းသိန်းက ဖြည့်စွက်ပြောဆိုခဲ့ပါတယ်။

Bullet (ကျည်ဆံ) သတင်းဂျာနယ်ကိုထုတ်ဝေခဲ့တဲ့ ဦးလှဆွေကလည်းဦးဇခုန်တိန့်ယိန်း တက်ရောက်ခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်မှာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဂန့်ဂေါမြို့နယ်က လွှတ်တော်အမတ်တစ်ဦးပါ။ အလုပ်သင်ဗိုလ်လောင်းအမှတ်စဉ်(၈)မှာ တက်ရောက်ခဲ့ပြီး တပ်မတော်မှာ နှစ်ပေါင်း ၂၀ ကျော်တာဝန်ထမ်းဆောင်ခဲ့တဲ့ အငြိမ်းစား ဒုဗိုလ်မှူးကြီးတစ်ဦးလည်း ဖြစ်ပါတယ်။

၂၀၁၃ဇန်နဝါရီလ ၂၄ရက်ကကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်မှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ဖို့ နှစ်ဦးနှစ်ဘက်ယုံကြည်မှုရရှိမယ့် ခိုင်မာတဲ့ အခြေခံမှု များချမှတ်ပေးရေး အဆိုကို ကိုယ်စားလှယ် ၁၆ ဦးနဲ့အတူ ဝိုင်းဝန်းဆွေးနွေးခဲ့ကြရာမှာ "ရွှေလက်နဲ့ ခေါ်လို့မလာတဲ့ KIA ကို Bullet ပဲ ပေးလိုက်ရင်ကောင်းမယ်" လို့ ထည့်သွင်းပြောကြားခဲ့လို့ ဘူးလက်လှဆွေရယ်လို့ နာမည်ကျော်ကြားခဲ့တဲ့သူပါ။

နောက်ထပ်ပြောစမှတ်တွေကတော့ ရွေးကောက်ပွဲအပြီးသူပြောခဲ့တဲ့ "အခုချိန်မှာ ကြံ့ဖွံ့ဘက်က အိုဘားမားလာပြိုင်ရင်လည်း နိုင်မှာမဟုတ်ဘူး၊ ဗိုလ်ချုပ်အောင်ဆန်းဝင်ပြိုင်လည်းနိုင်မှာ မဟုတ်ဘူး" ဆိုတဲ့ စကားတွေ၊ တပ်မတော်သားများအတွက် နစ်နာကြေးနည်းပါးသည့်ကိစ္စကို အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့မှ မင်းသမီး၊ အဆိုတော် ဂျနီဖာလိုပက်ဇ် (Jennifer Lopez) အာမခံထားသည့် တင်ပါးတန်ကြေးဖြင့် ခိုင်းနှိုင်းပြောဆိုခဲ့တာကြောင့် ဖင်တစ်ခြမ်းလှဆွေရယ်လို့လည်း လူသိများတဲ့ ပုဂ္ဂိုလ်ပါ။

သူတို့ကို တိုင်တန်းတဲ့ ပုဂ္ဂိုလ်တွေက ကချင်အထူးဒေသ(၁)ကနေထုတ်လိုက်လို့ NLD ထဲကို ရောက်သွားတယ်၊ ဒါကြောင့် အခုဖြစ်စဉ်နဲ့ပတ်သက်ပြီး NLD က ကြံ့ခိုင်ရေးကို စွဲတယ်လို့မြင်ကြောင်း ပြောပါတယ်။

"ကျွန်တော်တို့ ထုတ်ဝေသူဆိုတာ ဒီနေ့ဂျာနယ် ဘယ်လောက်ရောင်းရလဲ၊ မြတ်လား၊ရှုံးလား၊ ကြော်ငြာရလား။ ပိုက်ဆံပဲ သိမ်းတာလေ. . . နော၊ လိုအပ်ရင်စိုက်တာပေါ့။ အဲဒီအလုပ်ပဲလေ . . ခင်ဗျားလည်း ဂျာနယ်သမားပဲ၊ အယ်ဒီတာချုပ်ဆိုတာရှိတယ်၊ တာဝန်ခံအယ်ဒီတာတွေပေါ့၊ အယ်ဒီတာနဲ့ ကြော်ငြာလာသွင်းတဲ့သူ နှစ်ယောက်မှာ တာဝန်ရှိတယ်။ တာဝန်ခံအယ်ဒီတာကလည်း ကြော်ငြာလာထည့်တဲ့သူက ဒီဟာမှန်ပါတယ်ဆိုတာကို ဗီဒီယိုနဲ့ပြလို့ တာဝန်ခံအယ်ဒီတာက ကြော်ငြာအနေနဲ့ ထည့်လိုက်တာပါ။ သူက သူ့လိပ်စာပေးတယ်၊ မှတ်ပုံတင်ပေးတယ်၊ ကြော်ငြာထည့်တယ်၊ အဲဒီလူတွေနှစ်ယောက်ကျတော့ ရှာလို့မတွေ့ဘူးဆိုပြီး ခွင့်လွှတ်တယ်တဲ့။ ကျွန်တော်တို့ဆီမှာ ပိုက်ဆံပေးပြီး ကြော်ငြာထည့်ပြီးတော့ လစ်သွားတာလေ၊ ပထမက ကျွန်တော့်ကို တရားမစွဲဘူး။ ကြော်ငြာ လာထည့်တဲ့သူနဲ့ တာဝန်ခံအယ်ဒီတာကို စွဲတာ၊ ဟိုကောင်နှစ်ကောင်ကို ခေါ်လို့လည်းမရရော ထုတ်ဝေသူ ဦးလှဆွေကို စွဲတယ်ဆိုပြီးမှ စွဲခဲ့တာ၊ ကျွန်တော်က အိမ်မှာနေတာ၊ ဂျာနယ်ထွက်ပြီး သုံးရက်ကြာမှသိတာ"လို့ ပြောဆိုပါတယ်။

ဦးလှဆွေက အစိုးရသစ်လက်ထက်မှ အစိုးရသစ်ကို ဝေဖန်ထောက်ပြမယ့် သတင်းမီဒီယာနည်းပါးနေလို့ဆိုပြီး သူ့ရဲ့ ဘူးလက်သတင်းဂျာနယ်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ မှာစတင်ထုတ်ဝေခဲ့တာပါ။ အဲဒီတုန်းက တာဝန်ခံအယ်ဒီတာအဖြစ် ဖွဲ့ဝဏ္ဏ(ကျုံပျော်)က တာဝန်ယူဆောင်ရွက်ခဲ့တာပါ။

"မြန်မာ့တရားရုံးသမိုင်းမှာ တစ်ခါမှမရှိဖူးတဲ့ ထုတ်ဝေသူကို တရားစွဲတာ၊ ဒါပထမဆုံးအကြိမ်ပဲ၊ ပထမ ဟိုလူနှစ်ယောက်ကို စွဲထားရာကနေ ကျွန်တော့်ကို ထပ်ထည့်တာ၊ အဲဒီတုန်းက တာဝန်ခံအယ်ဒီတာကလည်း အလုပ်ထွက်သွားပြီ။ ဒါကျွန်တော့်ကို တမင်သက်သက်လာစွဲတာ၊ NLD က ကြံ့ခိုင်ရေးကို စွဲတယ်လို့ပဲမှတ်တယ်၊ နိုင်ငံရေးပါတာပေါ့"လို့ ဦးလှဆွေက ရယ်ရယ်မောမောနဲ့ ပြောဆိုလိုက်ပါတယ်။

ဦးလှဆွေကို တရားမနစ်နာမှုလျော်ကြေးငွေအတောင်းခံရတာ အခုအကြိမ်က ပထမဆုံးတော့မဟုတ်ပါဘူး။ Eleven Media Group က ၂၀၁၅ ခုနှစ် ကုန်ပိုင်းမှာ တရားမနစ်နာမှု လျော်ကြေးငွေ ကျပ်သိန်းပေါင်း ၆၀၀၀ တောင်းခဲ့ဖူးပါတယ်။

'ကျွန်တော်က ဂျာနယ်တွေထဲမှာ သူရိယနေဝန်းရယ် မြန်မာသံတော်ဆင့်ရယ် Eleven ရယ် ဘာမေးမေးမဖြေဘူးလို့ ဆုံးဖြတ်ထားတာပါ။ အလွန်စက်ဆုပ်ဖွယ် ကောင်းလို့ဗျ'၊ 'ကျွန်တော်ကဂန့်ဂေါအမတ်ပဲ၊ သူတို့ဂျာနယ် တည်ထောင်သူတွေ အရင်က ဂန့်ဂေါဘက်မှာ သစ်ကုမ္ပဏီထောင်ပြီး သစ်တွေထုတ်လို့ ကုန်ခါနီး လိုင်းပြောင်း၊ ပေါ်ပင်ဘောလုံး ဂျာနယ်ထုတ်၊ ဘောလုံးပွဲလောင်းသူတွေရဲ့ အားပေးမှုကြောင့် ပေါက်လာပြီး အခုမှအင်ဗာရိုမင့်အကြောင်းတွေ လာပြောနေ စိတ်ကုန်စရာကြီး"ဟု ဖေ့စ်ဘုတ်မှာ ဖော်ပြခဲ့တာကြောင့် EMG က သူတို့ဂုဏ်သိက္ခာကို ထိခိုက်စေတယ်ဆိုပြီး (၇) ရက်အတွင်း လာရောက်ဖြေရှင်းပေးဖို့ ဦးလှဆွေနဲ့ အများသိစေရန် စွဲဆိုအသိပေးကြေညာခဲ့ဖူးပါတယ်။

အခုအမှုနဲ့ပတ်သက်ပြီး ကချင်ပြည်နယ်တရားလွှတ်တော်က ဇူလိုင်လ ၂၃ ရက်နေ့မှာ စစ်ဆေးဖို့ ပြန်လည်ချိန်းဆိုခဲ့ပါတယ်။

ဇော်နိုင်ဦး



# တစ်ဘက်နှစ်ဂိုးစီဖြင့် သရေဖြစ်အောင် ညှိကစားခဲ့သော ဘောလုံးအသင်းနှစ်သင်းကို ဒဏ်ရိုက်




မြစ်ကြီးနား၊ ဇူလိုင် ၁၀

We are One Cup အပျော်တမ်းကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၄၅ တွင် ယှဉ်ပြိုင်ကစားခဲ့ကြသော နှစ်ဘက်အသင်းများကို ပြိုင်ပွဲကျင်းပရေးကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဒဏ်ကြေးပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အပျော်တမ်းကလပ်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် Great Kachin FC နှင့် All Star FC တို့သည် တစ်ဘက်နှစ်ဂိုးစီဖြင့် သရေကျအောင် ညှိနှိုင်းကစားခဲ့ကြသည့်အတွက် အသင်းတစ်သင်းလျှင် ဒဏ်ကြေးငွေ ကျပ် ၅၀၀၀၀ စီပေးဆောင်ရန် ပြိုင်ပွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ပြစ်ဒဏ်ချမှတ်လိုက်ခြင်း ဖြစ်သည်။

"ပထမပိုင်းကတော့ သူတို့တွေတော်တော်လေးအပြိုင်အဆိုင်ကစားကြပါသေးတယ်။ ဒုတိယပိုင်းရောက်တော့ ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ ပွဲကြည့်ပရိသတ်တွေအော်ပြောတဲ့အတိုင်း လိုက်ကစားနေတော့တာပဲ။ ကျွန်တော်တို့ ဒိုင်အဖွဲ့တွေကတော့ အရှိအတိုင်းတင်ပြလိုက်ပါတယ်"ဟု ဒိုင်လူကြီးတစ်ဦးဖြစ်သည့် ဦးသူရိန်စိုးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

သရေညှိနှိုင်းကစားခဲ့ကြသည့် ပွဲစဉ် ၄၅ တွင် ပါဝင်ကစားခဲ့သည့် အသင်းများကျန် ပြိုင်ပွဲဝင်အသင်းများကို လေးစားမှုမရှိခြင်း၊ မျိုးဆက်သစ်အားကစားသမားများကို အတုယူမှားစေခြင်းတို့ ဖြစ်စေသည့်အတွက် ကန့်ကွက်ရခြင်းဖြစ်သည်ဟု Media FC အသင်းနည်းပြ ကိုဂျာရုံက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ကျွန်တော်တို့က အုပ်စုတက်ချင်လို့ ကိုယ်တိုင်လာကန့်ကွက်ရတာလည်း မဟုတ်ဘူး။ အခုဟာက လာကြည့်တဲ့ ပရိသတ်ကိုတော့ လေးစားရမယ့်ဟာ လေးစားမှုကိုမရှိတော့ဘူး။ ဒီလိုကစားတာကို အပြစ်တစ်စုံ တစ်ရာယူပေးတာမရှိရင် နောက်လူတွေကလည်း ဒီလိုကစားလို့ရပါလား ဆိုပြီးထင်သွားနိုင်လို့ ကန့်ကွက်ရတာပါ။ အုပ်စုမတက်ချင်လို့ကို ဒိုင်ကြေးတွေအကုန်ပြန်ထုတ်သွားပါပြီ"ဟု ကိုဂျာရုံက ပြောသည်။

ထို ဂရိတ်ကချင် FC နှင့် အောစတား FC တို့ ယှဉ်ပြိုင်ကစားခဲ့ကြသည့်ပွဲမှာ အခြားပွဲစဉ်များနှင့်မတူဘဲ ပွဲကြည့်ပရိသတ်အား မလေးမစားပြုမူခဲ့သည်ဟု အဆိုပါပွဲကိုကြည့်ရှုခဲ့သူ မြို့သစ်ကြီးရပ်ကွက်မှ ကိုစည်သူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ဆိုင်ကယ်အပ်ခ ၂၀၀ ကို နှမြောလို့ပြောတာလည်း မဟုတ်ဘူး။ ကလေးတွေကနည်းနည်းလေး ကြိုးစားကြရင် ဘာဖြစ်သွားမှာမို့လို့လည်း မသိဘူး။ အခုဒီပွဲက ဟိုလူကိုပေးလိုက်၊ ဒီလူကိုပေးလိုက်လို့ အော်ပြောရင် အော်ပြောတဲ့အတိုင်း လိုက်ကစားနေကြတာက လုပ်ပွဲလို့တောင် ပြောရင်ရတယ်။ နောက်ပြီး အဆိုးဆုံးက ပွဲကြည့်လာတဲ့ပရိသတ်တွေကို ဂျင်းထည့်လိုက်တာပဲ"ဟု ကိုစည်သူက ပြောသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး အပျော်တမ်းကလပ်များအတွက် စည်းမျဉ်း သတ်သတ်မှတ်မှတ်မရှိသော်လည်း ရန်ကုန်ရုံးချုပ်မှ ထိုအသင်းနှစ်သင်းကို အနီရောင်အဆင့်သတိပေးမှု ပြုလုပ်ခဲ့သည်ဟု သိရပါသည်။

ဂရိတ်ကချင်FCနှင့် အောစတား FC တို့မှာ ဇူလိုင်လ ၅ ရက်နေ့က အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဆိုင်း (ကချင်မြေ)

## ရောင်းမယ် ဝယ်မယ်

ဤရောင်းမယ် ဝယ်မယ် ကဏ္ဍတွင် မည်သူမဆို မိမိရောင်းလို ဝယ်လိုသော ပစ္စည်းများကို အခမဲ့ ကြော်ငြာပေးသွားမည်ဖြစ်သည်။ မိမိရောင်းလိုသည့် ပစ္စည်းများကို မြစ်ကြီးနားသတင်း ဂျာနယ်မှတစ်ဆင့် ရောင်းချပေးမည်ဖြစ်သည်။ ထိုပစ္စည်းများကို မရောင်းရမခြင်း ကြော်ငြာပေးသွားမည်ဖြစ်၍ ကုန်ပစ္စည်းရောင်းရလျှင် ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ဂျာနယ်တည်တံ့ ခိုင်မြဲရန်အတွက် ရန်ပုံငွေအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ လူကြီးမင်းတို့၏ကုန်ပစ္စည်းရောင်းချလိုပါက မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်နိုင်ပါသည်။







### ရေခဲတောင်မှ ထွက်ရှိသော ရှားပါး ရှီးပတီး အားဆေး ရောင်းရန်ရှိသည်။

**ရှီးပတီး အစွမ်း –** ကျန်းမာနုပျို၊ လန်းဆန်း ၊ အသက်ရှည် အားဆေးကြီး မောပန်းနွမ်းနယ်ခြင်း၊ မျက်စိအားနည်းခြင်း၊ အကျိတ်ဖြစ်ခြင်း၊ အသည်းရောင်အသားဝါ ဘီပိုး စီပိုး၊ နှလုံးအားနည်းခြင်း၊ ပန်းနာရင်ကြပ်၊ ဆီးချိုအဆစ်အမြစ်နာ၊ ခံတွင်းအနာများကာကွယ်ခြင်း သက်သာပျောက်ကင်းစေပါသည်။

**ဆေးအညွှန်း –** အရက်(သို့) ပျားရည်ဖြင့် စိမ်သောက်ရန် ကြိုက်ရာအသားနှင့် ပေါင်းစားရန်၊ ခံတွင်းအနာဖြစ်လျှင် ဆေးကောင်ကို အမှုန့်ကြိတ်၍ပျားရည်နှင့်ရောပြီး တစ်ရက် (၂) ကြိမ်လိမ်းရန်၊ရေနွေးကြမ်းထဲသို့ ထည့်သောက်၍လည်းရနိုင်သည်။
**မှတ်ချက် –** အစိမ်းမစားရ၊ ဆေးအားပြင်းသောကြောင့် မူးတတ်သည်။

ဒေသခံများကိုယ်တိုင်ရှာဖွေထားသော ရှီးပတီး ခေါ် (ပိုးနွယ်ရှင်) ဆေးကို ဝယ်ယူလိုပါက ဖုန်း -၀၉၄၃၁၇၀၇၄၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စာ - ၁၆ မှ »

သက်အန္တရာယ်ခြိမ်းခြောက်တဲ့ အဆင့်အထိတောင်ရှိနေပါတယ်။

**ငှက်ပျောခြံကိစ္စတွေနဲ့ ပတ်သက်ပြီး ရှေ့ဆက်ကိုင်တွယ်သွားမယ့် အစိုးရရဲ့ အစီအစဉ်ကိုလည်း သိပါရစေ။**

အထက်ကပြောခဲ့သလိုပဲ အဖွဲ့ဖွဲ့ထားတဲ့အစိုးရအနေနဲ့ ဘယ်လိုတွေလုပ်ဆောင်သွားမယ်ဆိုတာတွေကတော့ ကျွန်တော် မပြောနိုင်သေးပါဘူး။

**အခြား ဖြည့်စွက်ပြောလိုတာများရှိရင် ဖြည့်စွက်ပြောကြားပေးစေလိုပါတယ်။**

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်သူ့ဆန္ဒအသံကို အစိုးရကိုတင်ပြဖို့ တာဝန်ရှိလို့ တင်ပြနေတာပါ။ တစ်ဦးတစ်ယောက်ကို နစ်နာအောင်လုပ်တာ မဟုတ်ဘူး။ ငှက်ပျောခင်းကို လုံးဝရပ်ဖို့ပြောတာ မဟုတ်ပါဘူး။ ပြည်သူတွေနဲ့နိုင်ငံအတွက် စဉ်းစားပြီးတော့ ရပ်တန့်ရင်လည်း ဘာကြောင့်၊ ဆက်ပြီးတော့ ခွင့်ပြုပြီး စိုက်ခိုင်းရင်လည်း ဘာကြောင့်ဆိုတာကို ပြည်သူတွေကို ပွင့်ပွင့်လင်းလင်းချပြစေချင်ပါတယ်။ ဘယ်လုပ်ငန်းမဆို အကောင်းအဆိုးရှိတဲ့အတွက် အဲဒါကိုကောင်းစွာ ဆုံးဖြတ်ပြီး ကိုင်တွယ်ရမှာဖြစ်တယ်လို့ ပြောချင်ပါတယ်။

မွန်းမွန်းပန်

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)

BRAND NEW
SCANIA ( 2+1 ) VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

# ပြိုင်ပွဲမှ ရွေးချယ်ထားသော သရုပ်ဆောင်အသစ်များဖြင့် ဗီဒီယိုဇာတ်ကား စတင်ရိုက်ကူးနေ



မြစ်ကြီးနား၊ ဇူလိုင် ၉

ပထမဆုံးအကြိမ်ပြုလုပ်ခဲ့သည့် သရုပ်ဆောင်ပြိုင်ပွဲမှ ရွေးချယ်ထားသည့် သရုပ်ဆောင်အသစ်များသည် ဗီဒီယိုဇာတ်ကားများ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

ဇွန်လ ၁၆ ရက်က မြစ်ကြီးနားမြို့တွင် ပထမဆုံးအကြိမ်ကျင်းပခဲ့သည့် သရုပ်ဆောင်ရွေးချယ်ပွဲမှ သရုပ်ဆောင်သစ် ၁၅ ဦးသည် ယခုလမှစတင်ကာ I am Mother အမည်ရှိသော ဗွီဒီယိုဇာတ်ကားကို ရိုက်ကူးနေကြောင်း တာဝန်ခံဒါရိုက်တာ လယော်ခေါင်ဇယ်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ရွေးထားတဲ့လူ အယောက် ၃၀ မှာ ၁၅ ယောက်ကို ဆန်ကာတင်ရွေးထားတယ်။ ဆန်ကာတင်မပါတဲ့ ကျန် ၁၅ ယောက်ကို အရင်ဆုံး ဗီဒီယိုဇာတ်ကား ရိုက်ပေးနေတာပါ။ သူတို့ စိတ်ဓာတ်ကျမသွားအောင်ရယ်၊ နောက်နောင် ကျွန်တော်တို့အဖွဲ့နဲ့ ရှေ့ဆက်ပြီး လက်တွဲလုပ်နိုင်အောင်ရယ် လုပ်ပေးတဲ့သဘောပါ"ဟု ဒါရိုက်တာ လယော်ခေါင်ဇယ်က ပြောသည်။

I am Mother ဗီဒီယိုဇာတ်လမ်းမှာ ကချင် - မြန်မာ ဖက်စပ်ဇာတ်ကားဖြစ်ပြီး အမေ့မြူကျင့်မှုတစ်ခုကို ရှေ့နေလိုက်ပါဆောင်ရွက်သူ အမျိုးသမီးတစ်ဦးက ထိုအမှုကို မိခင်စိတ်ဖြင့် အကူအညီပေးခဲ့သော အဖြစ်အပျက်ကို ကျောရိုးထားသည့် ပညာပေးဗီဒီယိုဇာတ်ကားတစ်ကားဖြစ်ကာ မြစ်ကြီးနားမြို့နယ်အတွင်း ရိုက်ကူးထားသည်ဟု ဒါရိုက်တာလယော်ခေါင်ဇယ်ထံမှ သိရသည်။

Kachin World ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ ကြီးမှူးကျင်းပခဲ့သည့် ထိုသရုပ်ဆောင် ရွေးချယ်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် ပေါ်ပြူလာဆုများအပြင် ဗီဒီယိုဇာတ်ကား နှစ်ကားကိုရိုက်ကူးပေးသွားရန် စီစဉ်နေသည်ဟုလည်း ယင်းကဆက်ပြောပြသည်။

ထို သရုပ်ဆောင်ရွေးချယ်ပွဲကို မြစ်ကြီးနားမနောင်ကွင်းအတွင်းရှိ မနောကမ္ဘာစားသောက်ဆိုင်တွင် ဇွန် လ ၁၆ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင် အယောက် ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး လာမည့်နှစ်များတွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်း (ကချင်မြေ)

# ကျောက်မျက် အလွန်အကျွံ တူးဖော်မှုကြောင့် ယိုယွင်းလာသည့် ဖားကန့်အကြောင်း ဓာတ်ပုံပြပွဲ မြစ်ကြီးနားမြို့တွင် ကျင်းပမည်



မြစ်ကြီးနား၊ ဇူလိုင် ၁၀

ခေတ်အဆက်ဆက်က ဖားကန့်ဒေသတွင် ကျောက်မျက် အလွန်အကျွံ တူးဖော်ခဲ့သည့် အခြေအနေများနှင့် ပတ်သက်ပြီး အစိုးရနှင့်ပြည်သူများ သိရှိနိုင်ရန် ဓာတ်ပုံပြပွဲတစ်ခုကို ဇူလိုင် ၂၁ ရက်တွင် မြစ်ကြီးနားမြို့ Humanity Institute ခန်းမ၌ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သုံးရက်တိုင်ကျင်းပမည့် ယင်းပြပွဲတွင် ဓာတ်ပုံဆရာကိုဇော်(ဖားကန့်)၏ ၁၉၉၄ ခုနှစ်၏ အခြေအနေများ၊ ဦးစိုးဝင်းငြိမ်း၏ ၁၉၉၈ ခုနှစ်ဝန်းကျင်ပုံများနှင့် ဇော်မိုးထက်(ဖားကန့်)နှင့် ကိုညဏ်လှိုင်းတို့ ရိုက်ကူးထားသည့် ၂၀၁၀ ခုနှစ်နောက်ပိုင်း ဓာတ်ပုံပေါင်း ၈၀ ကျော်ကို "The Journey Of The Blood Jade" အမည်ဖြင့် ပြသရောင်းချသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ဖားကန့်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ၊ သဘာဝသယံဇာတကုန်ဆုံးတာတွေ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးနေတာတွေကိုပြည်သူနဲ့အစိုးရပိုင်းတွေကို သတိထားမိအောင်လို့ ဒီပြပွဲမှာ ဝင်ပြဖြစ်တာပါ။ ကျောက်စိမ်းနဲ့ပတ်သက်ရင် လက်တစ်ဆုပ်စာ လူတစ်စုကပဲ ချုပ်ကိုင်ထားတာတွေ အဲဒါတွေကို သိစေချင်လို့ပါ"ဟု ဓာတ်ပုံဆရာ ဇော်မိုးထက်(ဖားကန့်)က ပြောသည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတအခြေအနေများကို လေ့လာစောင့်ကြည့်နေသည့် Natural Resource Governance Institute(NRGI)နှင့် Humanity Institute မှ ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ဖားကန့်ဒေသနှင့် ပတ်သက်ပြီး မျက်ခြေမပြတ်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ကျောက်စိမ်းကျောက်မျက်ကဏ္ဍနဲ့ပတ်သက်ပြီး ပိုကောင်းမွန်လာအောင် ဆက်ပြီးလုပ်နေဖို့ နိုးကြားစေဖို့အတွက်ပါ။ အခုက ဓာတ်ပုံပညာရှင်တွေလည်း ပါဝင်လာတော့ ဒါကို ပြန်ပြီးပုံဖော်တဲ့အပိုင်းဖြစ်ပါတယ်။"ဟု Humanity Institute မှ တာဝန်ခံ ကိုမုန်ဒန်က ပြောသည်။

အထက်ပါပြပွဲကိုမေလ ၁၆ ရက်မှ ၁၈ ရက်နေ့က ရန်ကုန်မြို့တွင်ကျင်းပခဲ့ပြီးမန္တလေးမြို့တွင် ဇူလိုင်လ ၅ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

# အဆိုတော်တချို့က စစ်ရှောင်စခန်းများတွင် လိုက်လံဖျော်ဖြေ/ လှူဒါန်း

ဇူလိုင် ၉

အနုပညာရှင်တချို့သည် စစ်ရှောင်စခန်းများတွင် သီဆိုဖျော်ဖြေမှုပြုလုပ်ပြီး သီချင်းတောင်းရာမှ ရရှိလာသည့်အလှူငွေများကို စခန်းတွင်ပြန်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒုက္ခသည်စခန်းကနေ ကျွန်တော်တို့စခန်းမှာ လာဖျော်ဖြေပါလို့ခေါ်လို့ ကျွန်တော်တို့ အနုပညာရှင်အချို့ သွားဖျော်ဖြေတာ။ အဲ့ဒီမှာရတဲ့အလှူငွေတွေ သီချင်းတောင်းတဲ့ အလှူငွေတွေအားလုံး ရသလောက် ပြန်ပြီး စခန်းမှာ ပြန်လှူခဲ့တယ်။ ဘုရားသခင်ပေးထားတဲ့ အနုပညာနဲ့ စစ်ရှောင်ပြည်သူတွေအတွက် သီးသန့် သူတို့ကို အားပေးတယ်။ သူတို့နဲ့ တွေ့ဆုံကြတယ်။ သူတို့ခံစားနေရသလို ထပ်တူခံစားရလို့ အခုလို အခကြေးငွေမယူဘဲ သူတို့အတွက် သီးသန့်သွားဖျော်ဖြေတာဖြစ်တယ်"ဟု သရုပ်ဆောင် M လမ်းဘောမ်က ပြောသည်။

မန်ခိန်စစ်ရှောင်များ အတွက် ဇူလိုင်လ ၁၆ ရက်ညတွင် မန်ခိန်နှစ်ခြင်းအသင်းတော်ဟောခန်းတွင် သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

"အခုလို စစ်ရှောင်သူတွေအတွက် သွားရောက်ဖျော်ဖြေတာ ပျော်ပါတယ်။ သီချင်းသံက လူတိုင်းစိတ်ကို ပျော်စေတယ်။ အားအင်တွေပေးတယ်။ ကျွန်တော်တို့အမျိုးသားတွေ အခုလို စစ်ပြေးဒုက္ခရောက်နေတဲ့ချိန် ဘုရားသခင်ပေးထားတဲ့ အသံနဲ့ဖျော်ဖြေတာဖြစ်တယ်"ဟု တေးသံရှင် လဖိုင်လုဂျာက ပြောသည်။

သွားရောက် ဖျော်ဖြေရာတွင် အဆိုတော် လဖိုင်လုဂျာ၊ အဆိုတော် လခီထုရှန်တို့က အဓိက ဦးဆောင်ခဲ့ပြီး သရုပ်ဆောင်အမ်လန်းဘောမ်က ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ဖျော်ဖြေမှုကို နမ္မတီးရှိ နှစ်ခြင်း၊ ကက်သလစ်ဘုရားကျောင်းများနှင့် မြစ်ကြီးနားတန်ဖရဲ၊ တြိနီတီဘုရားကျောင်းများတွင် သီဆိုဖျော်ဖြေခဲ့ကြပြီး ကျန်စစ်ရှောင်စခန်းတွင်လည်း သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

လဖိုင်လု